

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ
# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
# ပြောကြားခဲ့သည့် မိန့်ခွန်းများ

( ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ )

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ
# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
# ပြောကြားခဲ့သည့် မိန့်ခွန်းများ

( ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ )

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စီစဉ်ထုတ်ဝေသည်။

**ပုံနှိပ်မှတ်တမ်း**

----------

**ထုတ်ဝေသည့်ခုနှစ်**

၂၀၂၁ ခုနှစ်၊ မတ်လ

**ထုတ်ဝေသည့်အကြိမ်**

ပထမအကြိမ်

**အုပ်ရေ**

၅၀၀၀ အုပ်

**ပုံနှိပ်**

ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန

Online တွင်ဖတ်ရှုရန် Scan ဖတ်ပါ။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ
# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
# ပြောကြားခဲ့သည့် မိန့်ခွန်းများ

## မာတိကာ


၁။ အမှာစာ ၅

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ် ၇

၃။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ် ၈


### မိန့်ခွန်းများ


၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် “အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ” အစည်းအဝေးတွင်ပြောကြားသည့် အမှာစကား ၉

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးတွင် ပြောကြားသည့် အဖွင့်အမှာစကား ၁၃

၃။ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် ညီနောင်အသင်းများမှ လုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ နိုင်ငံ့စီးပွားရေး ပြန်လည်တိုးတက်ကောင်းမွန်ရေးဆိုင်ရာများ ဆွေးနွေးပွဲတွင် ပြောကြားသည့် အမှာစကား ၁၇

၄။ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံပွဲတွင် ပြောကြားသည့် အမှာစကား ၂၁

၅။ မြန်မာနိုင်ငံဘဏ်များအသင်း နာယက၊ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ပုဂ္ဂလိကဘဏ်များမှ ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများ၊ တာဝန်ရှိသူများနှင့်တွေ့ဆုံပွဲတွင် ပြောကြားသည့် အမှာစကား ၂၄

၆။ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များအား တွေ့ဆုံပြီး နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေး၊ ငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေးတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည့် အမှာစကား ၂၇

၇။ စီမံခန့်ခွဲရေးအစည်းအဝေးတွင် ပြောကြားသည့်အမှာစကား ၃၄

၈။ နိုင်ငံတော်အခြေအနေအရပ်ရပ်အား ပြည်သူလူထုသို့ပြောကြားသည့် မိန့်ခွန်း ၃၇

၉။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီနှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး(သို့မဟုတ်) ပြည်နယ်အုပ်ချုပ်ရေးကောင်စီ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း(သို့မဟုတ်)ဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ ညှိနှိုင်းအစည်းအဝေးတွင် ပြောကြားသည့် အမှာစကား ၄၃
၁၀။ နိုင်ငံတော်အခြေအနေအရပ်ရပ်အား ပြည်သူလူထုသို့ ပြောကြားသည့် မိန့်ခွန်း ၄၇
၁၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ညှိနှိုင်းအစည်းအဝေးသို့ ပြောကြားသည့် အမှာစကား ၅၁
၁၂။ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ (၇၅)နှစ်မြောက် စိန်ရတုနှစ်ပတ်လည်နေ့အခမ်းအနားတွင် ပြောကြားသည့် အမှာစကား ၅၄
၁၃။ နိုင်ငံခြားရေးမူဝါဒကော်မတီ၏(၁/၂၀၂၁)ကြိမ်မြောက် အစည်းအဝေးတွင် ပြောကြားသည့် အမှာစကား ၅၈
၁၄။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ညှိနှိုင်းအစည်းအဝေး (၃/၂၀၂၁) တွင် ပြောကြားသည့် အမှာစကား ၆၂
၁၅။ စီးပွားရေးရာကော်မတီအစည်းအဝေးအမှတ်စဉ်(၁/၂၀၂၁)တွင် ပြောကြားသည့် အမှာစကား ၆၇
၁၆။ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေး(၂/၂၀၂၁)တွင် ပြောကြားသည့် အမှာစကား ၇၀
၁၇။ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီ (၁/၂၀၂၁) အစည်းအဝေးတွင် ပြောကြားသည့် အမှာစကား ၇၄

## သဝဏ်လွှာများ

၁။ (၇၄)နှစ်မြောက် ရှမ်းပြည်နယ်နေ့သို့ ပေးပို့သည့် သဝဏ်လွှာ ၇၉
၂။ (၇၄)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ ၈၁
၃။ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ (၇၅)နှစ်မြောက် စိန်ရတုအထိမ်းအမှတ်နေ့တွင် ပေးပို့သည့် သဝဏ်လွှာ ၈၄
၄။ (၇၃)နှစ်မြောက် ချင်းအမျိုးသားနေ့သို့ ပေးပို့သည့် သဝဏ်လွှာ ၈၆

U U U U U

# အမှာစာ

မြန်မာနိုင်ငံသည် ဒုတိယကမ္ဘာစစ်အပြီး ဒီမိုကရေစီ ဒုတိယလှိုင်းနှင့်အတူ ဒီမိုကရေစီနိုင်ငံအဖြစ် ပေါ်ထွက်ခဲ့သော်လည်း အချိန်ကာလအားဖြင့် ဆယ်စုနှစ်တစ်ခုခန့်သာ အသက်ဝင်နိုင်ခဲ့သည်။ ၁၉၆၂ ခုနှစ်နောက်ပိုင်း မြန်မာနိုင်ငံ၏ နိုင်ငံရေးရှုမျှော်ခင်းမှာ အမျိုးသားအချုပ်အခြာအာဏာ ခိုင်မာရှင်သန်ရေးအတွက် နိုင်ငံရေးလှိုင်းဂယက်များကြားတွင်သာ ကျင်လည်ခဲ့ကြရသည်။

၁၉၈၈ ခုနှစ်မှစ၍ တပ်မတော်က ပုံဖော်ထည်ဆောက်ပေးခဲ့သည့် မြန်မာ့ဒီမိုကရေစီအုတ်မြစ်သည် အတော်အတန် အရှိန်ရလာသော်လည်း ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲတွင် မဲစာရင်းမှားယွင်းမှုများရှိခြင်း၊ ပွင့်လင်းမြင်သာမှုအားနည်းခြင်း၊ ရွေးကောက်ပွဲနှင့်ပတ်သက်၍ တပ်မတော်၏ သဘောထားထုတ်ပြန်ချက်များအပေါ် ဖြေရှင်းဆောင်ရွက်ပေးရန် ပျက်ကွက်ခြင်း စသည့် အခြေအနေများကြောင့် ဒီမိုကရေစီခရီးလမ်း နှောင့်နှေးခဲ့ရပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုး တိုးတက်သော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီးတည်ဆောက်ရန် နှစ်ပေါင်းများစွာစိတ်အားထက်သန်လျက်ရှိကြသည်။ တစ်နည်းအားဖြင့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီးသည် နိုင်ငံတော်ရှိ တိုင်းရင်းသားပြည်သူ နိုင်ငံသားအားလုံးက မျှော်လင့်တောင့်တခဲ့ကြသည့် ပြည်ထောင်စုအိပ်မက်၊ လိုလားချက်များပင် ဖြစ်သည်။

တပ်မတော်သည် နိုင်ငံတော်၏ ခေတ်သမိုင်းအဆက်ဆက်တွင် အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍတွင် အစဉ်တစိုက် ပါဝင်ဆောင်ရွက်ခဲ့ပြီး ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ (၁)ရက်နေ့တွင် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ (၄၁၇) (၄၁၈)တို့အရ နိုင်ငံတော်၏ တာဝန်အရပ်ရပ်ကို မလွှဲမရှောင်သာ တာဝန်ယူဆောင်ရွက်ခဲ့ရပေသည်။

ယနေ့အချိန်တွင် တပ်မတော်သည် နိုင်ငံတော်နှင့် နိုင်ငံသားအားလုံး လိုလားသည့် ဒီမိုကရေစီလမ်းကြောင်းကို စစ်မှန်၍ စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ဖြင့် တည်ဆောက်ပေးနေသည့် အချိန်အခါဖြစ်သည်။ တစ်နည်းအားဖြင့် တပ်မတော်သည် မိမိတို့နိုင်ငံကို စစ်မက်ဖြစ်ပွားနေသည့် နိုင်ငံအဖြစ်မှ ငြိမ်းချမ်းသော ဖွံ့ဖြိုးတိုးတက်သော တိုင်းပြည်အဖြစ်သို့ ဝိုင်းဝန်းထူထောင် ကူးပြောင်းပေးလျက်ရှိသည်။ ပြည်တွင်းနိုင်ငံရေးဖြစ်စဉ်များတွင် ပြည်ပ ပယောဂ အနှောင့်အယှက်များ ကင်းရှင်းပြီး တိုင်းရင်းသား အချင်းချင်း/ နိုင်ငံသားအချင်းချင်း ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးအဖြေရှာရန်လည်း ဆောင်ကြဉ်းပေးနေသည်။ ယခုအခါ တပ်မတော်သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ဖွဲ့စည်း၍ လုပ်ငန်းစဉ်(၅)ရပ်၊ ဦးတည်ချက်(၉)ရပ်တို့ဖြင့် နိုင်ငံ့တာဝန်ကို ထမ်းဆောင်လျက်ရှိသည်ကို အားလုံးအသိပင်ဖြစ်သည်။

ဤစာအုပ်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလအတွင်း ပြောကြားခဲ့သည့် မိန့်ခွန်းများ၊ အမှာစကားများကို စုစည်းထုတ်ဝေလိုက်ပါသည်။ နိုင်ငံ့တာဝန် ထမ်းဆောင်နေကြသည့် ဝန်ထမ်းများ၊ ပြည်သူများအနေဖြင့် ဤစာအုပ်ပါ ဖော်ပြချက်များကို လေ့လာဖတ်ရှုခြင်းအားဖြင့် နိုင်ငံတော်၏ ပကတိအခြေအနေကို ရှုမြင်သုံးသပ်ဆင်ခြင်နိုင်ရုံ သာမက တည်ငြိမ်မှု၊ ဖွံ့ဖြိုး တိုးတက်မှုနှင့် စစ်မှန်သည့် ဒီမိုကရေစီစနစ် အကောင်အထည်ဖော်ဆောင်မှု လုပ်ငန်းစဉ်များတွင် နိုင်ငံသားတစ်ဦးအနေဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက် ကြလိမ့်မည်ဟု ယုံကြည်မျှော်လင့်လျက် စီစဉ်ထုတ်ဝေလိုက်ရပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

U U U U U

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
# ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေး လုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့် ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
# ဦးတည်ချက် (၉) ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

( ခ ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ် တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထား လုပ်ဆောင်ရေး

( ဂ ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး “မူ”ကို ဆက်လက် လိုက်နာ ကျင့်သုံးရေး

**၂။ စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

( ခ ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး

( ဂ ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

**၃။ လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး

( ခ ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစား လိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး

( ဂ ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် “အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ” အစည်းအဝေးတွင် ပြောကြားသည့် တင်ပြချက်

(၁-၂-၂၀၂၁)



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် “အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ” အစည်းအဝေးကို ဖေဖော်ဝါရီလ ၁ ရက်နေ့ နံနက်ပိုင်းတွင် နိုင်ငံတော်သမ္မတအိမ်တော်၌ ကျင်းပပြုလုပ်ခဲ့သည်။

အစည်းအဝေးသို့ နိုင်ငံတော် ယာယီသမ္မတ ဦးမြင့်ဆွေ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီအဖွဲ့ဝင်များ တက်ရောက်ခဲ့သည်။

အစည်းအဝေးတွင် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က နိုင်ငံတော်၏ ဖြစ်ပေါ်နေသည့် အခြေအနေများနှင့်ပတ်သက်ပြီး တင်ပြရာတွင် မြန်မာ့တပ်မတော်သည် ပြည်သူနှင့် ပတ်သက်လာလျှင် “ပြည်သူသာအမိ၊ ပြည်သူသာအဖ”ဟူသောဆောင်ပုဒ်ကို ခေတ်အဆက်ဆက် ဦးထိပ်ထား ဆောင်ရွက်ခဲ့ပါကြောင်း၊ ပြည်သူတို့ လိုလားတောင်းဆိုသော “ပါတီစုံဒီမိုကရေစီစနစ်” ကို ဆွေးနွေးညှိနှိုင်းခြင်း နည်းလမ်းများ၊ ဥပဒေလုပ်ထုံးလုပ်နည်းများအရဆောင်ရွက်ခြင်း နည်းလမ်းတည်းဟူသော နိုင်ငံရေးယဉ်ကျေးမှုများဖြင့် တည်ငြိမ်အေးချမ်းစွာ အသွင်ကူးပြောင်းပေးခဲ့ပါကြောင်း ဦးစွာပြောကြားသည်။

**ပြဋ္ဌာန်းထား**

ထို့နောက် ၂၀၁၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၊ ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၊ ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲနှင့် ၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲတို့ကို အောင်မြင်စွာ ကျင်းပပေးခဲ့ပါကြောင်း၊ ၎င်းရွေးကောက်ပွဲများ၌ ကြီးမားသည့် ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွား မှုများမရှိခဲ့ဘဲ သာမန်အငြင်းပွားမှုများကိုသာ တွေ့ရှိခဲ့ရပြီး အဆိုပါ ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှု

များကိုလည်း သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်နှင့် တာဝန်ရှိသူများက ဥပဒေနှင့်အညီ ဖြေရှင်းပေးခဲ့ပါကြောင်း၊ ပါတီစုံ ဒီမိုကရေစီစနစ်ကို ကျင့်သုံးရာတွင် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲသည် ၎င်းစနစ်၏ အသက်ပင် ဖြစ်ပါကြောင်း၊ လွတ်လပ်၍ တရားမျှတသောရွေးကောက်ပွဲ ဖြစ်မှသာလျှင် ပြည်သူ့ဆန္ဒအစစ်အမှန်ကို ထင်ဟပ် ပေါ်လွင်စေမည် ဖြစ်ပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၄ အရ "နိုင်ငံတော်၏ အချုပ်အခြာအာဏာသည် နိုင်ငံသားများထံမှ ဆင်းသက်ပြီး နိုင်ငံတော်တစ်ဝန်းလုံး၌ တည်သည်"ဟု ပြဋ္ဌာန်းထားပါကြောင်း၊ နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ကိုင်တွယ်ကျင့်သုံးမည့် အစိုးရအဖွဲ့၊ သက်ဆိုင်ရာလွှတ်တော်အသီးသီး၊ ပြည်ထောင်စု နှင့် တိုင်းဒေသကြီး/ပြည်နယ်အဆင့်အဖွဲ့အစည်းအသီးသီးတို့ကိုရွေးကောက်ပွဲဖြင့် တိုက်ရိုက်၍ သော်လည်း ကောင်း၊ သွယ်ဝိုက်၍ သော်လည်းကောင်း၊ ပြည်သူက ရွေးချယ်ရခြင်း ဖြစ်ပါကြောင်း၊ ၎င်းရွေးကောက်ပွဲသည် လွတ်လပ်၊ သန့်ရှင်း၊ တရားမျှတမှသာ ပြည်သူ့ဆန္ဒ အစစ်အမှန်ကို ထင်ဟပ်ပေါ်လွင်လျက် အချုပ်အခြာ အာဏာသည် ပြည်သူ/နိုင်ငံသားများထံမှ စစ်မှန်သည့် ဆင်းသက်ခြင်းမျိုး ဖြစ်ပါကြောင်း။

ယခုကျင်းပပြီးစီးခဲ့သည့် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင်မူ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ တရားဝင်ထုတ်ပြန်ခဲ့သော မဲစာရင်းအပေါ် စိစစ်ချက်များအရ မဲမသမာမှုပြုနိုင်သည့် မဲစာရင်းပေါင်း ၁၀၄၈၂၁၀၆ (တစ်ဆယ်သန်းလေးသိန်းကျော်) ရှိခဲ့ပါကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ တရားဝင်ထုတ်ပြန်ချက်အရ မဲပေးပိုင်ခွင့်ရှိသူ ဦးရေ ၃၈ သန်းရှိပြီး ၎င်းအနက် ၁၀ သန်းကျော် မဲမသမာမှု ဖြစ်နိုင်ကြောင်း စိစစ်တွေ့ရှိချက်မှာ မဲပေးပိုင်ခွင့်ရှိသူ လူပမာဏ၏ လေးပုံတစ်ပုံကျော် (၂၅ % ကျော်) မဲမသမာမှု ဖြစ်နိုင်နေခြင်း ဖြစ်ပါကြောင်း၊ ၎င်းကိစ္စသည် သာမန်မှားယွင်းမှု၊ သာမန်အငြင်းပွားနိုင်မှုမဟုတ်သည်ကို ပြည်သူလူထုတစ်ရပ်လုံး တွေ့မြင်နိုင်ပါကြောင်း၊ ထိုသို့တွေ့မြင်နိုင်အောင်လည်း တပ်မတော်အနေဖြင့် ပွင့်လင်းမြင်သာစွာ စိစစ်တွေ့ရှိချက် စာရင်းဇယားများ ထုတ်ပြန်ခြင်း ၃၀ ကြိမ်၊ သဘောထားထုတ်ပြန်ချက်များ ထုတ်ပြန်ခြင်းအား ရွေးကောက်ပွဲမတိုင်မီ ၂ ကြိမ်၊ ရွေးကောက်ပွဲအပြီး ၄ ကြိမ်၊ စုစုပေါင်း ၆ ကြိမ်၊ တရားဝင် ထုတ်ပြန်ခဲ့ပါကြောင်း၊ တပ်မတော်သတင်းစာရှင်းလင်းပွဲများ၌လည်း ပြည်တွင်း၊ ပြည်ပမီဒီယာ ၅၀ ကျော်ရှေ့တွင် သက်သေအထောက်အထား ခိုင်ခိုင်လုံလုံဖြင့် ပွင့်လင်းမြင်သာစွာ ရှင်းလင်းပြသခဲ့ပြီးဖြစ်ပါကြောင်း။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အနေဖြင့် ပါတီစုံဒီမိုကရေစီစနစ်၏ အုတ်မြစ်ဖြစ်သော ရွေးကောက်ပွဲအား လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲဖြစ်စေရေး၊ ရိုးသားသည့် နိုင်ငံရေးဖြစ်စေရေး ရွေးကောက်ပွဲမတိုင်မီကပင် အကြိမ်ကြိမ် ပြောကြားခဲ့ပါကြောင်း၊ "လွတ်လပ်၍ တရားမျှတသောရွေးကောက်ပွဲ" ဖြစ်ခဲ့ခြင်း ရှိ/ မရှိကို ရွေးကောက်ပွဲကျင်းပသည့်ရက် ၁ ရက်တည်းကြည့်ပြီး ဆုံးဖြတ်၍ မရနိုင်ပါကြောင်း၊ ရွေးကောက်ပွဲမတိုင်မီ မဲဆွယ်စည်းရုံးရေးကာလ၊ ရွေးကောက်ပွဲရက်ကာလ၊ ရွေးကောက်ပွဲအပြီးကာလ အနည်းဆုံးကာလ ၃ ခု၌ လွတ်လပ်၍ တရားမျှတမှု ရှိ/ မရှိ၊ သံသယကင်းကင်း၊ သန့်သန့်ရှင်းရှင်း ရှိ/မရှိ သုံးသပ်စိစစ်ရမည်ဖြစ်ပါကြောင်း၊ ကျင်းပပြီးစီးခဲ့သည့် ရွေးကောက်ပွဲတွင် ၎င်းအချိန်ကာလ ၃ ခုလုံး၌ လွတ်လပ်မှု၊ တရားမျှတမှု၊ သန့်ရှင်းမှုများအပေါ် အငြင်းပွားဖွယ်ဖြစ်ပါကြောင်း၊ ထို့ကြောင့်လည်း ယနေ့အထိ ရွေးကောက်ပွဲနှင့်ပတ်သက်၍ နိုင်ငံရေးပါတီ ၂၀ ပါတီမှ ကြေညာချက် ၂၆ စောင် ထုတ်ပြန်ပြီး ရွေးကောက်ပွဲဆိုင်ရာ မဲမသမာမှုပြုနိုင်သည့် စာရင်းများကို ရှင်းလင်းပြီးစီးမှု မပြီးမချင်း တတိယအကြိမ်လွှတ်တော်ကို ဆိုင်းငံ့ထားရန် တောင်းဆိုခဲ့ပြီးဖြစ်ပါကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ဆောင်ရွက်ချက်များနှင့် ပတ်သက်၍လည်း ၁၀-၁၁-၂၀၂၀ ရက်နေ့မှ ၂၉-၁-၂၀၂၁ ရက်နေ့အထိ မြို့နယ် ၉၉ မြို့နယ်၌ ဆန္ဒဖော်ထုတ်မှု ၁၂၄ ကြိမ် ပြုလုပ်ခဲ့သည်ကို တွေ့ရှိရပါကြောင်း။

**သဘောထားထုတ်ပြန်ကြေညာ**

တပ်မတော်အနေဖြင့်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့် တည်ဆဲဥပဒေများကို လေးစားလိုက်နာလျက် "လွတ်လပ်၍တရားမျှတသောရွေးကောက်ပွဲ" ဖြစ်စေရေး ဥပဒေပြဋ္ဌာန်းချက်များကို မကျော်လွန်စေဘဲ ၂-၁၁-၂၀၂၀ ရက်နေ့တွင် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ အကြိုကာလ၌ ဖြစ်ပေါ်နေသည့် အခြေ

အနေများ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က တည်ဆဲဥပဒေများကိုကျော်လွန်၍ ညွှန်ကြားချက် အမျိုးမျိုး ထုတ်နေမှုများ၊ ကြိုတင်မဲပေးချိန်၌ ကြုံတွေ့နေရသည့် ဥပဒေနှင့်မညီညွတ်မှုများအား ပြည်ထောင်စုအစိုးရ အဖွဲ့နှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တို့အား သဘောထားထုတ်ပြန်ကြေညာခြင်း၊ ၂-၁၁-၂၀၂၀ ရက်နေ့တွင် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်း အသီးသီးအား လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲ ဖြစ်စေရေးအတွက် ဒေသခံတိုင်းရင်းသားပြည်သူများအား ခြိမ်းခြောက်မှု မပြုစေရေးနှင့် နိုင်ငံရေးပါတီများ မဲဆွယ် စည်းရုံးလှုပ်ရှားခွင့် ရရှိစေရေးဆောင်ရွက်ပေးရန် သဘောထားထုတ်ပြန်ကြေညာခြင်း၊ ၃၀-၁၁-၂၀၂၀ ရက်နေ့တွင် ရွေးကောက်ပွဲအငြင်းပွားမှုများ ဖြေရှင်းနိုင်ရန်နှင့် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲအဖြစ် အများပြည်သူ သံသယကင်းရှင်းစွာ အသိအမှတ်ပြုနိုင်ရေး သက်သေခံဥပဒေပုဒ်မ ၇၄ နှင့် ၇၆ တို့အရ စာရွက်စာတမ်းများ ကူးယူခွင့်တောင်းခံသည့် သဘောထား ထုတ်ပြန်ချက်ထုတ်ပြန်ခြင်း၊ ၁၀-၁၂-၂၀၂၀ ရက်နေ့တွင် ရွေးကောက်ပွဲကော်မရှင်မှ စာရွက်စာတမ်းကူးယူခွင့်များကို ခွင့်မပြုသဖြင့် ၎င်းစာရွက်စာတမ်းများအား ကူးယူခွင့်တောင်းခံခြင်းမှာ နိုင်ငံသားတစ်ဦး၏ ဥပဒေနှင့်အညီ ဆန္ဒမဲပေးပိုင်ခွင့် အခွင့်အရေးနှင့် ကန့်ကွက်ပိုင်ခွင့် အခွင့်အရေးတို့အရ တောင်းခံခြင်းဖြစ်သည့်အတွက် ဆောင်ရွက်ပေးနိုင်ပါရန် တိုက်တွန်းသည့် သဘောထားထုတ်ပြန်ခြင်း၊ ၁၄-၁-၂၀၂၁ ရက်နေ့တွင် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များနှင့် နိုင်ငံရေးပါတီများမှ လွှတ်တော်ကိုယ်စားလှယ် ၂၀၃ ဦးတို့က ၁၁-၁-၂၀၂၁ ရက်နေ့၌ အခြေခံဥပဒေနှင့်အညီ ပြည်ထောင်စုလွှတ်တော် အထူးအစည်းအဝေး ခေါ်ယူရန် တင်ပြချက်အား ငြင်းဆန်မှုအပေါ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဆန့်ကျင်ခြင်း ရှိ/ မရှိပြန်လည်ဆန်းစစ်ပေးရန် သဘောထားထုတ်ပြန်ခြင်း၊ ၂၀-၁-၂၀၂၁ ရက်နေ့တွင် တပ်မတော်၏ ရွေးကောက်ပွဲအပေါ် စိစစ်တွေ့ရှိချက်များ၊ မဲမသမာမှု ဖြစ်စေနိုင်သည့်စာရင်းများ ထုတ်ပြန်နေရခြင်းမှာ လွတ်လပ်၍ တရားမျှတပြီး ပွင့်လင်းမြင်သာသည့် အထွေထွေရွေးကောက်ပွဲရလဒ်ကို သံသယကင်းရှင်းစွာ အသိအမှတ်ပြုလိုခြင်းကြောင့်ဖြစ်ပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဖြေရှင်းပေးရန်နှင့် လွတ်လပ်၍ တရားမျှတပြီး ပွင့်လင်းမြင်သာသည့် ရွေးကောက်ပွဲရလဒ်ဖြစ်ကြောင်း ထုတ်ဖော်ပြသနိုင်မည်ဆိုလျှင် ပြည်သူ့ဆန္ဒအစစ်အမှန်ကို ထင်ဟပ်မည်ဖြစ်၍ တပ်မတော်နှင့် အခြားသော နိုင်ငံရေးပါတီများအနေဖြင့် ပြည်သူ့ဆန္ဒနှင့်အညီ လက်ခံသွားမည်ဖြစ်၍ နိုင်ငံတော်နှင့် နိုင်ငံသားများ၏အကျိုးစီးပွားကို ရှေးရှု၍ ပြည်ထောင်စုလွှတ်တော်ကသော်လည်းကောင်း၊ နိုင်ငံတော်အစိုးရကသော်လည်းကောင်း၊ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က သော်လည်းကောင်း နည်းလမ်းရှာဖြေရှင်းပေးပါရန် သဘောထားထုတ်ပြန်ခြင်းတို့ကိုဆောင်ရွက်ခဲ့ပါကြောင်း၊ တပ်မတော်အနေဖြင့် ၎င်းထုတ်ပြန်ချက်များအား ထုတ်ပြန်ခဲ့သည့်အပြင် အစိုးရအဖွဲ့ထံ အထက်ပါကိစ္စများကို ဖြေရှင်းပေးနိုင်ရေးအတွက် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေးအား ခေါ်ယူပေးပါရန် တင်ပြခဲ့ပါကြောင်း ပြောကြားသည်။

**တပ်မတော်အနေဖြင့်**
**ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)**
**ပုဒ်မ ၄ အရ “နိုင်ငံတော်၏**
**အချုပ်အခြာအာဏာသည် နိုင်ငံသားများထံမှ**
**ဆင်းသက်ပြီး နိုင်ငံတော်တစ်ဝန်းလုံး၌**
**တည်စေရန်”ကိုလည်းကောင်း၊**
**ပုဒ်မ ၆ (ဃ)နှင့် ပုဒ်မ ၇ တို့အရ**
**“စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံ**
**ဒီမိုကရေစီစနစ်ထွန်းကားရေး” ကို**
**လည်းကောင်း၊ ပုဒ်မ ၆ (စ)အရ**
**“နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေး**
**ဦးဆောင်မှုအခန်းကဏ္ဍတွင် တပ်မတော်က**
**ပါဝင်ထမ်းဆောင်နိုင်ရေးတို့ကို**
**အစဉ်တစိုက်ဦးတည်သည်”ကိုလည်းကောင်း**
**လိုက်နာဆောင်ရွက်လျက်ရှိ။**

ဆက်လက်ပြောကြားရာတွင် တပ်မတော်အနေဖြင့် ကြေညာချက်များထုတ်ပြန်၍ ဥပဒေလုပ်ထုံးလုပ်နည်းများ အတိုင်း ရွေးကောက်ပွဲနှင့် တိုက်ရိုက်သက်ဆိုင်သည့် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အား ဖြေရှင်းပေးရန် ပထမအဆင့် ပြောကြားခဲ့ပါကြောင်း၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က ဖြေရှင်းပေးရန်ငြင်းဆန်သည့် အခါ ပြည်ထောင်စုလွှတ်တော်မှတစ်ဆင့် ဖြေရှင်းပေး နိုင်ပါရန် ဆောင်ရွက်ခဲ့ပါကြောင်း၊ ပြည်ထောင်စုလွှတ်တော် အနေဖြင့် ဥပဒေနှင့်အညီ တောင်းဆိုသည့် ပြည်ထောင်စု လွှတ်တော် အထူးအစည်းအဝေးခေါ်ယူပေးရန် ငြင်းဆန် သည့်အခါ လက်ရှိကြုံတွေ့နေရသော အခြေအနေများကို နိုင်ငံတော်အစိုးရ၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် တစ်ခုခုက နည်းလမ်းရှာဖြေရှင်း ပေးပါရန် တောင်းဆိုခဲ့ပါကြောင်း၊ ၎င်းအဆင့်အားလုံး ငြင်းပယ်ခံရသည့်အခါ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံ ရေးကောင်စီတွင် အဓိကတာဝန်ရှိသော သမ္မတဦးစီးသည့် အရပ်ဘက်၊ စစ်ဘက်အားလုံးကို ကိုယ်စားပြုသော "အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ" အစည်း အဝေးခေါ်ယူ၍ တွေ့ဆုံဆွေးနွေးကြရန် တင်ပြခဲ့ပါကြောင်း၊ တပ်မတော်အနေဖြင့် ဤသို့ လုပ်ထုံး၊ လုပ်နည်း၊ ဥပဒေ များနှင့်အညီ အဆင့်ဆင့်ဆောင်ရွက်ခဲ့ပါကြောင်း။

**လိုက်နာဆောင်ရွက်**

တပ်မတော်အနေဖြင့် ဖွဲ့စည်းပုံ အခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၄ အရ "နိုင်ငံတော်၏ အချုပ်အခြာ အာဏာသည် နိုင်ငံသားများထံမှ ဆင်းသက်ပြီး နိုင်ငံတော် တစ်ဝန်းလုံး၌ တည်စေရန်" ကို လည်းကောင်း၊ ပုဒ်မ ၆ (ဃ)နှင့် ပုဒ်မ ၇ တို့အရ "စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ထွန်းကားရေး" ကို လည်းကောင်း၊ ပုဒ်မ ၆ (စ)အရ "နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍတွင် တပ်မတော်က ပါဝင်ထမ်း ဆောင်နိုင်ရေးတို့ကို အစဉ်တစိုက်ဦးတည်သည်" ကို လည်းကောင်း လိုက်နာဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ၌ ဖြစ်ပွားခဲ့သော မဲမသမာမှုဖြစ်နိုင်သည့်စာရင်း ၁၀၄၈၂၁၁၆ (တစ်ဆယ်သန်း လေးသိန်းကျော်) အား တာဝန်ရှိသူအဆင့်ဆင့်က ဖြေရှင်း ပေးမှုမရှိဘဲ လွှတ်တော်အသီးသီးအား ခေါ်ယူခြင်း၊ အစိုးရ ဖွဲ့ရန် ကြိုးစားခြင်းတို့သည် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၄၀ (ဂ) နှင့် ပုဒ်မ ၄၁၇ ပါ "နိုင်ငံတော် အာဏာကို အဓမ္မနည်းဖြင့် ရယူရန် ဆောင်ရွက်ခြင်း" ဖြစ်ပါကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတက တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၏ တင်ပြချက်အား သုံးသပ်ဆွေး နွေးပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၄၁၇ အရ နိုင်ငံတော်အား အရေးပေါ်အခြေအနေ ကြေညာပြီး ပုဒ်မ ၄၁၈၊ ပုဒ်မခွဲ(က)အရ နိုင်ငံတော်၏ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအာဏာတို့အား တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ထံ လွှဲအပ်တာဝန်ပေးလိုက်ကြောင်း ပြောကြားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဆက်လက်တင်ပြဆွေးနွေးရာတွင် တပ်မတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပါ ပြဋ္ဌာန်းချက် များအား လေးစားလိုက်နာလျက် နိုင်ငံတော်၏ တာဝန် အရပ်ရပ်အား ယာယီသမ္မတမှ လွှဲပြောင်းတာဝန်ပေးထား သည့် ယနေ့မှစ၍ စတင်ဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်တာဝန်ဆောင်ရွက်ခြင်းအား ဖွဲ့စည်းပုံအခြေခံ ဥပဒေ (၂၀၀၈ ခုနှစ်) ပါ ပြဋ္ဌာန်းချက်များနှင့် ဖွဲ့စည်းပုံ အခြေခံဥပဒေကို ကျော်လွန်ခြင်းမရှိသော တည်ဆဲဥပဒေ များအတိုင်း လိုက်နာဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း နှင့် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီ စနစ်ကို တရားမျှတမှုအပြည့်ဖြင့် တည်ဆောက်သွားမည် ဖြစ်ပြီး အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့် အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်၍တရားမျှတသော အထွေထွေရွေးကောက်ပွဲအား ကျင်းပပေးသွားမည် ဖြစ်ပြီး ရွေးကောက်ပွဲတွင် အနိုင်ရနိုင်ငံရေးပါတီအား နိုင်ငံတော်တာဝန်ကို လွှဲပြောင်းပေးသွားမည် ဖြစ်ပါ ကြောင်းဖြင့် တင်ပြဆွေးနွေးပြောကြားခဲ့ကြောင်း တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရှိရသည်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးတွင်ပြောကြားသည့် အဖွင့်အမှာစကား

(၂-၂-၂၀၂၁)



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးကို ဖေဖော်ဝါရီလ ၂ ရက်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော်၊ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက် အမှာစကား ပြောကြားသည်။

အဆိုပါအစည်းအဝေးသို့ယာယီသမ္မတဦးမြင့်ဆွေ၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်၊ ဦးဝဏ္ဏမောင်လွင်၊ ဦးဝင်းရှိန်၊ ဦးကိုကိုလှိုင်၊ ဦးချစ်နိုင်၊ ဦးကိုကို၊ ဦးမြင့်ကြိုင်နှင့် ဒေါက်တာသက်ခိုင်ဝင်းတို့ တက်ရောက်ကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အစည်းအဝေး အဖွင့်အမှာစကား ပြောကြားရာတွင် တပ်မတော်မှ တာဝန်ယူပြီးနောက်ပိုင်း အစိုးရအဖွဲ့၏ အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေးပိုင်းဆိုင်ရာများ ဆောင်ရွက်နိုင်ရန်အတွက် ပြည်ထောင်စုဝန်ကြီးများ တာဝန်ပေးခန့်အပ်ခြင်းဖြစ်ပြီး ယခုခန့်အပ်ခြင်းခံရသည့် ပြည်ထောင်စုဝန်ကြီးများသည် နိုင်ငံတော်အတွက်၊ တိုင်းပြည်အတွက် အမှန်တကယ် ဆောင်ရွက်နိုင်မည့်ပုဂ္ဂိုလ်များဖြစ်သည်ကို ယုံကြည်ကြောင်း၊ အားလုံးသည်အတွေ့အကြုံရှိပြီး၊ အရည်အချင်းရှိသည့် ပုဂ္ဂိုလ်များဖြစ်ကြောင်း၊ မိမိတို့၏အတွေ့အကြုံနှင့် အရည်အချင်းများကို အသုံးချပြီး မိမိတို့ကျရာကဏ္ဍအလိုက် ဆောင်ရွက်ရန်အတွက် တာဝန်ပေးအပ်ခြင်းဖြစ်ကြောင်း၊ အစိုးရတစ်ရပ်သည် စုပေါင်း ဦးဆောင်မှုဖြင့် ဆောင်ရွက်ခြင်းသည် ပိုမိုကောင်းမွန်ကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများအလိုက် တာဝန်ယူ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ စုပေါင်းတိုင်ပင်ဆွေးနွေးပြီး တိုင်းပြည်အတွက် ကောင်းအောင်ဆောင်ရွက်မည် ဆိုသည့်မူနှင့်သာ သွားစေချင်ကြောင်း၊ အဓိကမှာ တိုင်းပြည်အနေနှင့် ဖြတ်သန်းလာရသည့် ဒီမိုကရေစီအစိုးရနှစ်ခု၏ တိုင်းပြည်၏ အတွေ့အကြုံနှင့် နိုင်ငံတကာ၏ အတွေ့အကြုံများကို ကြည့်ပြီး ကောင်းသည့်အချက်များကို ပိုပြီးခိုင်ခိုင်မာမာ

ဖြစ်အောင် ကောင်းအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အကောင်းရှိသလို အဆိုးများလည်းရှိကြောင်း အစိုးရ၏ ဆောင်ရွက်ချက်များအပေါ် ပြည်သူများနှင့် နိုင်ငံတကာ၏ တုံ့ပြန်ချက်များရှိကြောင်း၊ နိုင်ငံတကာနှင့် ဆက်ဆံရာတွင် မိမိတို့နိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒဖြစ်သည့် လွတ်လပ်၍ တက်ကြွသော နိုင်ငံခြားရေးမူဝါဒ၊ ကြားနေမူဝါဒနှင့် ဆောင်ရွက်မည်ဖြစ်ကြောင်း၊ နိုင်ငံအားလုံးနှင့် မိတ်ဝတ် မပြတ်ဆက်ဆံရေး၊ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီး(၅)ရပ် အပေါ်တွင် ခိုင်ခိုင်မာမာရပ်တည်၍ မိမိတို့ နိုင်ငံ၏ ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာ လျှောက်လှမ်းရန်ဖြစ်ကြောင်း၊ ဒီမိုကရေစီလမ်းကြောင်း ဆိုရာတွင် မိမိတို့နိုင်ငံနှင့်ကိုက်ညီသည့် ဒီမိုကရေစီ လမ်းကြောင်းကို ပြောခြင်းဖြစ်ကြောင်း၊ ကိုယ့်နိုင်ငံ၏ Stand အပေါ်တွင်သာယူပြီး သွားရမည်ဖြစ်ကြောင်း၊ မိမိ တို့အနေဖြင့် လွတ်လပ်ပြီးတက်ကြွသည့် ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒနှင့်သာ ဆောင်ရွက်မည်ဖြစ်ကြောင်း၊ မိမိတို့သည် ကြားကာလ တာဝန်ယူရသော အဖွဲ့အစည်း ဖြစ်သဖြင့် မှားယွင်းဆောင်ရွက်၍မရဘဲ အလေးထား ဆောင်ရွက်ရန် လိုကြောင်း၊ ဒီမိုကရေစီစနစ်ကို လျှောက် လှမ်းရာတွင် မြန်မာနိုင်ငံ၏ ပကတိအခြေအနေနှင့် ကိုက်ညီသည့် ဒီမိုကရေစီစနစ်ကို သွားရန်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် မိမိတို့အနေဖြင့် ထိန်း သိမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**သမာသမတ်ရှိစွာဖြင့်ဆောင်ရွက်**

ထို့နောက် ရွေးကောက်ပွဲနှင့်ပတ်သက်၍ မှာကြား ရာတွင် မဲစာရင်းမှားယွင်းမှုများကို ဖော်ထုတ်ဆောင်ရွက် မည်ဖြစ်ကြောင်း၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် အား အသစ်ပြန်လည်ဖွဲ့စည်းပြီး ဆောင်ရွက်မှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲနှင့် ပတ်သက်ပြီး မဲစာရင်းစိစစ်မှုများနှင့်ပတ်သက်၍ တပ်မတော်မှ ထုတ်ပြန်ချက်များသည် ခိုင်မာမှုရှိကြောင်း၊ မဲစာရင်းမှားယွင်းမှုများအား တပ်မတော်မှ စတင်သိရှိ ချိန်တွင် ရှင်းလင်းဆောင်ရွက်နိုင်ရန်အတွက် ထုတ်ပြန် ချက်များထုတ်ပြန်ခဲ့ကြောင်း၊ သို့သော် ယခင်ရွေးကောက်ပွဲ ကော်မရှင်မှ တုံ့ပြန်မှုမရှိခဲ့ကြောင်း၊ မြို့နယ် ၃၁၄ မြို့နယ်ကို စိစစ်ဆောင်ရွက်ခဲ့ကြောင်း၊ တပ်မတော်၏ စစ်ဆေးတွေ့ရှိ ချက်များတွင် နည်းပညာအရ ကွန်ပျူတာ၏ ဖတ်ရှုမှု Error အနည်းငယ်မှလွဲ၍ ကြီးမားစွာမှားယွင်းမှုမရှိကြောင်း၊ အဆိုပါကိစ္စရပ်နှင့် ပတ်သက်၍ သမာသမတ်ရှိသည့် လူပုဂ္ဂိုလ်များဖြင့် စစ်ဆေးပြီး ရလဒ်များ ထွက်ပေါ်လာ ပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ မဲစာရင်းများအား ဆောင်ရွက်ရာတွင် လူဦးရေစာရင်းများ မှန်မှန်ကန်ကန်ရှိစေရန်အတွက် လည်း အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့ အင်အားဝန်ကြီးဌာနမှ ၂၀၁၄ ခုနှစ်သန်းခေါင်စာရင်းနှင့် ၂၀၁၉ ခုနှစ် ရွှေ့ပြောင်းသန်းခေါင်စာရင်းများအပေါ် မူတည်၍ စာရင်းများမှန်မှန်ကန်ကန်ဖြစ်အောင် ဆောင်ရွက်ရန် လိုကြောင်း၊ မှတ်ပုံတင်မရရှိသေးသည့် နိုင်ငံသားများအား အမြန်ဆုံးရရှိအောင် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ အထူးသဖြင့် တိုင်းရင်းသားဒေသများတွင် မှတ်ပုံတင် မရရှိသေးသည့် တိုင်းရင်းသားများရှိကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင်လည်း သမာသမတ်ရှိစွာဖြင့် ဆောင်ရွက် ရန်လိုကြောင်း ပြောကြားသည်။

**စီမံဆောင်ရွက်ကြရမည်ဖြစ်**

ဆက်လက်၍ COVID-19 ရောဂါကာကွယ် ထိန်းချုပ်ကုသရေးနှင့် ပတ်သက်၍ မှာကြားရာတွင် ယခုအခါ COVID-19 ကပ်ရောဂါ ကာကွယ်ထိန်းချုပ် ကုသရေးအား အရှိန်အဟုန်မပြတ် ဆက်လက်ဆောင်ရွက် ရမည်ဖြစ်ကြောင်း၊ COVID-19 ရောဂါကာကွယ်ရေး နှင့်ပတ်သက်၍ ထုတ်ပြန်ထားသည့်အမိန့်များသည် ပြင်ဆင်ချက်မထုတ်ပြန်မီ အချိန်အထိ အတည်ပင် ဖြစ်ကြောင်း၊ ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများ ကိုလည်း စည်းကမ်းများနှင့်အညီ ဆက်လက် ဆောင်ရွက် ရမည်ဖြစ်ကြောင်း၊ ပြည်ပမှ မှာယူထားသည့် ကာကွယ် ဆေးများ ရောက်ရှိရေးအတွက်လည်း လိုအပ်သည့် လေယာဉ်ဖြတ်သန်းခွင့်ကိစ္စရပ်များအား လုပ်ထုံးလုပ်နည်း များနှင့်အညီ ဆက်လက် ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ COVID-19 ရောဂါ ဖြစ်ပွားနေချိန် ကာလအတွင်း နိုင်ငံရပ်ခြားတွင် ကာလရှည်ကြာစွာ ပိတ်မိဒုက္ခခံနေကြရသည့် မြန်မာနိုင်ငံသားများအနေဖြင့် မိမိတို့ မြန်မာနိုင်ငံသို့ ပြန်လာသင့်ကြောင်း၊ အဆိုပါ ပြည်ပရောက် မြန်မာနိုင်ငံသားများအား အမြန်ဆုံး ပြန်လည်ခေါ်ယူနိုင်ရေး စီမံဆောင်ရွက်ကြရမည် ဖြစ် ကြောင်း၊ ရောဂါကို ကြိုတင်ကာကွယ်ခြင်းသည်

အကောင်းဆုံးဖြစ်ကြောင်း၊ ပညာပေးခြင်း၊ ကာကွယ်ခြင်း၊ ကုသခြင်းများတွင် ကုသခြင်းမှာ ကုန်ကျစရိတ်များကြောင်း၊ ကာကွယ်မှုကို ဆောင်ရွက်ရာတွင် လူအများကို ကူးစက်ခံမည့်အစား စစ်ဆေးမှုများ ပိုမိုပြုလုပ်၍ ထိန်းချုပ်ဆောင်ရွက်ပါက ကူးစက်မှုများ လျော့ကျသွားမည်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံတွင်လည်း မြို့လုံးကျွတ် စစ်ဆေးပြီး ကူးစက်သူများကို ခွဲထုတ်၍ ထပ်မံကူးစက်မှုများကို လျှော့ချနိုင်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ မိမိတို့ အနေနှင့်လည်း အတတ်နိုင်ဆုံး စစ်ဆေးဆောင်ရွက်နိုင်ရန်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသာမက သက်ဆိုင်ရာဝန်ကြီးဌာနများ အားလုံးပူးပေါင်း ကူညီဆောင်ရွက်ရန်လိုကြောင်း၊ ဗုဒ္ဓဘာသာဘုရားစေတီများ အပါအဝင် သက်ဆိုင်ရာဘာသာအလိုက် ဘာသာရေးအဆောက်အဦများတွင် ဘုရားဝတ်ပြုခြင်း၊ ကြည်ညိုခြင်းများအား COVID-19 စည်းမျဉ်းစည်းကမ်းများနှင့်အညီ ပြုလုပ်ပေးသွားရန် ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

**ဝိုင်းဝန်းကူညီဆောင်ရွက်**

ယင်းနောက် စီးပွားရေးနှင့်ပတ်သက်၍ မှာကြားရာတွင် ၂၀၂၀ ပြည့်နှစ် နှစ်ဆန်းပိုင်းမှ စတင်ပြီး COVID-19 ကပ်ရောဂါ ဖြစ်ပွားနေသည့် ယခုကာလတွင် အကြောင်းအမျိုးမျိုးကြောင့် စက်ရုံ၊ အလုပ်ရုံများ ပိတ်ထားရသဖြင့် စီးပွားရေး ကျဆင်းခဲ့ကြောင်း၊ မြန်မာနိုင်ငံ၏ လူဦးရေ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်နေပြည်သူများဖြစ်ကြောင်း၊ မိမိတို့ နိုင်ငံသူ နိုင်ငံသားများသည် စိုက်ပျိုးမွေးမြူရေးကို အဓိက အခြေခံ၍ ဆောင်ရွက်ကြကြောင်း၊ နိုင်ငံ့စီးပွားရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းကို ပစ်ပယ်ထား၍မရကြောင်း၊ တစ်ကမ္ဘာလုံးတွင် လူဦးရေ ၇ ဘီလီယံကျော်ရှိကြောင်း၊ ထို့ကြောင့် ရိက္ခာလိုအပ်ချက်အမြဲရှိနေမည်ဖြစ်ကြောင်း၊ အဆိုပါ ရိက္ခာလိုအပ်ချက်ကို ဖြည့်ဆည်းဆောင်ရွက်မည်ဆိုပါက မိမိတို့နိုင်ငံရှိ ပြည်သူများ အလုပ်အကိုင်ရရှိမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် စီးပွားရေးကို နလန်ထူအောင် ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ အလုပ်လက်မဲ့ဖြစ်နေသူများ ဝင်ငွေရရှိသည့် အလုပ်အကိုင်များ ရရှိအောင် ဆောင်ရွက်ပေးရန်လိုကြောင်း၊ စိုက်ပျိုးမွေးမြူရေးနှင့် ပတ်သက်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဝိုင်းဝန်းကူညီ ဆောင်ရွက်ရန်လိုကြောင်း၊ ရပ်တန့်ထားသည့်စက်ရုံများကိုလည်း COVID-19 စည်းကမ်းချက်များနှင့်အညီပြန်လည်လည်ပတ်နိုင်ရေး စီမံဆောင်ရွက်ရန်လိုအပ်ကြောင်း၊ အချို့စက်ရုံအလုပ်ရုံများသည် COVID-19 စည်းကမ်းချက်များကို လိုက်နာမှုမရှိဘဲ လုပ်ငန်းများ ဆောင်ရွက်နေသည်ကို တွေ့ရှိရကြောင်း၊ စက်ရုံ အလုပ်ရုံများတွင် အလုပ်လုပ်ကိုင်နေကြသူများအား သွားလာရေး စည်းကမ်းများ စနစ်တကျရှိစေရန် ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ရောဂါကာကွယ်ရေးအတွက် လိုအပ်သည့်ပစ္စည်းများကို အသက်သာဆုံးဈေးနှုန်းများဖြင့်ရရှိအောင် ဆောင်ရွက်ပေးရန်နှင့် လိုအပ်သည်များကို နိုင်ငံတော်မှ ကျခံဆောင်ရွက်ပေးရန်လိုကြောင်း၊ COVID-19 ရောဂါ ကာကွယ်ရေးရန်ပုံငွေများမှ မဖြစ်မနေ ဆောင်ရွက်ပေးရမည့် လုပ်ငန်း

**နိုင်ငံတကာနှင့် ဆက်ဆံရာမှာ
မိမိတို့နိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒဖြစ်သည့်
လွတ်လပ်၍ တက်ကြွသော
နိုင်ငံခြားရေးမူဝါဒ၊ ကြားနေမူဝါဒနှင့်
ဆောင်ရွက်မည်ဖြစ်၊
နိုင်ငံအားလုံးနှင့် မိတ်ဝတ်မပြတ်
ဆက်ဆံရေး၊ ငြိမ်းချမ်းစွာအတူယှဉ်တွဲ
နေထိုင်ရေးမူကြီး(၅)ရပ်အပေါ်တွင်
ခိုင်ခိုင်မာမာရပ်တည်၍ မိမိတို့နိုင်ငံ၏
ဒီမိုကရေစီလမ်းကြောင်းပေါ်တွင်
ခိုင်ခိုင်မာမာလျှောက်လှမ်းရန်ဖြစ်၊
ဒီမိုကရေစီလမ်းကြောင်းဆိုရာတွင်
မိမိတို့နိုင်ငံနှင့်ကိုက်ညီသည့်
ဒီမိုကရေစီ လမ်းကြောင်းကို
ပြောခြင်းဖြစ်။**

များဖြစ်ကြောင်း၊ ပြည်တွင်းခရီးသွားလာမှုနှင့် ဟိုတယ်လုပ်ငန်းများအား COVID–19 စည်းမျဉ်း စည်းကမ်းများကို တိကျစွာလိုက်နာစေလျက် ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ပြည်သူများအားလုံး COVID–19 စည်းကမ်းများနှင့်အညီ နေထိုင်လုပ်ကိုင်ဆောင်ရွက်ရန်အတွက် တာဝန်ရှိအဖွဲ့အစည်းအသီးသီးမှ ကြပ်မတ်ဆောင်ရွက်ရန်လိုပြီး ပြည်သူများအနေဖြင့် တာဝန်သိစွာဖြင့် လိုက်ပါဆောင်ရွက်ရန်လိုကြောင်း၊ COVID–19 ရောဂါနှင့်ပတ်သက်၍ လူထုမှ အသိပညာများ ရရှိစေရန်အတွက် ပြန်ကြားရေးဝန်ကြီးဌာနမှ ကျယ်ကျယ်ပြန့်ပြန့် ပြန်ကြားပေးရန် လိုကြောင်း၊ ပြန်ကြားပေးရန်၊ ပညာပေးရန်၊ ဖျော်ဖြေပေးရန်ဆိုသည့် မူဝါဒအတိုင်း ဖျော်ဖြေခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် အမျိုးသား ယဉ်ကျေးမှုစရိုက်လက္ခဏာများကို ထိန်းသိမ်းသည့် ဖျော်ဖြေမှုများဖြစ်ရန်လိုကြောင်း၊ ခေတ်မီသည်ကို အားပေးသော်လည်း ခေတ်လွန်သည်ကို အားမပေးကြောင်း၊ COVID–19 ကြောင့်ဖြစ်ပွားလာသည့် စီးပွားရေးကျဆင်းမှုကို ပြန်ပြီးနလန်ထူလာအောင် မိမိတို့အနေဖြင့်ဘက်ပေါင်းစုံမှ ဝိုင်းဝန်းပြီး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

**တည့်မတ်ထိန်းသိမ်း**

ထို့နောက် လုပ်ငန်းတာဝန်များဆောင်ရွက် ရာတွင် ဥပဒေနှင့်အညီ ဆောင်ရွက်ရန်လိုအပ်မှုနှင့် ပတ်သက်၍ မိမိတို့ ကဏ္ဍအလိုက် ဆောင်ရွက်ရာတွင်လည်း ဥပဒေနှင့်အညီ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်သွားရန် လိုကြောင်း၊ မိမိအနေဖြင့် ဥပဒေနှင့်အညီဖြစ်အောင် အမြဲဆောင်ရွက်လျက်ရှိကြောင်း၊ ယခုဖြစ်ပွားခဲ့သည့် ကိစ္စတွင်လည်း မိမိတို့ အနေဖြင့် ဥပဒေနှင့်အညီဖြစ်အောင် ကြိုတင်စဉ်းစား ခဲ့ကြောင်း၊ မိမိတို့အနေနှင့် အကြိမ်ကြိမ် မေတ္တာရပ်ခံ ဆောင်ရွက်ခဲ့သော်လည်း လုံးဝရှောင်လွှဲ၍ မရသောကြောင့် တိုင်းပြည်အတွက် ယခုလမ်းကြောင်းကို ရွေးချယ်ဆောင်ရွက်ခဲ့ရခြင်းဖြစ်ကြောင်း၊ နောင် ရွေးကောက်ပွဲပြုလုပ်၍ ဖြစ်ပေါ်လာမည့်အစိုးရတာဝန်မယူမီ မိမိတို့အနေဖြင့် တိုင်းပြည်ကို တည့်မတ်ထိန်းသိမ်းပေးရန်လိုကြောင်း၊ အခြေအနေအမျိုးမျိုးကြောင့် ယိမ်းယိုင်နေသည့်အခြေအနေများကိုလည်း ကူညီတည့်မတ်ပေးရန်လိုကြောင်း၊ တိုင်းပြည်ကို တည်ငြိမ်အောင် ဆောင်ရွက်ရာတွင် ဥပဒေအရ ဆောင်ရွက်ရမည်များရှိကြောင်း၊ အရေးပေါ်ကာလ တစ်နှစ်သတ်မှတ်ထားချိန်တွင် ရွေးကောက်ပွဲဆိုင်ရာ ကိစ္စရပ်နှင့် COVID–19 ရောဂါကာကွယ်ထိန်းချုပ် ကုသရေးကိစ္စရပ်များကို ဦးစားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဘဏ္ဍာရေးပိုင်းဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့်အညီ၊ ဥပဒေနှင့်အညီ ဆောင်ရွက်ရန်လိုကြောင်း၊ မည်သည့်ကိစ္စကို ဆောင်ရွက်သည်ဖြစ်စေဥပဒေနှင့်အညီဆောင်ရွက်ရမည်ဖြစ်ကြောင်း မှာကြားသည်။

**အမြန်ဆုံး ပြန်လည်ဖော်ဆောင်**

ဆက်လက်၍ နိုင်ငံတကာဆက်ဆံရေးဆိုင်ရာ ကိစ္စရပ်များ၊ ရွေးကောက်ပွဲ ပြန်လည်ကျင်းပရန်အတွက် လိုအပ်သည့် သန်းခေါင်စာရင်းများ မှန်ကန်အောင် ဆောင်ရွက်ရန် ကိစ္စရပ်များ၊ ဘုရား၊ စေတီပုထိုးများ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများမှ COVID–19 စည်းကမ်းသတ်မှတ်ချက်များနှင့် အညီ ပြန်လည်ဖွင့်လှစ်နိုင်ရေးဆောင်ရွက်ရန်ကိစ္စရပ်များ၊ ပြည်ပရောက် မြန်မာနိုင်ငံသားများအား အမြန်ဆုံး ပြန်လည်ခေါ်ဆောင်နိုင်ရန်အတွက် ဆောင်ရွက်ရန်ကိစ္စရပ်များ၊ ဟိုတယ်လုပ်ငန်းများ ပြန်လည်လည်ပတ်နိုင်ရေး အတွက် COVID–19စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရန်ကိစ္စရပ်များအား မှာကြားသည်။

ယင်းနောက်တက်ရောက်လာကြသည့်ပြည်ထောင်စု ဝန်ကြီးများက မိမိတို့ဝန်ကြီးဌာနအလိုက် ဆက်လက် ဆောင်ရွက်မည့် ကိစ္စရပ်များအားရှင်းလင်းတင်ပြကြရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လိုအပ်သည်များ အား ဖြည့်စွက်မှာကြားသည်။

၎င်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးအား ရုပ်သိမ်းလိုက်သည်။

# မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် ညီနောင်အသင်းများမှ လုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ နိုင်ငံ့စီးပွားရေး ပြန်လည်တိုးတက်ကောင်းမွန်ရေးဆိုင်ရာများ ဆွေးနွေးပွဲတွင် ပြောကြားသည့် အမှာစကား

(၃-၂-၂၀၂၁)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဖေဖော်ဝါရီလ ၃ ရက်နေ့ နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိနိုင်ငံတော်သမ္မတအိမ်တော်၊ ငုရွှေဝါခန်းမ၌ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်နှင့် ညီနောင်အသင်းများမှ လုပ်ငန်းရှင်များနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ဖဒိုမန်းငြိမ်းမောင်၊ ဦးသိန်းညွန့်၊ ဦးခင်မောင်ဆွေ၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေးနှင့် တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဇော်မင်းဝင်း၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဒေါက်တာ မောင်မောင်လေး၊ ဦးဝေဖြိုး၊ ဦးသောင်းတင်၊ ဦးလှမောင်ရွှေ၊ အထွေထွေအတွင်းရေးမှူးချုပ် ဦးအေးဝင်း၊ တွဲဖက်အထွေထွေအတွင်းရေးမှူးများ ဖြစ်ကြသည့် ဦးမျိုးသန့်၊ ဒေါ်ခိုင်ခိုင်နွယ်၊ ဒေါက်တာအောင်သိန်း၊ ဦးကျော်ဒေဝ၊ ဦးအေးထွန်း၊ ဦးအောင်စိုးသာနှင့် ဒေါက်တာ ဝင်းစည်သူ၊ ဘဏ္ဍာရေးမှူး ဦးမြဟန်၊ တွဲဖက်ဘဏ္ဍာရေးမှူး ဦးဆန်းလင်း၊ အကျိုးဆောင်စာရင်းစစ် ဦးနှင်းဦး၊ အကျိုးဆောင်တွဲဖက်စာရင်းစစ် ဒေါက်တာတင်လတ်၊ မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းဥက္ကဋ္ဌ ဦးထွန်းလွင်၊ မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးကျော်ဝင်း၊ မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့်

ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း ဥက္ကဋ္ဌ ဦးစိုးသန်းမင်းဒင်၊ မြန်မာနိုင်ငံ စက်သုံးဆီ တင်သွင်းရောင်းချဖြန့်ဖြူးရေးအသင်း ဥက္ကဋ္ဌ ဒေါက်တာဝင်းမြင့်၊ မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးကျော်ဝင်း၊ မြန်မာနိုင်ငံမြေသြဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌဦးသတိုးဟိန်း၊မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးရန်ဝင်းနှင့် မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးအောင်မျိုးမင်းဒင်တို့ တက်ရောက်ကြသည်။

**မိတ်ဆက်ပေး**

ရှေးဦးစွာ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် အထွေထွေအတွင်းရေးမှူးချုပ် ဦးအေးဝင်းက တွေ့ဆုံပွဲသို့တက်ရောက်လာသည့် အသင်းချုပ်နှင့် ညီနောင်အသင်းများမှ တာဝန်ရှိသူများအား တစ်ဦးချင်း မိတ်ဆက်ပေးသည်။

**ကန့်သတ်ပိတ်ပင်ထားမှုမရှိ**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌတပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က အဖွင့်အမှာ စကားပြောကြားရာတွင် နိုင်ငံတော်၏ အခြေအနေအရပ်ရပ်အား ဆောင်ရွက်နိုင်ရန်အတွက် ဆွေးနွေးခြင်းဖြစ်ကြောင်း၊ ယခုတက်ရောက်လာကြသူများ အားလုံးသည် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဆောက်လုပ်ရေး၊ ရောင်းဝယ်ရေး လုပ်ငန်းများနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ကိုယ်စားပြုသူများဖြစ်ကြောင်း၊ ယခုအချိန်တွင် မိမိတို့အနေဖြင့် တိုင်းပြည်၏အခြေအနေအရပ်ရပ်ကြောင့် ယာယီတာဝန်ယူဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် စနစ်တကျဖြစ်စေရေးအတွက် ထိန်းသိမ်းဆောင်ရွက်မည်ဟု ကြေညာထားခြင်းဖြစ်ကြောင်း၊ ယခုအရေးပေါ်ကာလအတွင်း ပုံမှန်လုပ်ဆောင်နေသည့် လုပ်ငန်းများ ဆောင်ရွက်နေမှုများအား ကန့်သတ်ပိတ်ပင်ထားမှုမရှိကြောင်း၊ ယခုအချိန်အထိ တစ်ကမ္ဘာလုံးတွင် COVID-19 ရောဂါကူးစက်မှု ၁၀၄ သန်းကျော်၊ မိမိတို့နိုင်ငံတွင် ကူးစက်မှု ၁၄၀၀၀၀ ကျော် ရှိပြီဖြစ်ပြီး သေဆုံးသူ ၃၀၀၀ ကျော်ရှိပြီဖြစ်ကြောင်း၊ မိမိတို့မသိနိုင်သည့် ကူးစက်နေမှုများလည်းရှိနိုင်ကြောင်း၊ ထို့ကြောင့် COVID-19 ရောဂါကူးစက်မှုအပေါ် ပညာပေးခြင်း၊ ကြိုတင်ကာကွယ်ခြင်း၊ ကုသခြင်းများကိုဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ကာကွယ်မှုများကို ဆောင်ရွက်ရာတွင် COVID-19 ရောဂါပြန့်ပွားမှုအား ထိန်းချုပ်နိုင်ရေးအတွက် အရှိန်ပြင်းပြင်းနှင့် ထိရောက်စွာ ထိန်းချုပ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

**လွှဲပြောင်းပေးရမည်ဖြစ်**

ထိုသို့ဆောင်ရွက်ချိန်တွင် စီးပွားရေးလုပ်ငန်းများ၊ ပုံမှန်လုပ်ငန်းများကို မထိခိုက်ရန်လည်း ဆောင်ရွက်ရန်လိုကြောင်း၊ COVID-19 ရောဂါကာကွယ်ရေးလုပ်ငန်းများတွင်လည်း တပ်မတော်မှ များစွာပါဝင်ကူညီဆောင်ရွက်ပေးခဲ့ကြောင်း၊တပ်မတော်အနေဖြင့်အခြေအနေအမျိုးမျိုးကို ကြုံကြုံခံပြီးဆောင်ရွက်ခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် ယခုကဲ့သို့ တာဝန်ယူခဲ့ရခြင်းဖြစ်ကြောင်း၊ သို့သော် ဒီမိုကရေစီလမ်းကြောင်းကနေသွေဖယ်ခြင်းမရှိဘဲ၊ ပုံမှန်ဆောင်ရွက်နေသည့် လုပ်ငန်းများကို ရပ်တန့်ခြင်းမရှိဘဲ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံတကာနှင့် ဆက်ဆံဆောင်ရွက်နေသည့် လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်နေကြောင်း၊နိုင်ငံတကာကျင့်ဝတ်များနှင့်ပတ်သက်ပြီးလည်း ရပ်ဆိုင်းခြင်းမရှိဘဲ ဆက်လက် ဆောင်ရွက်နေမည်ဖြစ်ကြောင်း၊ နိုင်ငံတော်က ချမှတ်ထားသည့် မူဝါဒများအတိုင်း ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ယခုဆက်လက်ပြီး ရွေးကောက်ပွဲတွင်ဖြစ်ပေါ်ခဲ့သည့် မဲစာရင်းမှားယွင်းမှုများကို ဖော်ထုတ်ကာ ရလဒ်အပေါ်မူတည်၍ တာဝန်ရှိသူများကို ရွေးကောက်ပွဲဥပဒေအရ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲ ထပ်မံကျင်းပ၍ အနိုင်ရပါတီအား ဒီမိုကရေစီကျင့်စဉ်နှင့်အညီ ဆက်လက်ဆောင်ရွက်နိုင်ရန် ပြုလုပ်ပေးမည်ဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)တွင် နိုင်ငံတော်အရေးပေါ်အခြေအနေ ပြီးဆုံးပါက ၆ လ တာဝန်ယူပြီး ရွေးကောက်ပွဲ ပြန်လည်ကျင်းပနိုင်ရေးဆောင်ရွက်ကာ အစိုးရကို အာဏာပြန်လည်လွှဲပြောင်းပေးရမည်ဖြစ်သည်ဟုပါရှိကြောင်း၊ ရွေးကောက်ပွဲကော်မရှင်ကိုလည်း ဖွဲ့စည်းပြီးဖြစ်ကြောင်း။

**အခက်အခဲများ ဖြစ်ပေါ်လာ**

ယခုအချိန်တွင် လုပ်ငန်းများ ရပ်နားထားသဖြင့်

အလုပ်လုပ်သူ အခြေခံလူတန်းစားများ ဝင်ငွေမရှိတော့ဘဲ စားသောက်ရေးတွင် အခက်အခဲများ ဖြစ်ပေါ်လျက်ရှိပြီး လူမှုစီးပွားဘဝများ ထိခိုက်လာကြောင်း၊ လုပ်ငန်းများ ရပ်တန့်သွားခြင်းကြောင့် လုပ်ငန်းရှင်များမှ ထုတ်ကုန်ပစ္စည်းများ မရှိတော့ဘဲ ရောင်းကုန်ပစ္စည်းများ မရှိတော့ကြောင်း၊ ထို့ကြောင့် လုပ်ငန်းရှင်များတွင် လုပ်ငန်းလည်ပတ်ရန်အတွက် ပိုက်ဆံမရှိတော့ဘဲ လုပ်ငန်းဆက်လက်လည်ပတ်ရန် အခက်အခဲများ ဖြစ်ပေါ်လာကြောင်း၊ အဆိုပါ အခက်အခဲများကို ကျော်လွှားနိုင်ရန်အတွက် လုပ်ငန်းများအား စည်းကမ်းတကျ ပြန်လည်လည်ပတ်နိုင်ရေးဆောင်ရွက်စေလိုကြောင်း၊ စက်ရုံ၊ အလုပ်ရုံများကိုလည်း သက်ဆိုင်ရာအဖွဲ့အစည်းများက စည်းစနစ်တကျ ကြပ်မတ်၍ COVID-19 စည်းကမ်းချက်များနှင့်အညီ ဖွင့်လှစ်ဆောင်ရွက်ရန်လိုကြောင်း၊ လုပ်ငန်းများကို ပုံမှန်ပြန်လည် လုပ်ဆောင်နိုင်မှသာ အလုပ်သမား၊ အလုပ်ရှင်များ ဝင်ငွေရပြီး နိုင်ငံခြားဝင်ငွေများ ပြန်လည်တိုးတက်လာမည် ဖြစ်ကြောင်း။

ယခုတွေ့ဆုံသူများသည် စီးပွားရေးလုပ်ငန်းများနှင့် ပတ်သက်၍ နယ်ပယ်အသီးသီးမှ ကိုယ်စားပြုသူများ ဖြစ်ကြောင်း၊ တိုင်းပြည်၏စီးပွားရေးနှင့် ပတ်သက်ပြီး လူအများမှ ပါဝင်ဆောင်ရွက်နိုင်သည့်၊ လူအများ၏ စားဝတ်နေရေးကို အထောက်အကူပြုနိုင်သည့် လုပ်ငန်းများကို ပိုမိုဦးစားပေး ဆောင်ရွက်စေချင်ကြောင်း၊ ဖြစ်နိုင်သည့် နည်းလမ်းများကို တင်ပြစေချင်ကြောင်း၊ လမ်းပန်းဆက်သွယ်ရေးနှင့်ပတ်သက်၍ ရထားလမ်း၊ ကားလမ်းနှင့် လေကြောင်းသွားလာမှုများအား စည်းကမ်းချက်များနှင့်အညီပြန်လည်ဖွင့်လှစ်ပေးထားကြောင်း၊ ခရီးသွားလာစဉ်ကာလတွင် COVID-19 စည်းကမ်းချက်များကို လိုက်နာမှုမရှိဘဲ လူအများကို ထိခိုက်စေနိုင်သူများအား ထိထိရောက်ရောက် အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တစ်ဦးတစ်ယောက် စည်းကမ်းမလိုက်နာမှုကြောင့် အခြားသူများအား အနှောင့်အယှက်မဖြစ်ရန်လိုကြောင်း၊ COVID-19 ရောဂါကာကွယ်ရေးအတွက် လိုအပ်သည့် အခြေခံပစ္စည်းများအား တတ်နိုင်သမျှ ဈေးနှုန်းအသက်သာဆုံးဖြင့် ဝယ်ယူအသုံးပြုနိုင်ရေး ဆောင်ရွက်ပေးရန်နှင့် လိုအပ်ပါက နိုင်ငံတော်မှ အခမဲ့ပေးဝေနိုင်ရေး ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းဖြင့် COVID-19 ရောဂါကာကွယ်ရေးလုပ်ငန်းများကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

### တင်ပို့ရောင်းချနိုင်ရန်ဆောင်ရွက်

ဗုဒ္ဓဘာသာဆိုင်ရာ စေတီ၊ ပုထိုးများနှင့် အခြားဘာသာရေးဆိုင်ရာ အဆောက်အဦများကိုလည်း ဘာသာရေးအခမ်းအနားများ ပြုလုပ်ခြင်းမှအပ COVID-19 စည်းကမ်းချက်များနှင့်အညီ ပြန်လည်ဖွင့်လှစ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ထို့အတူ စက်ရုံ အလုပ်ရုံများကိုပြန်လည်ဖွင့်လှစ်ပြီး ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ဆောင်ရွက်စေချင်ကြောင်း၊ စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများသည် လူအများ၏ စားသောက်ရေးအတွက် အထောက်အကူပြုကြောင်း၊ ကမ္ဘာပေါ်တွင် လူဦးရေ ၇ ဘီလီယံကျော်ရှိပြီး နိုင်ငံတိုင်းတွင် စားနပ်ရိက္ခာလိုအပ်ချက်များသည် အမြဲရှိနေကြောင်း၊ အဆိုပါ စားနပ်ရိက္ခာလိုအပ်ချက်များအား မိမိတို့နိုင်ငံမှ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းမှ ထွက်ရှိသည့် စားသောက်ကုန်များကို တင်ပို့

> **ယခုအချိန်တွင် မိမိတို့အနေဖြင့်**
> **တိုင်းပြည်၏ အခြေအနေအရပ်ရပ်ကြောင့်**
> **ယာယီတာဝန်ယူ**
> **ဆောင်ရွက်နေခြင်းဖြစ်၊**
> **ဒီမိုကရေစီလမ်းကြောင်းပေါ်တွင်**
> **စနစ်တကျဖြစ်စေရေးအတွက်**
> **ထိန်းသိမ်း ဆောင်ရွက်မည်ဟု**
> **ကြေညာထားခြင်းဖြစ်၊**
> **ယခု အရေးပေါ်ကာလအတွင်း**
> **ပုံမှန်လုပ်ဆောင်နေသည့်**
> **လုပ်ငန်းများဆောင်ရွက်နေမှုများအား**
> **ကန့်သတ်ပိတ်ပင်ထားမှုမရှိ။**

ရောင်းချနိုင်ရန် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထိုသို့ တင်ပို့ရောင်းချနိုင်ရန်အတွက် မိမိတို့၏ စားသောက်ကုန်များသည် အရည်အသွေးကောင်းမွန်နေရန်လိုပြီး ဓာတုပစ္စည်း ပါဝင်မှုကိုလည်း လက်ခံနိုင်သည့် အခြေအနေကို ကျော်လွန်၍မရဘဲ ဈေးကွက်မှ လက်ခံနိုင်သည့် အရည်အသွေးမျိုးရရှိအောင် ဆောင်ရွက်ရန်လိုကြောင်း၊ ဖြစ်နိုင်ပါက အမြတ်ရရှိရေးထက် အရေအတွက်ပိုမိုရောင်းချနိုင်ရန် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လက်ရှိအခြေအနေတွင် အကျိုးအမြတ် အနည်းဆုံးနှင့် များများရောင်းချနိုင်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

## ဝိုင်းဝန်းပံ့ပိုးကူညီ

လူအများဆောင်ရွက်ရသည့် အထည်ချုပ်လုပ်ငန်းများကိုလည်း ပြန်လည် လည်ပတ်နိုင်ရေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံမှ ထွက်ကုန်များကို မိတ်ဆွေနိုင်ငံများမှတစ်ဆင့် တင်ပို့ရောင်းချနိုင်ရေး ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ကောလာဟလသတင်းများ ထွက်ပေါ်မှုကြောင့် ဘဏ်လုပ်ငန်းဆိုင်ရာ အခက်အခဲများ မဖြစ်ပေါ်အောင်လည်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တိုင်းပြည်စီးပွားရေး ပြန်လည်ဦးမော့လာစေရန်အတွက် နိုင်ငံတော်အနေဖြင့် ဝိုင်းဝန်းပံ့ပိုးကူညီ ဆောင်ရွက်၍ပေးမည်ဖြစ်ကြောင်း၊ ပြည်တွင်းခရီးသွားလုပ်ငန်းများ ပြန်လည်ခွင့်ပြုပေးမည်ဖြစ်ကြောင်း၊ ဟိုတယ်လုပ်ငန်းများကိုလည်း အကန့်အသတ်စနစ်ဖြင့် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ယိမ်းယိုင်နေသည့် စီးပွားရေးများကို ယခုတက်ရောက်လာကြသည့် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့်ညီနောင်အသင်းများ၏အားကိုယူ၍နိုင်ငံတော်၏ စီးပွားရေး ပြန်လည်တိုးတက်ကောင်းမွန်လာအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံရေး၊ စီးပွားရေး၊ ငြိမ်းချမ်းရေး၊ နိုင်ငံတကာဆက်ဆံရေးများအား ယခင်ဆောင်ရွက်ခဲ့သည့် မူဝါဒများအတိုင်း ပြောင်းလဲမှုမရှိဘဲ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ပြောကြားသည်။

## ဖြည့်ဆည်းဆောင်ရွက်ပေးမည်

ယင်းနောက် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌဦးဇော်မင်းဝင်း၊ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်း ဥက္ကဋ္ဌဦးစိုးသန်းမင်းဒင်၊ မြန်မာနိုင်ငံမြေသြဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးသတိုးဟိန်း၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် တွဲဖက်အထွေထွေအတွင်းရေးမှူး ဒေါက်တာအောင်သိန်း၊ မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးကျော်ဝင်း၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးရန်ဝင်းတို့က အသင်းအလိုက်လုပ်ငန်းများဆောင်ရွက်နေမှု၊ တွေ့ကြုံရသည့် အခက်အခဲများနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ကူညီဆောင်ရွက်ပေးရန် လိုအပ်ချက်များကို တင်ပြဆွေးနွေးကြရာနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တင်ပြချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးပြီး ချက်ချင်းဖြေရှင်းဆောင်ရွက်ပေးနိုင်သည့် ကိစ္စရပ်များကို ဆောင်ရွက်ပေးမည်ဖြစ်ကြောင်းနှင့် လိုအပ်သည့် အကူအညီများကိုလည်း တတ်နိုင်သမျှ ဖြည့်ဆည်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ အဓိကမှာကြားလိုသည်မှာ COVID-19 ရောဂါ ဖြစ်ပွားသည့်ကာလအတွင်း လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရာတွင် ထုတ်ပြန်ထားသည့် စည်းကမ်းချက်များကိုလည်း လိုက်နာသွားရန်လိုအပ်ကြောင်း ပြောကြားသည်။

## ကူညီဆောင်ရွက်ပေးမည်

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် ယခုဆွေးနွေးပွဲသို့ တက်ရောက်လာသူများအနေဖြင့် တိုင်းပြည်အတွက် ကောင်းစေချင်သည့် စိတ်ဆန္ဒများဖြင့် ပြောဆိုဆွေးနွေးကြသည်ကို တွေ့ရှိရကြောင်း၊ ထို့အတွက် မိမိတို့အနေဖြင့် ကူညီဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း၊ မိမိတို့ အစိုးရအပိုင်းက လုပ်ဆောင်ရမည့်အပိုင်းများ ရှိသကဲ့သို့ တက်ရောက်လာသူများအပိုင်းမှ လုပ်ဆောင်ရမည်များလည်းရှိပါကြောင်း၊ မိမိတို့အနေဖြင့် လိုအပ်သည်များ ဖြည့်ဆည်းပေးမည်ဖြစ်ကြောင်း ပြောကြားပြီး အစည်းအဝေးတွင် မှာကြားခဲ့ပါသည်။

# ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးပွဲတွင် ပြောကြားသည့် အမှာစကား

(၃-၂-၂၀၂၁)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဖေဖော်ဝါရီလ ၃ ရက်နေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် အစည်း အဝေးခန်းမ၌ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံ သည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဒုတိယဗိုလ်ချုပ်ကြီးမိုးမြင့်ထွန်း၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေးနှင့် တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးသိန်းစိုး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရွှေလေး၊ ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာဒေါ်သီတာဦး၊ ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာကံဇော်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးသန်းဆွေ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်နှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်းတို့ တက်ရောက်ကြသည်။

**ရွေးချယ်တာဝန်ပေးခြင်းဖြစ်**

ရှေးဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌတပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အမှာစကားပြောကြားရာတွင် ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ အဖွဲ့အစည်းများကို တာဝန်ပေးခြင်းများရှိကြောင်း၊ ပြီးခဲ့သည့်ရွေးကောက်ပွဲတွင် မဲစာရင်းမှားယွင်းမှုများအား ဖြေရှင်းပေးရန်နှင့် ယင်းသို့ ဖြေရှင်းဆောင်ရွက်ပြီးမှသာ ကျန်ရှိသည့် လုပ်ငန်းများ ဆက်လက်ဆောင်ရွက်ရန် တပ်မတော်အနေဖြင့် တောင်းဆိုခဲ့ကြောင်း၊ သို့သော် အကြောင်းအမျိုးမျိုးကြောင့် ယင်းအဆင့်မှာ မဖြစ်နိုင်ခဲ့ဘဲ ပြီးခဲ့သည့် ဖေဖော်ဝါရီ ၁ ရက်တွင် အရေးပေါ်အခြေအနေကြေညာ

သည့် အဆင့်အထိရောက်ခဲ့ရကြောင်း၊ မိမိတို့လိုလားချက်မှာ ပြီးခဲ့သည့် ရွေးကောက်ပွဲတွင် ဆောင်ရွက်ခဲ့သည့် မဲစာရင်းနှင့်ပတ်သက်၍ အခြေအနေ အမှန်အတိုင်းဖြစ်စေရန်အတွက် ဆောင်ရွက်ရန်လိုကြောင်း၊ ယင်းမှာ ဥပဒေအတိုင်း လုပ်ဆောင်ရမည်ဖြစ်ပါကြောင်း၊ ဒုတိယအနေဖြင့် ယခုကဲ့သို့ အရေးပေါ်အခြေအနေ ကြေညာသော်လည်း လုပ်ငန်းများ ရပ်ဆိုင်းထား၍မရကြောင်း၊ ထို့ကြောင့်သက်ဆိုင်ရာဝန်ကြီးဌာနများတွင်လုပ်ငန်းများ အရှိန်အဟုန်မပျက် ဆောင်ရွက်နိုင်ရန်အတွက် ပြည်ထောင်စုဝန်ကြီးများ ခန့်အပ်တာဝန်ပေးပါကြောင်း၊ ဝန်ကြီးများတာဝန်ပေးအပ်ရာတွင်လုပ်ငန်းအတွေ့အကြုံရှိသူ၊ အရည်အချင်းရှိသူ ပုဂ္ဂိုလ်များကိုသာ ရွေးချယ်တာဝန်ပေးခြင်းဖြစ်ကြောင်း။

အလားတူ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများအား တာဝန်ပေးအပ်ရာတွင်လည်း အတွေ့အကြုံရှိသူ၊ အရည်အချင်းရှိသူ၊ မိမိတို့သွားနေသည့်လမ်းကြောင်းပေါ်တွင် မှန်မှန်ကန်ကန် ရပ်တည်ဆောင်ရွက်မည့်သူများကိုစဉ်းစားကာ တာဝန်ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း၊ နေရာအားလုံးမှာ အရေးကြီးသည့် နေရာများဖြစ်ပါကြောင်း၊ထို့ကြောင့် လုပ်သင့်လုပ်ထိုက်သည်များအားလုံး စည်းကမ်းနှင့်အညီဖြစ်စေရန် လိုအပ်ပါကြောင်း၊ ထို့ပြင် စည်းကမ်းနှင့် လုပ်သည်ဆို၍ အရှိန်ရပ်နေ၍ မရပါကြောင်း၊ လုပ်စရာရှိသည်များ ရှေ့ဆက်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ မိမိတို့ကြေညာသည့် အရေးပေါ်ကာလသည် တစ်နှစ်သာဖြစ်ပါကြောင်း၊ တစ်နှစ်ဖြစ်သည့်အတွက် တစ်နှစ်အတွင်း ဆောင်ရွက်နိုင်သည့် လုပ်ငန်းမှာ ကာလတို၊ ကာလရှည်လုပ်ဆောင်ရမည့် အရာများရှိပါကြောင်း၊အဓိကအားဖြင့် ကာလတိုအတွင်းလတ်တလော ဖြေရှင်းဆောင်ရွက်ပေးရမည့် ကိစ္စရပ်များကို စည်းကမ်းနှင့်အညီ ထက်ထက်မြက်မြက် ဆောင်ရွက်ပေးနိုင်ရေး အတွက် မိမိတို့အတွေ့အကြုံများအား အသုံးချ ဆောင်ရွက်ပေးစေလိုကြောင်း။

## ဖော်ဆောင်ပေးနိုင်မည်

မိမိအနေဖြင့် တာဝန်ပေးအပ်သည့် ပုဂ္ဂိုလ်များသည်အတွေ့အကြုံရှိသည့်ပုဂ္ဂိုလ်များကိုရွေးချယ်တာဝန်ပေးခြင်းဖြစ်ပါကြောင်း၊ မိမိတို့၏ သက်ဆိုင်ရာဌာနအလိုက် ဆောင်ရွက်ပေးရမည့် ကိစ္စရပ်များကို မှန်မှန်ကန်ကန်၊ မြန်မြန်ဆန်ဆန် အကောင်းဆုံးဖြစ်ရန် ဆောင်ရွက်ပေးနိုင်မည်ဟု ယုံကြည်အားထားပါကြောင်း၊ အားလုံးမိမိတို့နှင့်အတူ လက်တွဲလုပ်ဆောင်ပေးရန် မေတ္တာရပ်ခံကြောင်း၊ တပ်မတော် စတင်တာဝန်ယူကတည်းက ကြေညာပြီးဖြစ်ကြောင်း၊ မိမိတို့သည် ခေတ္တထိန်းပေးသည့် သဘောဖြစ်ကြောင်း၊ ခေတ္တထိန်းပေးရာတွင် နိုင်ငံခြားရေး မူဝါဒ၊ အုပ်ချုပ်ရေးနှင့် ပတ်သက်သည့် မူဝါဒ၊ စီးပွားရေးနှင့် ပတ်သက်သည့် မူဝါဒလုံးဝပြောင်းလဲမည်မဟုတ်ကြောင်း၊လက်ရှိသွားနေသည့် နိုင်ငံရေးလမ်းစဉ်အပေါ်တွင် လုံးဝပြောင်းလဲခြင်းမရှိကြောင်း၊ ယင်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ကို ပြောကြားလိုကြောင်း၊ ယင်းအတွက် တိုင်းပြည်၊ ပြည်သူလူထုအနေဖြင့် ပူပန်ကြောင့်ကြစွာဖြင့် ရှိနေချိန်တွင် မိမိတို့၏လုပ်ဆောင်ချက်ဖြင့် ပြည်သူများအား စိတ်အေးလက်အေးနှင့် အလုပ်လုပ်ကိုင်နိုင်ရန် ဖော်ဆောင်ပေးနိုင်မည်ဟု ယုံကြည်ကြောင်း။

မိမိတို့အနေဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် မူဝါဒအနေဖြင့် ပြောင်းလဲစရာအကြောင်း မရှိကြောင်း၊ ဆောက်လုပ်ဆဲလမ်း၊ တံတားလုပ်ငန်းများ၊ တည်ဆောက်ရေးလုပ်ငန်းများ၊ ပုဂ္ဂလိကကဏ္ဍများနှင့် လုပ်ဆောင်နေသည့် ကိစ္စရပ်များ၊ ဝန်ကြီးဌာနများနှင့် လုပ်ဆောင်နေသည့် ကဏ္ဍများရှိကြောင်း၊ ယင်းလုပ်ငန်းများကို စည်းကမ်းနှင့်အညီ လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း၊ ပုဂ္ဂလိကနှင့် ဆောင်ရွက်နေသည့် လုပ်ငန်းများထဲတွင် တိုင်ကြားမှုများရှိသည့် လုပ်ငန်းများရှိကြောင်း၊ ယင်းလုပ်ငန်းများကို ပြန်လည်စိစစ်ပြီးမှ ဆက်လက်လုပ်ဆောင်သွားရမည် ဖြစ်ပါကြောင်း၊ တိုင်ကြားမှုများ၊ ပြဿနာများ မရှိဘဲ တိုင်းပြည်အတွက် အကျိုးရှိအောင် လုပ်ဆောင်နေသည့် လုပ်ငန်းများကို ဆက်လက်ခွင့်ပြုသွားရမည်ဖြစ်ပါကြောင်း၊ ဆောက်လုပ်ရေးလုပ်ငန်းများကို မရပ်ထားဘဲ ဆက်လက်လုပ်ဆောင်ရန် လုပ်ငန်းရှင်များကို ပြောကြားထားပြီး ဖြစ်ပါကြောင်း။

## စနစ်တကျ လိုက်နာဆောင်ရွက်

သို့မှသာ လုပ်သားများ အလုပ်အကိုင်နှင့် ဝင်ငွေရရှိကြမည်ဖြစ်ကြောင်း၊ ဝင်ငွေရရှိမှ လူမှုစီးပွားများ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ သို့သော်လည်း COVID-19

နှင့်ပတ်သက်ပြီး သတ်မှတ်ထားသည့် စည်းကမ်းချက်များကို အလေးထား လိုက်နာရမည်ဖြစ်ကြောင်း၊ မလေးစား၊ မလိုက်နာသည့် လုပ်ငန်းများကို ရပ်ဆိုင်းရမည်ဖြစ်ကြောင်း၊ လုပ်ငန်းများ ဆောင်ရွက်သည့်အခါ ကိုဗစ်ကာကွယ်ရေးနည်းလမ်းများနှင့် လုပ်ငန်းခွင်အတွင်း သတ်မှတ်ထားသည့် စည်းကမ်းများကို လိုက်နာကြရန် လိုအပ်ကြောင်း၊ သတ်မှတ်စည်းမျဉ်း စည်းကမ်းများကို စနစ်တကျ လိုက်နာဆောင်ရွက်လျှင် မိမိတို့အနေဖြင့် ခွင့်မပြုနိုင်စရာ အကြောင်းမရှိကြောင်း။ တိုင်းပြည်အတွက် မှန်မှန်ကန်ကန် လုပ်ဆောင်ပေးကြရန်နှင့် စာရင်းဇယားများ မှန်မှန်ကန်ကန်ဖြစ်ရန် တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးပြောကြားပြီး ဖြစ်ပါကြောင်း၊ လုပ်သင့်လုပ်ထိုက်သည့် လုပ်ငန်းများအားလုံးကို စာရင်းဇယားအတိုင်း၊ စာရင်းစစ်၏ Process အတိုင်း မှန်မှန်ကန်ကန် စစ်ဆေးဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊ ညှို၍ဆောင်ရွက်ခြင်းများ ဖြစ်မလာစေရန် ကြပ်မတ်ဆောင်ရွက်သွားရန် လိုကြောင်း ပြောကြား သည်။

မိမိတို့အနေဖြင့်
လုပ်ငန်းများဆောင်ရွက်ရာတွင်
မူဝါဒအနေဖြင့် ပြောင်းလဲစရာ
အကြောင်းမရှိ၊
ဆောက်လုပ်ဆဲလမ်း၊ တံတားလုပ်ငန်းများ၊
တည်ဆောက်ရေးလုပ်ငန်းများ၊
ပုဂ္ဂလိကကဏ္ဍများနှင့်
လုပ်ဆောင်နေသည့် ကိစ္စရပ်များ၊
ဝန်ကြီးဌာနများနှင့် လုပ်ဆောင်နေသည့်
ကဏ္ဍများရှိ ယင်းလုပ်ငန်းများကို
စည်းကမ်းနှင့်အညီ
လုပ်ဆောင်ကြရမည်ဖြစ်။

## လုပ်ငန်းများရှင်းလင်းတင်ပြ

ထို့နောက် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးသိန်းစိုး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရွှေလေး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာဒေါ်သီတာဦး၊ ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာကံဇော်၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးသန်းညိန်း၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးသန်းဆွေတို့က ဌာနအလိုက် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က နိဂုံးချုပ် အမှာစကားပြောကြားရာတွင် COVID–19 ကပ်ရောဂါကြောင့် မိမိတို့နိုင်ငံ၏ စီးပွားရေး တုန့်ဆိုင်းလျက်ရှိကြောင်း၊ ထို့ကြောင့် စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ ဆောက်လုပ်ရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ပို့ဆောင်ဆက်သွယ်ရေး စသည့်ကဏ္ဍများအားလုံးကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ပြင်ပတွင် ကောလာဟလသတင်းများ ထွက်ပေါ်နေသည့် ၅၀၀၀ ကျပ်တန်နှင့် ၁၀၀၀၀ ကျပ်တန် ငွေစက္ကူများ ဖျက်သိမ်းမည်ဆိုသော သတင်းမှားများ ပျံ့နှံ့ခဲ့မှုကြောင့် အဆိုပါ သတင်းများမှန်ကန်မှု မရှိကြောင်းကို နိုင်ငံတော်ဗဟိုဘဏ်မှ ထုတ်ပြန်ခဲ့ပြီးဖြစ်ကြောင်း၊ အာဆီယံနိုင်ငံများနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသည့် ကိစ္စရပ်များကိုလည်း အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ယခုတွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများသည် ဌာနများ၊ အဖွဲ့အစည်းများ၏ အဆုံးအဖြတ်ပေးနိုင်သည့် ပုဂ္ဂိုလ်များ ဖြစ်သည့်အတွက်လုပ်ငန်းများကို အရှိန်အဟုန်ပြင်းပြင်းဖြင့် ဥပဒေ၊ စည်းကမ်းများနှင့်အညီ ရဲရဲတင်းတင်း မြန်မြန်ဆန်ဆန် မှန်မှန်ကန်ကန် ဆောင်ရွက်ရန် လိုအပ်ကြောင်း မှာကြားခဲ့ပါသည်။

GGGG HHHH

# မြန်မာနိုင်ငံဘဏ်များအသင်း နာယက၊ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ပုဂ္ဂလိကဘဏ်များမှ ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံပွဲတွင် ပြောကြားသည့် အမှာစကား

(၄-၂-၂၀၂၁)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဖေဖော်ဝါရီလ ၄ ရက်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ငုရွှေဝါခန်းမ၌ မြန်မာနိုင်ငံဘဏ်များအသင်း နာယက၊ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ပုဂ္ဂလိကဘဏ်များမှ ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ဖဒိုမန်းငြိမ်းမောင်၊ ဦးသိန်းညွန့်၊ ဦးခင်မောင်ဆွေ၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေးနှင့် တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်း၊ မြဝတီဘဏ်ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ဆန်းဦး၊အင်းဝဘဏ်ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ညိုစော၊ ကမ္ဘောဇဘဏ် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်၊ ရောဝတီဘဏ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်စောဦး၊ သမဝါယမဘဏ်ဥက္ကဋ္ဌ ဦးခင်မောင်အေး၊ မြန်မာ့ရှေ့ဆောင်ဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဝင်းမင်းခိုင်၊ ယူအေဘီဘဏ်ဥက္ကဋ္ဌ ဦးနေအောင်၊ အာရှစိမ်းလန်းမှုဖွံ့ဖြိုးရေးဘဏ် ဒုတိယဥက္ကဋ္ဌ ဦးထူးထက်တေဇ၊ ထွန်းကော်မာရှယ်ဘဏ်ဥက္ကဋ္ဌ ဦးသိန်းထွန်း၊ ရွှေဘဏ်ဥက္ကဋ္ဌ ဦးကျော်ဝင်း၊ သတ္တုဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌ ဦးရိုးမူ၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများဖွံ့ဖြိုးရေးဘဏ် CEO ဒေါက်တာဇေယျာညွန့်၊ မြန်မာ နိုင်ငံသားများဘဏ်ဥက္ကဋ္ဌ ဦးတိုးအောင်မြင့်၊ ပထမပုဂ္ဂလိက ဘဏ် CEO ဦးမြင့်ဇော်၊ ရိုးမဘဏ်ဥက္ကဋ္ဌ ဦးသိန်းဝေ၊ မြန်မာအရှေ့တိုင်းဘဏ်ဥက္ကဋ္ဌ ဒေါ်ကြည်ကြည်သန်း၊ ကမ္ဘာ့ရတနာဘဏ် CEO ဦးကိုကိုအောင်၊ ကျေးလက်ဖွံ့ဖြိုးရေးဘဏ် CEO ဦးအေးကျော်၊

နေပြည်တော် ဖွံ့ဖြိုးရေးဘဏ် CEO ဦးအောင်ကျော်ငြိမ်း၊ မြန်မာ မက်ထရိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဇော်ဝင်းနိုင်၊ ဆောက်လုပ်ရေး အိမ်ရာနှင့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌ ဦးမင်းထိန်၊ ဧရာဝတီတောင်သူ လယ်သမားဖွံ့ဖြိုးရေး ဘဏ်ဥက္ကဋ္ဌ ဦးဇော်ဝင်းရှိန်၊ ဂုဏ်ထူးဆောင် တောင်သူလယ်သမားဖွံ့ဖြိုးရေးဘဏ် ဒုတိယဥက္ကဋ္ဌ ဦးရဲမြင့်၊ မြန်မာ့ ခရီးသွားဘဏ်ဥက္ကဋ္ဌ ဦးရန်ဝင်း၊ ရန်ကုန်မြို့တော်ဘဏ် CEO ဦးကျော်သန်းနှင့် တောင်သူလယ်သမားဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌ ဦးစိုင်းမျိုးဝင်းတို့ တက်ရောက်ကြသည်။

**တစ်ဦးချင်းမိတ်ဆက်**

ရှေးဦးစွာ တက်ရောက်လာကြသည့် ပုဂ္ဂလိကဘဏ်များမှ ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများ၊ တာဝန်ရှိသူများက တစ်ဦးချင်းမိတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အမှာစကားပြောကြားရာတွင် မိမိတို့ ယခုလိုတွေ့ဆုံခြင်းမှာ အခြေအနေအရပ်ရပ်ကို တွေ့ဆုံဆွေးနွေးခြင်းဖြစ်ကြောင်း၊ တိုင်းပြည်တစ်ခု၏ အဓိကမောင်းနှင်အားမှာ စီးပွားရေးဖြစ်ကြောင်း၊ စီးပွားရေးကောင်းမွန်ပါက တိုင်းပြည်တိုးတက်မည်ဖြစ်ကြောင်း၊ စီးပွားရေးလုပ်ငန်းများထဲတွင် ဘဏ်လုပ်ငန်းသည် အရေးကြီးကြောင်း၊ နိုင်ငံတကာတွင်လည်း ဘဏ်များ၏ အခန်းကဏ္ဍအား ထိထိရောက်ရောက် ဆောင်ရွက်နိုင်သည့် နိုင်ငံများသည် စီးပွားရေးတိုးတက် ကောင်းမွန်သည်ကို တွေ့ရှိရကြောင်း။

**ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်**

ယမန်နေ့က မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်နှင့် ညီနောင်အသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် တွေ့ဆုံခဲ့ပြီး တိုင်းပြည်စီးပွားရေး ပြန်လည်ကောင်းမွန်ရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းခဲ့ကြောင်း၊ ကုန်ဈေးနှုန်းကျဆင်းရန် တာဝန်ရှိသူအားလုံးက အသိတရားရှိရှိဖြင့် ပူးပေါင်းဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ ထုတ်ကုန်များ ပေါပေါများများ ထုတ်လုပ်နိုင်ရန်နှင့် အလုပ်အကိုင် အခွင့်အလမ်းများ ဖော်ဆောင်ပေးရန် လိုအပ်ကြောင်း၊ အလုပ်အကိုင်ရှိပါက ဝင်ငွေရရှိနေမည်ဖြစ်ကြောင်း၊ အလုပ်ရှင်များဘက်က ကြည့်ပါက လုပ်ငန်းလည်ပတ်နေသည့်အတွက်ထုတ်ကုန်ပစ္စည်းများထုတ်လုပ်ရောင်းချနိုင်ပြီး ဝင်ငွေရရှိနေမည်ဖြစ်ကြောင်း၊ ယင်းအချက်များသည် အခြေခံကျကြောင်း၊ မိမိအနေဖြင့် လုပ်ငန်းများကို ပုံမှန်လည်ပတ်နေစေလိုကြောင်း၊ လုပ်ငန်းများ ပုံမှန်လည်ပတ်ရာတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် COVID-19 ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ယင်းအမိန့်များကိုလည်း လိုအပ်သည်များမှလွဲ၍ ပြောင်းလဲဆောင်ရွက်သွားမည်မဟုတ်ကြောင်း၊ လုပ်ငန်းများ လုပ်ဆောင်ရာတွင် COVID-19 စည်းကမ်းများနှင့်အညီ လုပ်ဆောင်ရန်နှင့် တာဝန်ယူရန်လိုအပ်ကြောင်းကို ပြောကြားခဲ့ကြောင်း။

**စနစ်တကျဖြင့် လည်ပတ်ရန်လို**

ယခုတက်ရောက်လာကြသူများသည် ငွေကြေးနှင့် ပတ်သက်သည့် လုပ်ငန်းများကို လုပ်ကိုင်နေကြသူများဖြစ်ကြောင်း၊ ယမန်နေ့က တွေ့ဆုံခဲ့သည့် လုပ်ငန်းရှင်များသည် ဘဏ်လုပ်ငန်းရှင်များမှ စီးဆင်းလာသည့် ငွေဖြင့် လုပ်ကိုင်ဆောင်ရွက်နေကြရသည့်အတွက် ဘဏ်လုပ်ငန်းရှင်များနှင့် တွေ့ဆုံရန်လိုအပ်သည်ဟု ယူဆသည့်အတွက် ယခုကဲ့သို့ တွေ့ဆုံခြင်းဖြစ်ကြောင်း၊ စီးပွားရေး၏ အဓိကမောင်းနှင်အားမှာ ဘဏ်များဖြစ်ကြောင်း၊ထို့ကြောင့်ဘဏ်လုပ်ငန်းများနှင့်ပတ်သက်၍ စနစ်တကျနှင့် ထိထိရောက်ရောက် လည်ပတ်စေလိုကြောင်း၊ မိမိအနေဖြင့် ပြည်တွင်းဘဏ်များကို အားပေးကြောင်း၊ တစ်နိုင်ငံလုံးတွင် ဘဏ်လုပ်ငန်းများ ရှိပါက အကောင်းဆုံးဖြစ်ကြောင်း၊ ပြည်သူများအနေဖြင့် ဘဏ်တွင် အချိန်ကုန်ခံပြီး ဆောင်ရွက်နေရမည့်အစား လွယ်လွယ်ကူကူဖြင့် ဆောင်ရွက်၍ရသည့်စနစ်ကို သွားစေချင်ကြောင်း၊မိမိတို့နိုင်ငံအတွင်းရှိအီလက်ထရောနစ်ဖြင့် ဆောင်ရွက်သည့် ဘဏ်လုပ်ငန်းစနစ်ကိုလည်း တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ရန်အတွက် အားပေးကြောင်း၊ သို့သော် စနစ်တကျဖြင့် လည်ပတ်ရန် လိုအပ်ကြောင်း၊ ဘဏ်လုပ်ငန်းရှင်များ၏ ဆောင်ရွက်လိုသည့် အချက်များနှင့် လိုအပ်ချက်များကို သိလိုကြောင်း၊ ၅၀၀၀ ကျပ်တန်နှင့် ၁၀၀၀၀ ကျပ်တန်များအား ဖျက်သိမ်းမည်ဟု ကောလာဟလသတင်းများ ထွက်ခဲ့ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ထုတ်ဝေပြီးသည့် ပိုက်ဆံများကို ဖျက်သိမ်းမည် မဟုတ်ဟု ပါရှိပြီးဖြစ်ကြောင်း၊ ထို့ကြောင့် လိုအပ်သည့် ထုတ်ပြန်ချက်များ ထုတ်ပြန်ဆောင်ရွက်ပေးခဲ့ကြောင်း။

**မူဝါဒများလုံးဝမပြောင်းလဲ**

မိမိတို့အနေဖြင့် လက်ရှိနိုင်ငံတော်က ဆောင်ရွက်နေသည့် နိုင်ငံရေး၊ စီးပွားရေး၊ ငြိမ်းချမ်းရေး၊ နိုင်ငံတကာဆက်ဆံရေးတို့နှင့်စပ်လျဉ်း၍ မူဝါဒများ လုံးဝမပြောင်းလဲကြောင်း၊ မိမိတို့သည် ခေတ္တခဏ တာဝန်ယူကြသူများသာဖြစ်ကြောင်း၊ ယနေ့တွေ့ဆုံခြင်းတွင် တိုင်းပြည်၏မောင်းနှင်အားတစ်ခုဖြစ်သည့် ဘဏ်လုပ်ငန်းရှင်များအနေဖြင့် မည်သို့ပါဝင်မည်၊ မိမိတို့ မည်သည့်ကိစ္စများကိုပံ့ပိုးဆောင်ရွက်ပေးရမည်ကို သိရှိလိုကြောင်း၊ တင်ပြချက်များနှင့် စပ်လျဉ်း၍ လတ်တလောဖြေရှင်းပေးရမည့်အချက်များကို လတ်တလောဖြေရှင်း ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း၊ ရေရှည်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို လမ်းကြောင်းမှန် ပေါ်ရောက်အောင်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**ဆွေးနွေးတင်ပြ**

ယင်းနောက် မြန်မာနိုင်ငံဘဏ်များအသင်းဥက္ကဋ္ဌဦးခင်မောင်အေး၊ နာယက ဦးသိန်းထွန်း၊ ယူအေဘီဘဏ်ဥက္ကဋ္ဌ ဦးနေအောင်၊ ဧရာဝတီဘဏ် ဒုတိယဥက္ကဋ္ဌဒေါ်ခင်စောဦး၊ ရွှေဘဏ်ဥက္ကဋ္ဌ ဦးကျော်ဝင်းတို့က ငွေကြေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှု မူဝါဒများ ပြုပြင်ပြောင်းလဲပေးရန်ကိစ္စ၊ ပြည်ပဘဏ်များကိစ္စနှင့် အမျိုးသားအကျိုးစီးပွား ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး ဖော်ဆောင်ပေးရန်ကိစ္စ၊ အတိုးနှုန်းလျှော့ချရေးနှင့်စပ်လျဉ်း၍ အချိန်ယူစဉ်းစားပေးရန်ကိစ္စ၊ နယ်စပ်ကုန်သွယ်မှုတွင် ပြည်ပငွေသုံးစွဲခွင့်ရရှိရန်ကိစ္စ၊ Digital Payment ပြုပြင်ပြောင်းလဲသွားရန်ကိစ္စ၊ ဘဏ်များက ဆောင်ရွက်နေသည့် အသေးစားချေးငွေကိစ္စနှင့် အာမခံလုပ်ငန်းများ အောင်မြင်စွာ ဖော်ဆောင်နိုင်ရန်ကိစ္စ၊ ဆောက်လုပ်ရေးလုပ်ငန်းနှင့် အိမ်ခြံမြေလုပ်ငန်းများတွင် ပေးဆောင်ရသည့်အခွန်များ လျှော့ချပေးရန်ကိစ္စတို့ကို ဆွေးနွေးတင်ပြကြသည်။

ဆွေးနွေးတင်ပြချက်များနှင့်စပ်လျဉ်း၍ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က COVID-19 သက်ရောက်မှုကြောင့်ထိခိုက်နစ်နာနေသည့် စီးပွားရေးလုပ်ငန်းများ သက်သာခွင့်ရအောင် ဝန်ကြီးဌာနအနေဖြင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသွားမည့် အခြေအနေတို့ကိုလည်းကောင်း၊ ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးသန်းညိန်းက မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ဘဏ်များအသင်းနှင့် ဘဏ်လုပ်ငန်းရှင်များပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေတို့ကိုလည်းကောင်း ဆွေးနွေးပြောကြားသည်။

**ငွေကြေးမူဝါဒမှာ အရေးကြီး**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က နိဂုံးချုပ် အမှာစကားပြောကြားရာတွင်နိုင်ငံတကာတွင် ဘဏ်အတိုးနှုန်းမှာ နည်းပါးကြောင်း၊ငွေကြေးပုံမှန်လည်ပတ်မှု ကောင်းမွန်မှ တိုင်းပြည်စီးပွားရေး တိုးတက်ကောင်းမွန်မည်ဖြစ်ကြောင်း၊ငွေကြေးကို ရင်းနှီးမြှုပ်နှံပြီး စီးပွားရေးအတွက် အသုံးပြုနေရန်လိုအပ်ကြောင်း၊ ငွေကြေးမူဝါဒမှာ အရေးကြီးကြောင်း၊ မိမိတို့အနေဖြင့် ယိုင်နေသည့် စီးပွားရေးလုပ်ငန်းများကို ပြန်လည်တည့်မတ်ရန်၊ ဘဏ်များအဆင်ပြေစေရန်အတွက် ဗဟိုဘဏ်က မည်သို့ကူညီရမည်၊မည်သို့ဖြေလျှော့ပေးရမည်ကိုလတ်တလောကာလအတွင်း ဖြေရှင်းဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း၊နယ်စပ်ကုန်သွယ်မှုများတွင် နစ်နာမှုများ ရှိနေသည်ကိုသိရှိရကြောင်း၊ မိမိတို့နိုင်ငံတွင် ထုတ်လုပ်နိုင်သည့်စားသောက်ကုန်များကို ပြည်ပနိုင်ငံမှ တင်သွင်းနေရကြောင်း၊ သွင်းကုန်များထိန်းနိုင်ရန်အတွက် ပြည်တွင်းမွေးမြူရေးနှင့် စိုက်ပျိုးရေးလုပ်ငန်းများ၊ စားကုန်၊သောက်ကုန်၊ သုံးကုန်များကို ပြည်တွင်း၌ပင် ဖူလုံအောင်ထုတ်လုပ်နိုင်ရေး အားပေးသွားမည်ဖြစ်ကြောင်း၊ပြည်ပနိုင်ငံများရှိ မြန်မာစီးပွားရေးသံမှူးများအနေဖြင့်ပြင်ပဈေးကွက်သတင်းများကို ရှာဖွေကြရမည်ဖြစ်ကြောင်း၊ပြည်တွင်း၌ အရည်အသွေးမြင့်ထုတ်ကုန်များ ထုတ်လုပ်ပြီးပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချနိုင်ရန် လိုအပ်ပြီးဘဏ်လုပ်ငန်းရှင်များအနေဖြင့် ယင်းကိစ္စများကို ကူညီပေးစေလိုကြောင်း၊ အတိုးနှုန်းလျှော့ချရေးနှင့်ပတ်သက်ပြီး အချိန်ကာလတစ်ခုအထိ စောင့်ကြည့်ပြီး အကောင်းဆုံးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ပြည်တွင်းငွေကြေးခိုင်မာမှုရှိရန် အရေးကြီးကြောင်း၊ အခွန်နှင့်ပတ်သက်၍ရှောင်၍မရကြောင်း၊ ပေးသင့်ပေးထိုက်သည့်အခွန်ကိုပေးဆောင်ရမည်ဖြစ်ကြောင်း၊ ယင်းအတွက် အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ပြည်တွင်းဝယ်လိုအား တက်လာစေရေးအတွက် အလုပ်အကိုင်များဖော်ဆောင်ရေးနှင့် ငွေကြေးကူညီရေး ညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊အရေးပေါ်ကာလတွင် ယိုင်နေသည့်စီးပွားရေးကိုဘဏ်လုပ်ငန်းများ၏အားဖြင့် တည့်မတ်အောင်ကြိုးစားသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

GGGG HHHH

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များအား တွေ့ဆုံပြီး နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေး၊ ငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေးတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည့် အမှာစကား

(၈-၂-၂၀၂၂)



နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဖေဖော်ဝါရီလ ၈ ရက်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များအားတွေ့ဆုံပြီး နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေး၊ ငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေးတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေးနှင့် တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ မန်းငြိမ်းမောင်၊ ဦးသိန်းညွန့်၊ ဦးခင်မောင်ဆွေ၊ ဒေါ်အေးနုစိန်၊ Jeng Phang နော်တောင်၊ ဦးမောင်းဟာ၊ ဦးစိုင်းလုံးဆိုင်နှင့် စောဒန်နီယယ်တို့ တက်ရောက်ကြသည်။

## တည်ငြိမ်အေးချမ်းမှုရှိရန်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကား ပြောကြားရာတွင် နိုင်ငံတော်၏ အခြေအနေအရပ်ရပ်အပေါ် ရွေးကောက်ပွဲမတိုင်မီကာလ၊ မဲပေးရွေးချယ်သည့် ကာလနှင့် ရွေးကောက်ပွဲပြီးသည့် ကာလများတွင် ဖြစ်ပေါ်လာသည့် အခြေအနေအရပ်ရပ်ကို မည်သို့မျှ မိမိတို့အနေဖြင့် ဖြေရှင်းဆောင်ရွက်၍ မရနိုင်ဖြစ်ခဲ့ကြောင်း၊ ထို့ကြောင့် အရေးပေါ်အခြေအနေ ကြေညာ၍ ဆောင်ရွက်ခဲ့ရသည့် အနေအထားဖြစ်ကြောင်း၊ အကယ်၍သာ ဆောင်ရွက်ဖွယ်ရာရှိသည့် ကိစ္စရပ်များကို စည်းကမ်းနှင့်အညီ ဆောင်ရွက်မည်ဆိုပါက ယခုအခြေအနေမျိုးသို့ ရောက်ရှိ

မည် မဟုတ်ပါကြောင်း၊ တပ်မတော်အနေဖြင့်လည်း ဥပဒေအတိုင်း ဆောင်ရွက်မည်ဟု အတိအလင်းပြောခဲ့ပြီး ဖြစ်ကြောင်း၊ တပ်မတော်သည် ပါတီစုံဒီမိုကရေစီစနစ်ကို ဖော်ဆောင်ပေးခဲ့သည့်အတိုင်း ပါတီစုံဒီမိုကရေစီစနစ်ကို အပြည့်အဝဖော်ဆောင်သွားမည်ဖြစ်ကြောင်း၊ ဒီမိုကရေစီ စနစ်ကို သွားမည်ဆိုပါက နိုင်ငံရေးနှင့် လုံခြုံရေးသည် တည်ငြိမ်အေးချမ်းမှုရှိရန် လိုအပ်ကြောင်း၊ နိုင်ငံရေးအရ တည်ငြိမ်အေးချမ်းမှုဟု ပြောသည့်အခါ နိုင်ငံရေးရင့်ကျက်မှု ရှိရန်လည်း လိုအပ်ကြောင်း၊ ရင့်ကျက်မှုရှိမှ တည်ငြိမ် အေးချမ်းမည်ဖြစ်ကြောင်း၊ ရင့်ကျက်မှု မရှိပါက မည်သို့မျှ တည်ငြိမ်အေးချမ်းမှု မရှိနိုင်ကြောင်း၊ ထို့ကြောင့် နိုင်ငံရေး တည်ငြိမ်ရင့်ကျက်မှုရှိရန် ထိန်းကျောင်းရမည်၊ လေ့ကျင့် ပေးရမည် ဖြစ်ကြောင်း၊ နိုင်ငံရေးယဉ်ကျေးမှုများ စနစ် တကျဖြစ်ရန်လိုကြောင်း၊ နိုင်ငံရေးဆိုရာတွင် လူတိုင်း အမြင်ချင်း တစ်ထပ်တည်း မည်သို့မျှ မကျနိုင်ကြောင်း၊ ကွဲလွဲမှုရှိကြမည်ဖြစ်ကြောင်း၊ ကွဲလွဲမှုရှိသည့်အခါတွင် ယင်းအပေါ်တွင် မိမိတို့လုပ်ချင်တိုင်း လုပ်လို့ရသည်ဆိုသည့် အမြင်မျိုး (အစား) နိုင်ငံရေးကို တည်ငြိမ်အေးချမ်းသည့် နိုင်ငံရေးစနစ်နှင့် စည်းကမ်းတကျရှိသည့် နိုင်ငံရေးစနစ် ဆိုသည့် နိုင်ငံရေးယဉ်ကျေးမှုကို တည်ဆောက်ပြီး လုပ်မည်ဆိုပါက ယင်းအပြောကျယ်လှသည့် နိုင်ငံရေး သည် အင်မတန်သာယာသည့် နိုင်ငံရေးဖြစ်လိမ့်မည် ဖြစ်ကြောင်း၊ "တိမ်တောင်သဖွယ် မင်းရေးကျယ်" ဟု ပြောကြပါကြောင်း၊ အင်မတန်ကျယ်ပြောလှသည့် နိုင်ငံရေးလောကကြီးထဲတွင် မိမိတို့သည် နိုင်ငံရေး ယဉ်ကျေးမှုနဲ့ သွားကြရန် လိုကြောင်း။

## သမိုင်းပြန်လှည့်ကြည့်ပါက တွေ့နိုင်

ဒီမိုကရေစီဆိုသည်မှာ အများ၏ဆန္ဒနှင့် ဆောင်ရွက် ခြင်းဖြစ်ကြောင်း၊ အများ၏ဆန္ဒနှင့် ဆောင်ရွက်သည် ဆိုသော်လည်း အများ၏ဆန္ဒသည် စစ်မှန်ပြီး ရိုးသား သည့် နိုင်ငံရေးဖြစ်ရန်လိုကြောင်း၊ အများဆန္ဒသည် ရိုးသားမှု မရှိပါက ယင်းနိုင်ငံရေးသည် ဒီမိုကရေစီဟု ပြောနိုင်ရန် ခဲယဉ်းကြောင်း၊ မိမိတို့ ဖြတ်သန်းလာခဲ့သည့် တစ်လျှောက်တွင် ပါလီမန်စနစ်သွားခဲ့ကြကြောင်း၊ ထို့နောက် တော်လှန်ရေး ကောင်စီတက်လာပြီး မြန်မာ့နည်း မြန်မာ့ဟန်ဖြင့် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်အတိုင်း သွားခဲ့ကြပါကြောင်း၊ ထို့နောက် တပ်မတော်အစိုးရ အုပ်ချုပ်မှုကို သွားခဲ့ပါကြောင်း၊ တပ်မတော်အစိုးရမှ ပြည်သူလိုလားသည့် ပါတီစုံဒီမိုကရေစီစနစ်ကို ဖော်ဆောင် ခဲ့ကြောင်း၊ အခြေခံဥပဒေရေးဆွဲပြီး ၂၀၁၁ ခုနှစ်တွင် တက်လာသည့်ရွေးကောက်ခံပါတီကို မိမိတို့က တာဝန်လွှဲ၍ ယခုပါတီစုံဒီမိုကရေစီလမ်းကြောင်းကို သွားပါကြောင်း၊ ပါလီမန်စနစ်၊ တော်လှန်ရေး ကောင်စီ၊ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီစနစ်၊ တပ်မတော်အစိုးရစနစ် ကျင့်သုံး ခဲ့သည့် နိုင်ငံရေး ဆောင်ရွက်ချက်များသည် ရိုးသားမှု မည်မျှရှိသည်၊ အားပြိုင်မှုမည်မျှရှိသည်၊ အာဃာတများ မည်မျှရှိသည် စသည်တို့ကို သမိုင်းပြန်လှန်ကြည့်ပါက တွေ့နိုင်ကြောင်း။

## နိုင်ငံရေးယဉ်ကျေးမှုများ ရှိရန်လို

ယခုဖွဲ့စည်းသည့် ကောင်စီတွင် မိမိထက် အသက်များစွာကြီး၍ အတွေ့အကြုံရှိသည့် ပုဂ္ဂိုလ်များ ပါဝင်ပါကြောင်း၊ မိမိအနေဖြင့် ယခုကိစ္စအပေါ် များစွာ စဉ်းစားခဲ့ကြောင်း၊ ရိုးသားသည့်၊ စစ်မှန်သည့် နိုင်ငံရေး ယဉ်ကျေးမှုများ ရှိရန်လိုအပ်ကြောင်း၊ ပါလီမန်စနစ်ကို ကြည့်ကြည့်၊ တော်လှန်ရေးကောင်စီခေတ်ကို ကြည့်ကြည့်၊ လမ်းစဉ်ပါတီအစိုးရခေတ်ကိုကြည့်ကြည့် မိမိတို့ တွေ့နိုင် ကြောင်း၊ ထို့ကြောင့် မိမိတို့တိုင်းပြည်၏ ပကတိအခြေ အနေနှင့် ကိုက်ညီသည့် ပါတီစုံဒီမိုကရေစီစနစ်ကို မိမိတို့ မှန်မှန်ကန်ကန်သွားနိုင်မှသာ နိုင်ငံရေးသည် တည်ငြိမ်မှု ရမည် ဖြစ်ကြောင်း၊ နိုင်ငံရေးတည်ငြိမ်မှု ရမှသာလျှင်၊ လုံခြုံရေးနှင့် တည်ငြိမ်မှုဆိုသည်မှာလည်း နောက်ဆက်တွဲ ပါလာမည်ဖြစ်ကြောင်း၊ တစ်ဖက်က လုံခြုံရေးနှင့် တည်ငြိမ်ရေးရှိမှသာ နိုင်ငံရေးနှင့် တည်ငြိမ်မှုတို့သည် ဟန်ချက်ညီညီဖြင့် သွားမည်ဖြစ်ကြောင်း။

## ကြားဖြတ်ရွေးကောက်ပွဲများလည်း ရှိခဲ့

ဒီမိုကရေစီစနစ်တွင် ရွေးကောက်ပွဲဆိုသည်မှာ အသက်ဖြစ်ကြောင်း၊ အများဆန္ဒဟု ပြောသည့်အတွက် ရွေးကောက်ပွဲကို ဆန္ဒပြုခြင်းနှင့်သွားကြကြောင်း၊ ဆန္ဒပြု ခြင်းဖြင့် သွားသည့်အတွက် ယင်းဆန္ဒပြုခြင်းသည် မှန်မှန် ကန်ကန်ဖြစ်ရန် လိုအပ်ကြောင်း၊ လွတ်လပ်စွာ၊ မှန်ကန်စွာ ဆန္ဒပြုခြင်းဖြင့် ဒီမိုကရေစီ၏ အနှစ်သာရကို လွတ်လွတ် လပ်လပ် မှန်မှန်ကန်ကန် ပေး၍ရကြောင်း၊ သမာသမတ် မကျလျှင် ပြည်သူ့ဆန္ဒအမှန်တိုင်းဖြစ်ရန် ခဲယဉ်း ပါကြောင်း၊ မြန်မာနိုင်ငံသည် ၂၀၁၁ ခုနှစ်မှစတင်၍

ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးခဲ့ကြောင်း၊ ၂၀၁၀ ပြည့်နှစ်နှင့် ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲကြီးများ ပြုလုပ်ခဲ့ပြီး ရွေးကောက်ပွဲကြီးများကြားတွင် ကြားဖြတ်ရွေးကောက်ပွဲများလည်းရှိခဲ့ကြောင်း၊အဆိုပါရွေးကောက်ပွဲများ၌လည်း ပြဿနာအနည်းငယ်နှင့် တိုင်ကြားတရားစွဲမှုများရှိခဲ့သော်လည်း ဖြေရှင်းဆောင်ရွက်နိုင်ခဲ့သည့်အတွက် ပြဿနာကြီးကြီးမားမားမရှိဘဲ သမာသမတ်ရှိသည့် ဆုံးဖြတ်ချက်ဟူ၍ လက်ခံသွားကြကြောင်း။

**တက်တက်ကြွကြွဖြင့် မဲပေးခဲ့**

ပြီးခဲ့သည့် တတိယအကြိမ် အထွေထွေရွေးကောက်ပွဲတွင် ရွေးကောက်ပွဲအကြိုကာလ၊ ရွေးကောက်ပွဲ မဲပေးနေသည့်ကာလနှင့်ရွေးကောက်ပွဲပြီးသည့်ကာလများတွင် ပြဿနာများရှိလာပြီး ကြီးမားသည့်ပြဿနာများ ဖြစ်လာသည်ကို တွေ့ရကြောင်း၊ ရွေးကောက်ပွဲမတိုင်မီ ဆောင်ရွက်သည့် ပါတီမဲဆွယ်စည်းရုံးရေးမှစတင်ကာ ပါတီများ၏ ပြောဆိုလုပ်ပိုင်ခွင့်နှင့်ပတ်သက်၍ တရားမျှတမှု သံသယဖြစ်စရာများ တွေ့လာကြောင်း၊ မိမိဆီသို့လည်း နိုင်ငံရေးပါတီများက စာရေးကြသည်များလည်း ရှိကြောင်း၊ မိမိအနေဖြင့် ဖိတ်ကြားပြီး ၎င်းတို့၏ ဆန္ဒများနှင့် အခြေအနေများကို မေးမြန်းကြောင်း၊ တစ်ဖက်တွင်လည်း ပါတီများနှင့် လူထု၏စာများကို ဖတ်ကြည့်သည့်အခါ ရွေးကောက်ပွဲအကြိုကာလ ဆောင်ရွက်ချက်များအပေါ် သံသယကြီးကြီးမားမား ဖြစ်နေသည်ကို တွေ့ရှိရကြောင်း၊ ထိုအချိန်မှစ၍ လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲဖြစ်ရေး ဆောင်ရွက်ပေးရန် ကြုံသည့်နေရာတိုင်းတွင် ပြောကြားခဲ့ကြောင်း၊ လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲဖြစ်စေရေး လုပ်ဆောင်ပေးရန် အဓိကဦးတည်၍ ပြောခဲ့ကြောင်း၊ ၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲနှင့် ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲတို့တွင် မဲပေးခဲ့ကြသည့်သူများနှင့် ပါတီများက အဆိုပါရွေးကောက်ပွဲများတွင် သံသယမရှိသည့်အတွက် တက်တက်ကြွကြွဖြင့် မဲပေးခဲ့ကြသည်ကို တွေ့ရကြောင်း။

၂၀၁၅ ခုနှစ် ရွေးကောက်ပွဲတွင် ၇၀ ရာခိုင်နှုန်းနီးပါး မဲပေးခဲ့ကြသည်ကို တွေ့ရကြောင်း၊ ၂၀၁၆ ခုနှစ်တွင် တက်လာသည့် အစိုးရလုပ်ဆောင်ချက်များအပေါ် ပြည်သူများအနေဖြင့် အားမလိုအားမရ ဖြစ်လာကြသည်ကို တွေ့ရကြောင်း၊ ပြည်သူများက ၎င်းတို့၏ ဆန္ဒအလျောက် အလွှာအသီးသီး၏ ခံစားချက်များကို မူတည်၍ အစိုးရလုပ်ဆောင်ချက်များအပေါ်မှာ အားမလိုအားမရ ဖြစ်လာသည့်အတွက် ရွေးကောက်ပွဲလုပ်ရန်ရှိလာသည့်အခါ ရွေးကောက်ပွဲအပေါ် စိတ်ပျက်ပြီး မဲမပေးချင်သောစိတ်များ ဖြစ်လာကြသည်ကို တွေ့ရပြီး No Vote လှုပ်ရှားမှုများ ဖြစ်လာကြောင်း။

**ရာနှုန်းပြည့်လက်ခံနိုင်ရန် ခဲယဉ်း**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ရွေးကောက်ပွဲလုပ်သည့်အခါ ရန်ကုန်တစ်မြို့နယ်လုံး မဲပေးသူ ၁၄ ရာခိုင်နှုန်းလောက်သာ ရှိသည်ကို သိရကြောင်း၊ လူ ၁၀၀ တွင် ၁၄ ယောက်သာ မဲပေးပြီး အဆိုပါ ၁၄ ယောက်ထဲမှ မဲများသူကို တာဝန်ပေးသည်ဆိုသည်မှာ တာဝန်ပေးအပ်ခြင်းခံရသောသူသည် သက်ဆိုင်ရာ မဲဆန္ဒရှင်အားလုံး၏ ကိုယ်စားပြုမှုအပေါ် အားပျော့ကြောင်း၊ ရာနှုန်းပြည့်လက်ခံနိုင်ရန် ခဲယဉ်းကြောင်း၊ ယင်းမှာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ရွေးကောက်ပွဲ အတွေ့အကြုံတစ်ခုဖြစ်ကြောင်း။

**လွတ်လွတ်လပ်လပ်မဲပေးရန် ဆောင်ရွက်ခဲ့**

၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲ၌ ရောက်သည့်နေရာတိုင်းတွင် နှစ်သက်ရာကို မဲပေးရန်တိုက်တွန်းပါကြောင်း၊ ဒီမိုကရေစီ၏ အနှစ်သာရသည် မဲပေးရန်ဖြစ်ကြောင်း၊ ဖြစ်သင့်သည်ကိုသာ ပြောပြကြောင်း၊ ဆုံးဖြတ်သည်မှာ ပြည်သူများပင်ဖြစ်ကြောင်း။ တပ်မတော်ကို တပ်တွင်း မဲရုံများတွင် မဲပေးခြင်းမှ အပြင်တွင်မဲပေးရမည်၊ ပြည်သူနှင့်အတူ မဲပေးရမည်ဟု ပြောလာသည့်အခါ မိမိအနေဖြင့် ချက်ချင်းပင် သဘောတူခဲ့ကြောင်း၊ ပြည်သူနှင့်အတူ မဲပေးသည်မှာ ပို၍ကောင်းကြောင်း၊ လွတ်လွတ်လပ်လပ် မဲပေးရန် ဆောင်ရွက်ခဲ့ကြောင်း၊ မဲပေးသည့်ကာလ၊ မဲပေးသည့်အချိန်တွင် မဲရုံများနှင့်ပတ်သက်၍ ကြိုတင်မဲ ပြဿနာများ ရှိကြောင်း၊ ကြိုတင်မဲများနှင့်စပ်လျဉ်း၍ အမိန့်၊ ညွှန်ကြားချက်များနှင့် ပြင်ဆင်ချက်များပေး၍ မဲပေးခိုင်းသည်ကို တွေ့ရကြောင်း၊ ဥပဒေကိုကျော်လွန်၍ မဖြစ်ကြောင်း၊ ရွေးကောက်ပွဲဥပဒေကို ကျော်လွန်သည့် အမိန့်များကို ထုတ်ပြန်မှုမပြုသင့်ကြောင်း၊ သို့သော် အဆိုပါအချက်များကို မျက်ကွယ်ပြု၍ ကိုဗစ်ဖြစ်သည်ကို အကြောင်းပြထုတ်ပြန်ထားသည့်အမိန့်များကိုတွေ့ရကြောင်း။

ဆိုလိုသည်မှာ မဲစာရင်းထုတ်ပြန်သည့်အခါနှင့် ကြိုတင်မဲပေးသည့်အခါ မှားယွင်းမှုများ စတင်တွေ့လာကြောင်း၊ ထို့ကြောင့် မိမိတို့က စနစ်တကျစိစစ်ဆောင်ရွက်ပေးရန် ပြောကြောင်း၊ တပ်မတော်အတွင်း၌ ကြိုတင်မဲပေးရာတွင် ကြိုတင်မဲပေးသည့် အချိန် ရက် ၉၀ မတိုင်မီ ရှိနေသူဖြစ်ရမည်ဟု ပြောပါကြောင်း။

မိမိတို့စည်းကမ်းနှင့်အညီ မဲပေးရန် ဆောင်ရွက်ပေးခဲ့ကြောင်း၊ ယင်းမှာ ကြိုတင်မဲပေးသည့်ကာလဖြစ်ကြောင်း၊ မဲရုံ၌ မဲပေးသည့်အချိန်တွင်လည်း တပ်မတော်အနေဖြင့် တစ်နိုင်ငံလုံးတွင်ရှိသည့် မဲပေးသည့်နေရာများတွင် မည်သည့်မြို့နယ် မည်သည့်မဲရုံ၌ မည်သို့မဲပေးသည် စသည်ဖြင့် လူဦးရေစာရင်း အကုန်ရှိကြောင်း၊ ဆက်သွယ်ရေးစနစ် အလွန်ကောင်းသည့် ခေတ်ကာလတွင် မိမိတို့အနေဖြင့် မသိစရာအကြောင်း မရှိပါကြောင်း။ မဲစာရင်းထဲတွင် မှတ်ပုံတင်မပါသူစာရင်းများ တွေ့ရကြောင်း၊ ကိုယ်စားလှယ်လောင်းများကပြော၍ သိရကြောင်း၊ ယင်းမှာ မဲပေးသည့်နေ့က ဖြစ်စဉ်ဖြစ်ကြောင်း၊ မိမိကိုလည်း တိုင်ကြကြောင်း၊ တချို့ပါတီများက စာနဲ့ရေးပြီး ပြောကြကြောင်း၊ မဲဆန္ဒရှင်တစ်ဦးက ယင်း၏ တွေ့ရှိချက်ကို မိမိထံစာရေးပြီး တင်ပြကြောင်း၊ မိမိအနေဖြင့် ကျွမ်းကျင်သူများခေါ်၍ ဆွေးနွေးကြောင်း၊ နောက်ဆုံး ကွန်ပျူတာနှင့် တိုက်ဆိုင်စစ်ဆေးသည့်အခါတွင် ရလဒ်များထွက်လာကြောင်း။ စထွက်သည့်အချိန်က စ၍ UEC ကို ရှင်းပြရန် မိမိတောင်းဆိုကြောင်း၊ UEC က ရေငုံနှုတ်ပိတ်နေပြီး ထုတ်ပြန်ချက်များ ထုတ်ကြောင်း၊ ယင်းပြဿနာမှာ မည်သို့မျှလက်ခံ၍ မရကြောင်း၊ မိမိအနေဖြင့် လွှတ်တော်သို့စာရေး၍ အသိပေးကြောင်း။

**UEC နှင့်သာသက်ဆိုင်**

ယင်းနောက် လွှတ်တော်အထူးအစည်းအဝေး ခေါ်ရန်အတွက် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များ နိုင်ငံရေးပါတီတချို့နှင့်ပေါင်းပြီး စာရေးတင်ပြကြောင်း၊ လွှတ်တော်က ငြင်းပယ်ခဲ့ကြောင်း၊ အမှန်အားဖြင့် လွှတ်တော်က ငြင်းပိုင်ခွင့် မရှိကြောင်း၊ အထူးအစည်းအဝေးကို ဥပဒေအရခေါ်ပေးပါဟု ပြောပါက ဥပဒေနှင့်ကိုက်ညီလျှင် ခေါ်ပေးရမည့်တာဝန်ရှိပြီး ငြင်းပယ်ခွင့်မရှိကြောင်း၊ နိုင်ငံတော်သမ္မတထံ ထပ်ပြီး တင်ပြကြောင်း၊ တရားဝင်ကာလုံခေါ်ပေးရန် တင်ပြသော်လည်း အသိအမှတ်မပြုကြောင်း၊ ထို့ကြောင့် အဆုံးအဖြတ်ပေးနိုင်သည့်သူကို စာရေးပါကြောင်း၊ အစိုးရအဖွဲ့ ကိုယ်စားလှယ် မိမိထံလာတွေ့ပြီး ဆွေးနွေးခဲ့ရာ အကျိုးအကြောင်းများဖြင့် ရှင်းပြခဲ့ကြောင်း၊ ကိုယ်စားလှယ်များကလည်း လက်ခံကြောင်း၊ သို့သော် အဖြေမရခဲ့ကြောင်း၊ ထို့ကြောင့် တရားဝင်ဖြစ်အောင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အနေဖြင့် အမျိုးသားလုံခြုံရေးနှင့် ကာကွယ်ရေးဆိုင်ရာအစည်းအဝေး ခေါ်ပေးစေလိုကြောင်း နိုင်ငံတော်သမ္မတထံသို့ စာထပ်ရေးခဲ့ကြောင်း၊ ယင်းတို့ အကြောင်းပြန်ချက်မှာ သမ္မတနှင့် လွှတ်တော်တွင် ဆုံးဖြတ်ပိုင်ခွင့် မရှိကြောင်း၊ UEC နှင့်သာ သက်ဆိုင်ကြောင်း၊ UEC နှင့် သာရှင်းရန် လိုကြောင်းစသည့်ဖြင့် တုံ့ပြန်ခဲ့ကြောင်း။

ဒီမိုကရေစီနည်းလမ်းအရ ဆောင်ရွက်ထားသည့် ရွေးကောက်ပွဲဖြစ်သည့်အတွက် မိမိအနေဖြင့် ယင်းကို မပျက်စီးစေလိုကြောင်း၊ အကြိမ်ကြိမ်အခါခါ သတင်းအချက်အလက်ပေးကြောင်း၊ သို့သော် မည်သို့မျှ မရသည့်အတွက်ယခုအနေအထားကိုရောက်ခဲ့ကြောင်း၊ ရွေးကောက်ပွဲကြောင့် ဖြစ်လာသည့် ပြဿနာအခြေခံကို ရှင်းပြခြင်းဖြစ်ကြောင်း။

ပုဒ်မ ၄၀ (ဂ) နှင့် ပုဒ်မ ၄၁၇ အရ နိုင်ငံတော်၏ အာဏာကို အဓမ္မရယူလိုခြင်းနှင့် အကျုံးဝင်နေသည်ကို တွေ့မြင်ရကြောင်း၊ ကျမ်းသစ္စာကျိန်ဆိုပြီး လွှတ်တော်ဥက္ကဋ္ဌများ၊ တာဝန်ရှိသည့် အဖွဲ့အစည်းများကို ဖွဲ့စည်းရန် လုပ်ဆောင်ခြင်းသည် အာဏာကို မတရားသဖြင့် ရယူရန် ပြုလုပ်ခြင်းဖြစ်ကြောင်း၊ ယင်းတို့မှာ ရွေးကောက်ပွဲ မတိုင်မီကာလ၊ ရွေးကောက်ပွဲကာလ၊ ရွေးကောက်ပွဲ အပြီးကာလများတွင် ဖြစ်ပေါ်ခဲ့သည့် အခြေအနေများ ဖြစ်ကြောင်း။

**ကော်မတီအကုန်လုံးကို အသိပေး**

မိမိတို့တာဝန်ယူပြီးနောက် ရွေးကောက်ပွဲမဲစာရင်းနဲ့ ပတ်သက်ပြီး ပြန်ပြီးစိစစ်မည်ဖြစ်ကြောင်း၊ ပြန်လည်စိစစ်ပြီး လုပ်သင့်လုပ်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မဲစာရင်းစစ်ရန်အတွက် ရွေးကောက်ပွဲကော်မရှင်က အရေးကြီးကြောင်း၊ အရေးပေါ်အခြေအနေ ကြေညာလိုက်သည့် အချိန်မှစပြီး ဥပဒေအရ ပျက်ပြယ်သွားပြီ ဖြစ်ကြောင်း၊ ရွေးကောက်ပွဲကော်မရှင်က အသစ်တက်လာမည်ဖြစ်

**ဒီမိုကရေစီစနစ်တွင် ရွေးကောက်ပွဲဆိုသည်မှာ အသက်ဖြစ်၊ အများဆန္ဒဟု ပြောသည့်အတွက် ရွေးကောက်ပွဲကို ဆန္ဒပြုခြင်းနှင့် သွားကြရ၊ ဆန္ဒပြုခြင်းဖြင့်သွားသည့်အတွက် ယင်းဆန္ဒပြုခြင်းသည် မှန်မှန်ကန်ကန်ဖြစ်ရန် လိုအပ်၊ လွတ်လပ်စွာ၊ မှန်ကန်စွာ ဆန္ဒပြုခြင်းဖြင့် ဒီမိုကရေစီ၏ အနှစ်သာရကို လွတ်လွတ်လပ်လပ် မှန်မှန်ကန်ကန် ပေး၍ရ၊ သမာသမတ်မကျလျှင် ပြည်သူ့ဆန္ဒအမှန်တိုင်းဖြစ်ရန် ခဲယဉ်း။**

ကြောင်း၊ ထူးခြားသည်မှာ ယခင်ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်သည့် မဲစာရင်းတွင် တတိယအကြိမ် မဲစာရင်း ထုတ်ပြန်သည်ဟု ပြောဆိုခဲ့ကြောင်း၊ ပဏာမစစ်သည့် အချိန်တွင် တတိယမဲစာရင်းကို ရှာမရပါကြောင်း၊ ရှိကောင်းရှိနိုင်မည်ဖြစ်သော်လည်း အကုန်ရှိချင်မှ ရှိနိုင်မည် ဖြစ်ကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်လောင်း အများစုသည် တတိယအကြိမ် မဲစာရင်းမရရှိကြဟု ပြောကြောင်း၊ မိမိအနေဖြင့် ယခုတာဝန်ရှိသူများနှင့် ပဏာမစစ်သည့် အချိန်တွင် တတိယအကြိမ် မဲစာရင်းယခုအထိ မရသေးကြောင်း၊ သို့သော်တွေ့ရှိပါက တတိယအကြိမ် မဲစာရင်းကို ပြန်လည်စစ်ဆေးမည်ဖြစ်ကြောင်း၊ တပ်မတော်က စစ်သည့်အခါ ပထမအကြိမ်မဲစာရင်းကို စစ်ကြောင်း၊ ဒုတိယအကြိမ် မဲစာရင်းရသည့်အချိန်တွင် ပထမအကြိမ် ရသည့် မဲစာရင်းနှင့် ဒုတိယအကြိမ်မဲစာရင်း သိပ်မကွာပါကြောင်း၊ အနည်းအကျဉ်းသာကွာကြောင်း၊ ထို့ကြောင့် မိမိတို့က မဲစာရင်းရလဒ်နှင့် ပတ်သက်ပြီး အတည်ပြုနိုင်ရန်အတွက် နံပါတ်တစ် လုပ်ဆောင်မည် ဖြစ်ကြောင်း၊ လုပ်ဆောင်ပြီးပါက ကြေညာမည်ဖြစ်ကြောင်း၊ မကြာခင် ကြေညာမည်ဖြစ်ကြောင်း၊ အကြမ်းဖျင်း မဟုတ်ဘဲ အကုန်လက်မှတ်ထိုးပြီး ကော်မတီတွင်လည်းတင်ပြ၍ ကော်မတီအကုန်လုံးကို အသိပေးပြီး ကြေညာမည် ဖြစ်ကြောင်း။

ဒုတိယအချက်အနေဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါသည် တားဆီး၍ရသည့် ရောဂါမဟုတ်ပါကြောင်း၊ ကောင်စီဝင်များ မစုံလင်ချိန်တွင် သက်ဆိုင်ရာဝန်ကြီးများ ခန့်အပ်ပြီး ခေါ်တွေ့ပါကြောင်း၊ ကိုဗစ်-၁၉ အတွက် အားသွန်ခွန်စိုက်လုပ်ရန် လိုအပ်ပါကြောင်း၊ ကိုဗစ်က ကမ္ဘာတွင် ဒုက္ခအပေးဆုံးပြဿနာ ဖြစ်နေကြောင်း၊ ကမ္ဘာ့လူဦးရေသန်း ၁၀၀ ကျော်ခန့် ကိုဗစ်ရောဂါဖြစ်နေကြောင်း၊ သေဆုံးမှုလည်း အထိုက်အလျောက်ရှိကြောင်း၊ သို့သော်လည်းတားဆီး၍မရသည့်ကိစ္စမဟုတ်ပါကြောင်း၊ အားသွန်ခွန်စိုက်လုပ်ရန်အတွက် စည်းမျဉ်းစည်းကမ်းနှင့် တားဆီးရန် လိုအပ်ကြောင်း၊ ထို့ကြောင့် ပြည်သူလူထုနှင့် လက်တွဲပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကိုဗစ်-၁၉ နှင့်ပတ်သက်ပြီး လှူထားသည့် ပြည်တွင်း၊ ပြည်ပ ပုဂ္ဂိုလ်များရှိကြောင်း၊ စနစ်ဇယားဖြင့် စနစ်တကျရှိနေသည်ကို စိစစ်တွေ့ရှိရကြောင်း၊ သို့သော်လည်း မည်သို့သုံးစွဲထားသည်ကို ပြန်လည်ကြည့်ရမည် ဖြစ်ကြောင်း၊ တချို့နေရာများတွင် နိုင်ငံတော်ဘတ်ဂျက်မှ ကိုဗစ်ကယ်ဆယ်ရေးအတွက် ပြည်နယ်နှင့် တိုင်းဒေသကြီးများကို ရန်ပုံငွေပေးသည်များ ရှိပါကြောင်း၊ ဘီလီယံနှင့်ချီ၍ ပေးသည်များရှိကြောင်း၊ ပြည်သူလူထုက ပူးပေါင်းဆောင်ရွက်ရန်အတွက်လည်း ဖိတ်ခေါ်မည်ဖြစ်ကြောင်း၊ အကျိုးရှိရှိဖြင့် ထိထိရောက်ရောက် ပွင့်လင်းမြင်သာစွာ လုပ်ဆောင်သွားမည်ဟု ပြောလိုကြောင်း၊ ကာကွယ်ကုသရေး အပိုင်းတွင်လည်း အရှိန်အဟုန်ဖြင့်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ ထို့နောက် ကျေးလက်နေပြည်သူများနှင့် ရဟန်းသံဃာများ မကျန်စေရေးအတွက် လုပ်ဆောင်မည် ဖြစ်ကြောင်း၊ ထိတွေ့မှုများသည့် အလွှာနှင့်မဖြစ်မနေ ထမ်းဆောင်နေရသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များကိုလည်း ကာကွယ်ဆေးထိုးရမည်ဖြစ်ကြောင်း၊ အဓိက အခြေခံလူတန်းစားများ၊ တောင်သူလယ်သမားများ၊ ကျေးလက်များတွင်ရှိသည့်လူများ၊ အများစု ၇၀ ရာခိုင်

နှုန်းကို အမြန်ဆုံး ထိရောက်အောင် ဆောင်ရွက်ပေးမှ ရမည်ဟု တွေးမိပါကြောင်း။

**ပြန်လည်တည့်မတ်အောင် လုပ်ရန်လို**

တတိယသည် ကိုဗစ်ရောဂါနှင့်ပတ်သက်ပြီး ထိခိုက်ခဲ့သည့် စီးပွားရေးများ နာလန်ထူရန် မိမိတို့ ကောင်စီက ကူညီပေးမည် ဖြစ်ကြောင်း၊ ငွေကြေးလိုအပ်ပါကလည်း ငွေချေးရန်အတွက် နည်းလမ်းရှာ လုပ်ပေးမည်ဖြစ်ကြောင်း၊ ဘဏ္ဍာအခွန်ဝန်ကြီးနှင့် ဗဟိုဘဏ်ကိုလည်း ယခင်အတွေ့အကြုံရှိသည့်သူကိုသာ ပြန်လည်တာဝန်ပေးပါကြောင်း၊ ထို့ကြောင့် စီးပွားရေးကို ပြန်လည်တည့်မတ်အောင် လုပ်ရန်လိုပါကြောင်း၊ ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုကိုလည်း ဖိတ်ခေါ်ပါကြောင်း၊ ဆောင်ရွက်ဆဲစီမံကိန်းများ၊ ခွင့်ပြုပြီး စီမံကိန်းများနှင့် ပတ်သက်ပြီး မိမိအနေဖြင့် အာမခံချက်ပေးပါကြောင်း၊ အစိုးရကမူအားဖြင့် သဘောတူပြီး ခွင့်ပြုချက်မရသေးသည်များ ရှိပါကြောင်း၊ ဥပမာအားဖြင့် ဘဏ္ဍာအခွန်ဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှု၊ သစ်တောရေးရာဝန်ကြီးဌာန၊ သတ္တုတွင်းဝန်ကြီးဌာနစသည့် ဌာနဆိုင်ရာအသီးသီး၏ အကြောင်းပြချက်များကို တစ်ဖွဲ့ချင်း ခေါ်ယူဆွေးနွေးပြီး အမြန်ဆုံး ခွင့်ပြုချက်ချပေးမည် ဖြစ်ကြောင်း၊ ထို့ကြောင့် ကော်မတီများကို ပြန်ဖွဲ့ထားပြီး ကောင်စီဝင်များသည်လည်း အချို့နေရာများတွင် ကော်မတီဝင်များအဖြစ် ပါဝင်မည်ဖြစ်ကြောင်း၊ ဝိုင်းဝန်းစဉ်းစားပေးကြရန် ဖြစ်ကြောင်း၊ ယခင်အစိုးရက သဘောတူညီပြီးဖြစ်သည့် ခွင့်ပြုချက်စောင့်ဆိုင်းနေသည့် လုပ်ငန်းများကို အမြန်ဖွင့်ပေးစေရန် လုပ်ဆောင်ပေးမည်ဖြစ်ကြောင်း၊ အထူးသဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းနှင့်ပတ်သက်သည့် လုပ်ငန်းများကို အရှိန်အဟုန်မပျက်အောင် ဆက်ပြီး လုပ်နိုင်စေရေးအတွက် လုပ်ပေးမည်ဖြစ်ကြောင်း၊ ပြည်ပပို့ကုန်များများ ရရှိရေးကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယခုအချိန်တွင် မိမိတို့အပေါ် သံသယဖြစ်မှုများရှိပြီး တချို့နေရာတွင် ပိတ်ပင်တားဆီးမှုများရှိကြောင်း။

**ဆက်လက်ကူညီဆောင်ရွက်ပေး**

ထို့ကြောင့် အိမ်နီးချင်းနိုင်ငံများနှင့် ကုန်သွယ်ရေးလုပ်ငန်းများ ပို၍မြင့်တင်ဆောင်ရွက်သွားရန် ကြိုးစားပေးမည်ဖြစ်ကြောင်း၊ နောက်ထပ်အရေးကြီးသည်မှာ ထာဝရငြိမ်းချမ်းရေး ဖြစ်ကြောင်း၊ နိုင်ငံတစ်ခု၏ လိုအပ်ချက်တစ်ခုမှာ နိုင်ငံရေးတည်ငြိမ်မှုနှင့် လုံခြုံရေးတည်ငြိမ်မှုဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် NCA လက်မှတ်ရေးထိုးထားပြီးဖြစ်ကြောင်း၊ ယင်းနှင့်ပတ်သက်၍ ပြောင်းလဲမှုရှိမည် မဟုတ်ကြောင်း၊ NCA လမ်းကြောင်းအတိုင်း သွားမည်ဖြစ်ကြောင်း၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်အခြေခံသည့် ပြည်ထောင်စုကို သွားမည်ဖြစ်ကြောင်း၊ NCA နှင့် ပတ်သက်ပြီးရအောင် ဆွေးနွေးမည်ဖြစ်ကြောင်း၊ NCA နှင့် ပတ်သက်၍ အရေးပေါ်ကာလ တစ်နှစ်အတွင်းဖြစ်နိုင်သမျှ ခိုင်ခိုင်မာမာဖြစ်အောင် ဆောင်ရွက်မည်ဖြစ်ကြောင်း၊ လက်မှတ်မထိုးရသေးသည့် အဖွဲ့များကိုလည်း လက်မှတ်ရေးထိုးနိုင်ရန် ကော်မတီကို ဖွဲ့စည်းပြီးဖြစ်ကြောင်း၊ ၎င်းတို့က ဦးဆောင်ပြီး ဆွေးနွေးမည်ဖြစ်ကြောင်း၊ မိမိကိုယ်တိုင်လည်း လက်ခံတွေ့ဆုံ၍ ပြောဆိုမည်ဖြစ်ကြောင်း၊ မိမိတို့သွားနေသည့် ဒီမိုကရေစီဆိုသည်မှာ အားလုံးတူညီသည့် လမ်းကြောင်းပေါ်တွင် လျှောက်လှမ်းရန်၊ စိတ်တူသဘောတူသွားရန် လိုအပ်ကြောင်း၊ ယင်းကိုလည်း ကောင်စီဝင်များက ဆက်လက်ကူညီဆောင်ရွက်ပေးရန် ပြောလိုကြောင်း။

မဲစာရင်းများ စစ်သည့်အခါတွင် ၁၈ နှစ် မပြည့်သေးသူများစွာတွေ့ရကြောင်း၊ မှတ်ပုံတင်မပါသည့်သူများစာရင်းအတွင်း တွေ့ရကြောင်း၊ သန်းနှင့်ချီတွေ့ရကြောင်း၊ ထို့ကြောင့် လူဝင်မှုကြီးကြပ်ရေးဝန်ကြီးကို ခေါ်တွေ့မေးမြန်းရာ ရန်ကုန်တွင်ရှိသည့်သူ တော်တော်များများသည် နာဂစ်၌ အကြောင်းအမျိုးမျိုးဖြင့် ရောက်လာသည့်သူများဖြစ်ကြောင်း၊ ၎င်းတို့တွင် မှတ်ပုံတင်မရှိဟု ပြောကြောင်း၊ ထို့ကြောင့် တိုင်းရင်းသားမှန်သမျှ မှတ်ပုံတင်ရရှိစေရန် အင်တိုက်အားတိုက် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြည်နယ်များတွင် မှတ်ပုံတင်မရှိသည့် တိုင်းရင်းသားများရှိပါကြောင်း၊ ယင်းတို့ကိုလည်း အထူးစီမံချက်ထားပြီး ဝန်ကြီးဌာနက ဆောင်ရွက်ပေးရန် ပြောကြားထားကြောင်း၊ မိမိဖြည့်စွက် ပြောလိုသည်မှာ နိုင်ငံသားမှတ်ပုံတင်နှင့် သန်းခေါင်စာရင်းအားလုံး နိုင်ငံသားအားလုံးကို ခိုင်ခိုင်မာမာဖြစ်အောင် ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ နောက်ထပ်ရပ်ထား၍ မရသည့် ကိစ္စတစ်ခုမှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ရောက်ရှိနေသည့် နေရပ်စွန့်ခွာသူများ ကိစ္စဖြစ်ကြောင်း၊ နိုင်ငံတော်၏ အကျိုးစီးပွားကို မထိခိုက်ပါက သဘောတူညီချက်များကို

ဆက်လက်ဆွေးနွေး၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဆွေးနွေး၍ လက်ခံသင့်သည့်ကိစ္စရပ်များကို လက်ခံမည် ဖြစ်ပါကြောင်း၊ ၁၉၈၂ ခုနှစ် နိုင်ငံသားဥပဒေအရ ဆောင်ရွက်ရမည် ဖြစ်ကြောင်း။

အရေးပေါ်ကာလအတွင်း လုပ်ငန်းရပ်များကို မြန်မြန်ထက်ထက်ဖြင့် လုပ်ဆောင်သွားရမည် ဖြစ်ကြောင်း၊ ယင်းတို့ပြီးသည်နှင့် အထွေထွေရွေးကောက်ပွဲ ကျင်းပ ပေးမည်ဖြစ်ကြောင်း၊ ထို့ပြင် ဆောင်ရွက်ဆဲဖြစ်သည့် ကိုဗစ်ရောဂါတိုက်ဖျက်ရေးနှင့် ပတ်သက်၍ ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ အရေးကြီးသည်မှာ ပို့ဆောင်ဆက်သွယ်ရေးဖြစ်ပြီး ရပ်ထား၍ မရပါကြောင်း၊ ထို့ကြောင့် တပ်မတော်က ကူညီဆောင်ရွက်ပေးသွား မည်ဖြစ်ကြောင်း၊ ကျန်သည့်ဌာနများကိုလည်း ကျွမ်းကျင် သည့်သူများနှင့် ဖွဲ့စည်းတာဝန်ပေးကြောင်း၊ အရေး အကြီးဆုံး နေရာအားလုံးတွင်လည်း ကျွမ်းကျင်သည့်သူ များက တာဝန်ယူ လုပ်ဆောင်နေကြောင်း၊ ယင်းကို ကြည့်ခြင်းအားဖြင့် မိမိတို့သည် စုပေါင်းဦးဆောင်မှုဖြင့် ဒီမိုကရေစီကို စနစ်တကျသွားရန်အတွက် ဦးတည်နေ ကြောင်း အကြမ်းဖျင်းအားဖြင့် မှန်း၍ရပါကြောင်း။ နိုင်ငံ တကာဆက်ဆံရေးနှင့် ပတ်သက်၍လည်း မူဝါဒများ ပြောင်းလဲခြင်း မရှိကြောင်း၊ အခြေခံဥပဒေတွင် ပြဋ္ဌာန်းပြီး ဖြစ်ကြောင်း၊ လွတ်လပ်၍ တက်ကြွသည့် နိုင်ငံခြားရေး မူဝါဒကို ကျင့်သုံးလျက်ရှိကြောင်း၊ ငြိမ်းချမ်းစွာအတူ ယှဉ်တွဲနေထိုင်ရေး မူအပေါ်တွင် အခြေခံပြီး သွားမည်ဖြစ် ကြောင်း၊ အာဆီယံနိုင်ငံအဖွဲ့ဝင်ဖြစ်သည်နှင့်အညီ အာဆီယံတွင်ပေးထားသည့်ကတိကဝတ်များအားလုံးကို လိုက်နာဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထို့အတူ ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံဖြစ်သည်နှင့်အညီ မိမိတို့နိုင်ငံ၏ ပကတိအခြေအနေနှင့် ကိုက်ညီသည့် ကုလသမဂ္ဂ၏ ပြဋ္ဌာန်းချက်များကိုလည်း လိုက်နာသွားမည်ဖြစ်ကြောင်း၊ မိမိတို့သည် မိမိတို့နိုင်ငံနှင့် ကိုက်ညီ၍ လက်ခံထားသည့် စည်းမျဉ်းစည်းကမ်းများ၊ ကုလသမဂ္ဂနှင့်ဆိုင်သည့် စည်းမျဉ်းစည်းကမ်းများအားလုံး လိုက်နာဆောင်ရွက် သွားမည်ဟု ကောင်စီဝင်များကို အသိပေးလိုကြောင်း၊ အဓိကအားဖြင့် မိမိတို့သည် တိုတောင်းလှသည့် ကာလ အတွင်း အခြေအနေကို ပုံမှန်လမ်းကြောင်းအပေါ် ဖြောင့်အောင်သွားနိုင်ရန် လိုအပ်ကြောင်း၊ ယင်းကို ကောင်စီဝင်များကလည်း ပူးပေါင်းဆောင်ရွက်ပေးရန်၊ အကြံဉာဏ်ပေးရန်နှင့် လိုအပ်သည့် နေရာတွင် ဦးဆောင် ပေးရန် တင်ပြလိုကြောင်း ပြောကြားသည်။

**အကြံပြုဆွေးနွေးတင်ပြ**

ယင်းနောက် ကောင်စီဝင်များဖြစ်ကြသည့် ဦးသိန်းညွန့်၊ Jeng Phang နော်တောင်၊ မန်းငြိမ်းမောင်၊ ဒေါ်အေးနုစိန်၊ ဦးမောင်းဟာ၊ ဦးခင်မောင်ဆွေတို့က ဖွဲ့စည်းပုံ အခြေခံဥပဒေ ပြဋ္ဌာန်းချက်တွင် ပါရှိသည့် နိုင်ငံ ရေးပါတီပြဋ္ဌာန်းချက်များအတိုင်း ဆောင်ရွက်ရေး၊ နိုင်ငံ တော် တည်ငြိမ်အေးချမ်းရေးအတွက် အခြေခံကျသည့် ရပ်ကွက်၊ ကျေးရွာစီမံအုပ်ချုပ်ရေးအဖွဲ့များ အမြန် ဖွဲ့စည်းပြီး သမာသမတ်ကျသူများအား တာဝန်ပေးအပ်ရေး၊ နိုင်ငံတော် လုံခြုံရေးအတွက် လိုအပ်သော ဥပဒေများအား ပြန်လည် ပြဋ္ဌာန်းပေးရေး၊ နိုင်ငံရေးအကျဉ်းသားများ လွတ်ငြိမ်း ချမ်းသာခွင့်ပေးရေး၊ ငြိမ်းချမ်းရေးပိုမိုအောင် မြင်စွာ ဆောင်ရွက်နိုင်ရေး၊ ပြည်နယ်အုပ်ချုပ်ရေးကောင်စီ များတွင် အဖွဲ့ဝင်များတိုးမြှင့်ခန့်ထားပေးရေး၊ ပြီးခဲ့သည့် ရွေးကောက်ပွဲ၌ ရခိုင်ပြည်နယ် မြို့နယ်အချို့တွင် ရွေး ကောက်ပွဲကျင်းပနိုင်သည့် အခြေအနေရှိသော်လည်း မကျင်းပပေးခဲ့သည့်အတွက် အခွင့်အရေး များဆုံးရှုံးခဲ့မှု၊ တိုက်ပွဲရှောင်စခန်းများရှိ ပြည်သူများ၏ စားဝတ်နေရေး နှင့် အခက်အခဲများကို ဖြည့်ဆည်းဆောင်ရွက်ပေးရေး၊ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေ စိုးမိုးရေး၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် တိုင်းရင်းသား ရေးရာဝန်ကြီးဌာနများ ဖွဲ့စည်းပေးရေး၊ လွှတ်တော်ဥပဒေ များ၊ နိုင်ငံရေးပါတီဖွဲ့စည်းခွင့်ဥပဒေ၊ ရွေးကောက်ပွဲဆိုင်ရာ ဥပဒေတို့တွင် ဖြည့်စွက်ချက်များ ထည့်သွင်းရေးနှင့် စပ်လျဉ်း၍ အကြံပြုဆွေးနွေးတင်ပြကြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က နိုင်ငံရေးအကျဉ်းသားလွတ်ငြိမ်းချမ်းသာ ခွင့်ပြုရေးကိစ္စကို စဉ်းစားပေးမည်ဖြစ်ကြောင်း၊ တရား ဥပဒေစိုးမိုးရေးကို မထိခိုက်စေရန်လိုကြောင်း၊ ယခုတင်ပြ သည့် ဆွေးနွေးတင်ပြချက်များကို အကောင်းဆုံး ဖြစ်အောင် စဉ်းစားဆောင်ရွက်သွားမည် ဖြစ်ကြောင်း ဖြည့်စွက်ရှင်းလင်းမှာကြားခဲ့သည်။

# စီမံခန့်ခွဲရေးအစည်းအဝေးတွင် ပြောကြားသည့်အမှာစကား

(၈-၂-၂၀၂၁)



နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဖေဖော်ဝါရီလ ၈ ရက်နေ့ နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် စီမံခန့်ခွဲရေး အစည်းအဝေးသို့ တက်ရောက် အမှာစကား ပြောကြားသည်။

**တက်ရောက်**

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့်အတူ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်၊ ဦးဝဏ္ဏမောင်လွင်၊ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးဝင်းရှိန်၊ ဦးအောင်နိုင်ဦး၊ ဦးကိုကိုလှိုင်၊ ဦးချစ်နိုင်၊ ဦးတင်ထွဋ်ဦး၊ ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဦးခင်မောင်ရီ၊ ဦးမြင့်ကြိုင်၊ ဒေါက်တာပွင့်ဆန်း၊ ဒေါက်တာသက်ခိုင်ဝင်း၊ ဦးရွှေလေး၊ ဒေါက်တာသက်သက်ခိုင်၊ ဦးမောင်မောင်အုန်း၊ ဦးစောထွန်းအောင်မြင့်နှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာဒေါ်သီတာဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအနေဖြင့် ယခုကာလတွင် ပုံမှန်အခြေအနေရောက်အောင် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ အရေးပေါ်ကာလကြေညာထားသည့် အချိန်အတွင်း လုပ်ငန်းများ ရပ်တန့်မနေဘဲ နိုင်ငံတော်အတွက် အကျိုးရှိသည့် လုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထို့အတွက် ဝန်ကြီးဌာန

များ၌ ပြည်ထောင်စုဝန်ကြီးများ တာဝန်ပေးအပ်ရာတွင် အတွေ့အကြုံရှိသူများ၊ အရည်အချင်းရှိသူများ၊ လုပ်ငန်းများကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်နိုင်မည့် ပုဂ္ဂိုလ်များအား တာဝန်ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း၊ အစိုးရ၏တာဝန်မှာ ပြည်သူပြည်သားများ၏ အကျိုးကို ဖော်ဆောင်ပေးရန် ဖြစ်ကြောင်း၊ မိမိတို့သည် မူဝါဒချမှတ်ခြင်းနှင့် လုပ်ငန်းများလုပ်ဆောင်သည့် အဖွဲ့အစည်းဖြစ်ကြောင်း၊ ဝန်ကြီးဌာနများအနေဖြင့် ဌာနအလိုက်လုပ်ငန်းများကို မှန်မှန်ကန်ကန် မြန်မြန်ဆန်ဆန်ဆောင်ရွက်ရန် လိုအပ်ကြောင်း။

## ရဲရဲတင်းတင်းဆောင်ရွက်ရန်

၂၀၁၆ ခုနှစ်မှ ၂၀၂၁ ခုနှစ်အတွင်း တာဝန်ယူခဲ့သည့် အစိုးရလက်ထက်တွင် အကြောင်းအမျိုးမျိုးကြောင့် နှောင့်နှေးကြန့်ကြာခဲ့သည့် လုပ်ငန်းများနှင့် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခြင်းမရှိခဲ့သည့် လုပ်ငန်းများရှိကြောင်း၊ ဆောင်ရွက်ဆဲလုပ်ငန်းများလည်း ရှိကြောင်း၊ ယင်းလုပ်ငန်းများကို မိမိတို့အနေဖြင့် တိုင်းပြည်နှင့် ပြည်သူအတွက် အကျိုးရှိမည်ဆိုပါက မြန်မြန်ဆန်ဆန် ဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများတွင် မူဝါဒများ၊ လုပ်ထုံးလုပ်နည်းများ၊ ထုတ်ပြန်ထားသည့် အမိန့်နှင့် ညွှန်ကြားချက်များရှိပြီးဖြစ်ကြောင်း၊ ယင်းမူဝါဒ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်နှင့် ညွှန်ကြားချက်များကို စည်းမျဉ်းစည်းကမ်းများနှင့်အညီ လုပ်ဆောင်သွားရန်ဖြစ်ကြောင်း။ ထိုသို့လုပ်ဆောင်ရာတွင်လည်း ရဲရဲတင်းတင်း ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ တချို့ကိစ္စများတွင် ရံဖန်ရံခါ ချင့်ချိန်ဆောင်ရွက်ရမှုများကြောင့် နှောင့်နှေးကြန့်ကြာမှုများ ဖြစ်ရကြောင်း၊ များစွာချင့်ချိန်မှုများ မပြုလုပ်ဘဲ တိုင်ပင်ပူးပေါင်း လုပ်ဆောင်သွားရန် လိုကြောင်း၊ သက်ဆိုင်ရာ ကော်မတီများကိုလည်း ဖွဲ့စည်းထားကြောင်း၊ ဝန်ကြီးဌာနများအနေဖြင့် လုပ်ဆောင်ရန်ရှိသည်များကို မြန်မြန်ဆန်ဆန် လုပ်ဆောင်သွားရန် လိုအပ်ကြောင်း။

လက်ရှိဖြစ်ပေါ်နေသည့် အခြေအနေသည် ရွေးကောက်ပွဲ အဆင်မပြေမှုကြောင့် ဖြစ်ပေါ်လာခြင်းဖြစ်ပါကြောင်း၊ အဆင်မပြေရသည့် အကြောင်းအရင်းများမှာ မဲစာရင်းမှားယွင်းခြင်း၊ ရွေးကောက်ပွဲမတိုင်မီကာလ၊ ရွေးကောက်ပွဲအတွင်းကာလနှင့် ရွေးကောက်ပွဲအလွန်ကာလတို့တွင် အားနည်းချက်များစွာ ရှိခဲ့သည်ကို တွေ့ရှိရကြောင်း၊ ယင်းအချက်များကြောင့် လက်ရှိအခြေအနေအထိ ဖြစ်ပေါ်လာရခြင်းဖြစ်ကြောင်း၊ သို့ဖြစ်၍ မိမိတို့သည် ပြည်သူများ လက်ခံယုံကြည်မှုရှိလာအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မိမိတို့သည် ကြားကာလ တာဝန်ယူသည့်အဖွဲ့ ဖြစ်ကြောင်း၊ ယင်းကာလတွင် ယိုင်နေသည့် စီးပွားရေးကို ပြန်လည်တည့်မတ်ရန်အတွက် လတ်တလောဖြေရှင်းဆောင်ရွက်ပေးရမည့် ကိစ္စများကို ချက်ချင်းဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း၊ ရေရှည်ဆောင်ရွက်ရမည့် ကိစ္စများကို လမ်းကြောင်းမှန်ပေါ်ရောက်အောင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

မိမိတို့သည် နောင်တက်လာမည့် အစိုးရကို လမ်းခင်းပေးသည့် အဆင့်အထိသာ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ ယင်းတာဝန်ကို အကျိုးရှိရှိ ဆောင်ရွက်သွားမည်ဆိုပါက တိုင်းပြည်အတွက် များစွာအကျိုးရှိမည်ဖြစ်ပြီး တာဝန်ယူရသည့် ပုဂ္ဂိုလ်များအတွက်လည်း ဂုဏ်ယူရမည် ဖြစ်ကြောင်း၊ ပြည်သူများ၏ အခြေခံ

> **မိမိတို့အနေဖြင့်**
> **နိုင်ငံသားများ၏ အကျိုးစီးပွားကို**
> **ဖော်ဆောင်ပေးရန်နှင့် ကာကွယ်ပေးရန်**
> **ဦးတည်၊ ဆင်းရဲချမ်းသာကွာဟမှု၊**
> **ကျေးလက်မြို့ပြကွာဟမှုနှင့်**
> **တိုင်းဒေသကြီးနှင့် ပြည်နယ်ကွာဟမှုတို့ကို**
> **အတတ်နိုင်ဆုံး လျှော့ချနိုင်ရန်**
> **ဝန်ကြီးဌာနများက**
> **သက်ဆိုင်ရာကဏ္ဍအလိုက်**
> **ဦးစားပေးဆောင်ရွက်စေလို။**

စားဝတ်နေရေး အဆင်ပြေအောင် ဆောင်ရွက်ပေးနိုင်မည်ဆိုပါက ပြည်သူများက ကြိုက်နှစ်သက်မည်ဖြစ်ကြောင်း၊ မိမိတို့၏ပြည်သူကို အခြေခံပြီး သွားရမည်ဖြစ်သည့်အတွက် ပြည်သူများအတွက် ပကတိအခြေအနေနှင့် ကိုက်ညီသည့် စီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ပြည်သူများ၏ စားဝတ်နေရေး အဆင်ပြေချောမွေ့ပါက နိုင်ငံတော်တည်ငြိမ်ရေးနှင့် လုံခြုံရေးကိုပါ အထောက်အကူပြုကြောင်း၊ ယင်းကို အကောင်အထည်ဖော်ရမည်မှာ ယခုအစိုးရဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်သူလူထု၏ စားဝတ်နေရေး အဆင်ပြေစေရန် ဦးစားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြည်သူတစ်ဦးချင်း၏ အင်အားကို ခိုင်မာအောင် ဆောင်ရွက်ပေးခြင်းဖြင့် တိုင်းပြည်၏ အင်အားလည်း ခိုင်မာတောင့်တင်းလာမည်ဖြစ်ကြောင်း။

ဝန်ကြီးဌာနများအနေဖြင့် လုပ်ငန်းများ ဆောင်ရွက်ရာတွင် တုံ့ဆိုင်းခြင်းမပြုဘဲ၊ လုပ်သင့်လုပ်ထိုက်သည်များကို မြန်မြန်ဆန်ဆန် ဆောင်ရွက်ရန်၊ တိုင်းပြည်အပေါ် စေတနာထား ဆောင်ရွက်ရန်နှင့် ဝန်ကြီးဌာနအချင်းချင်း တိုင်ပင်ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးဝဏ္ဏမောင်လွင်၊ ဦးဝင်းရှိန်၊ ဦးအောင်နိုင်ဦး၊ ဦးကိုကိုလှိုင်၊ ဦးချစ်နိုင်၊ ဦးတင်ထွဋ်ဦး၊ ဦးမြင့်ကြိုင်၊ ဦးခင်မောင်ရီ၊ဒေါက်တာသက်ခိုင်ဝင်း၊ဒေါက်တာပွင့်ဆန်း၊ ဦးရွှေလေး၊ဦးမောင်မောင်အုန်း၊ဒေါက်တာ သက်သက်ခိုင်၊ ဦးစောထွန်းအောင်မြင့်နှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာဒေါ်သီတာဦးတို့က နိုင်ငံတကာရေးရာ အခြေအနေ၊ ဘဏ္ဍာရေးအခြေအနေ၊ ရင်းနှီးမြှုပ်နှံမှုအခြေအနေ၊ နိုင်ငံ ရေးနှင့် လုံခြုံရေးအခြေအနေ၊ သတင်းထုတ်ပြန်ရေး အခြေအနေ၊ စိုက်ပျိုး၊ မွေးမြူရေးအခြေအနေ၊ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ကိစ္စရပ်များ၊ သတ္တုနှင့်သယံဇာတဆိုင်ရာကိစ္စရပ်များ၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် COVID-19 ရောဂါ ကာကွယ်ဆေး ထိုးနှံမှုအခြေအနေများ၊ ကုန်သွယ်ရေးအခြေအနေ၊ တိုင်းရင်းသားရေးရာဆိုင်ရာ ကိစ္စရပ်များနှင့် ဥပဒေဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မိမိတို့အနေဖြင့် နိုင်ငံသားများ၏ အကျိုးစီးပွားကို ဖော်ဆောင်ပေးရန်နှင့် ကာကွယ်ပေးရန် ဦးတည်ကြောင်း၊ ဆင်းရဲချမ်းသာ ကွာဟမှု၊ ကျေးလက်မြို့ပြကွာဟမှုနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ကွာဟမှုတို့ကို အတတ်နိုင်ဆုံး လျှော့ချနိုင်ရန် ဝန်ကြီးဌာနများက သက်ဆိုင်ရာကဏ္ဍအလိုက် ဦးစားပေးဆောင်ရွက်စေလိုကြောင်း၊ ဝန်ကြီးဌာနအလိုက် ရေးဆွဲပြီးသော်လည်း အတည်ပြု ပြဋ္ဌာန်းရန် ကြန့်ကြာနေသည့် ဥပဒေများကို အမြန်ဆုံး အတည်ပြုပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်ရန်လိုကြောင်း၊ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ပါတီနိုင်ငံရေး ကင်းရှင်းရန် လိုအပ်ကြောင်း၊ အခြားအချိန်တွင် မိမိနှစ်သက်ရာကို မဲပေးနိုင်သော်လည်း တာဝန်ထမ်းဆောင်ချိန်တွင် ပါတီနိုင်ငံရေး၊ အရောင်အသွေးကင်းရှင်းရန် လိုအပ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် မိမိနှင့်သက်ဆိုင်သည့် လုပ်ငန်းတာဝန်ကို ကျေပွန်စွာထမ်းဆောင်ရန် လိုအပ်ကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် တာဝန်ရှိသူများက အရောင်အသွေးကင်းသည့် ဝန်ထမ်းများဖြစ်လာအောင် စိတ်ရှည်လက်ရှည်ဖြင့် နားလည်အောင် ရှင်းလင်း ပြောကြားပေးစေလိုကြောင်း။

တပ်မတော်အနေဖြင့် ပြည်သူက ရွေးချယ်ထားသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို မည်သို့မျှ သွေဖယ်မည် မဟုတ်ကြောင်း၊ မိမိတို့အနေဖြင့် မှန်မှန်ကန်ကန်သွားနိုင်ရန် ထိန်းကျောင်းပေးခြင်းသာဖြစ်ကြောင်း၊ သို့ဖြစ်၍ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများအနေဖြင့် နိုင်ငံနှင့် နိုင်ငံသားများ တိုးတက်အောင် စေတနာထား ဆောင်ရွက်ပေးကြရန်လိုကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ လမ်းပန်းဆက်သွယ်ရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မိမိတို့အစိုးရအနေဖြင့် ပြည်သူက အားကိုးရသည့်၊ တိုင်းပြည်က အားထားရသည့် အစိုးရတစ်ရပ်ဖြစ်အောင် တာဝန်ရှိသူအားလုံးက အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်သွားရန်လိုကြောင်း မှာကြားသည်။

# နိုင်ငံတော်၏အခြေအနေအရပ်ရပ်အား ပြည်သူလူထုသို့ ပြောကြားသည့် မိန့်ခွန်း

## (၈-၂-၂၀၂၁)



**ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူများ ခင်ဗျာ**

တပ်မတော်ဟာ ခေတ်အဆက်ဆက် ပြည်သူနဲ့ ပတ်သက်လာလျှင် "ပြည်သူသာအမိ၊ ပြည်သူသာအဖ" ဆိုတဲ့ ဆောင်ပုဒ်ကို ဦးထိပ်ထား ဆောင်ရွက်ခဲ့တဲ့ အဖွဲ့အစည်းလည်းဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့ အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍကိုလည်း မဖောက်မပြန် ခိုင်ခိုင်မာမာရပ်တည်နေတဲ့ အဖွဲ့အစည်းလည်းဖြစ်ပါတယ်။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို လေးစားလိုက်နာလျက်ရှိတဲ့ အဖွဲ့အစည်းတစ်ခုလည်း ဖြစ်ပါတယ်။ တပ်မတော်အနေဖြင့် ခေတ်အဆက်ဆက် ကပင်ပြည်သူတို့လိုလားတောင်းဆိုတဲ့ "ပါတီစုံဒီမိုကရေစီစနစ်" ကို ဆွေးနွေးညှိနှိုင်းခြင်း နည်းလမ်းများ၊ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများအရဆောင်ရွက်ခြင်းနည်းလမ်းစတဲ့ နိုင်ငံရေးယဉ်ကျေးမှုများဖြင့် တည်ငြိမ်အေးချမ်းစွာ အသွင်ကူးပြောင်းပေးခဲ့ကြောင်း ဦးစွာပြောကြားလိုပါတယ်။

ပါတီစုံဒီမိုကရေစီစနစ်မှာ တရားမျှတပြီး လွတ်လပ်တဲ့ ရွေးကောက်ပွဲများဟာ ဒီမိုကရေစီစနစ် ရေရှည်တည်တံ့ခိုင်မာစေရေးအတွက် အဓိကလိုအပ်ချက်ပဲဖြစ်ပါတယ်။ ဒါ့ကြောင့် ကျွန်တော့်အနေနဲ့ တစ်တိုင်းပြည်လုံးသို့ ပြောကြားခဲ့တဲ့ ၂၀၂၀ ပြည့်နှစ် နှစ်သစ်ကူး မိန့်ခွန်းမှာ "၂၀၂၀ ပြည့်နှစ်ဟာ နိုင်ငံအတွက် အရေးကြီးတဲ့ နှစ်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲပြုလုပ်မယ့် နှစ်ဖြစ်လို့

ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေဖို့ အရေးကြီးကြောင်း” ထည့်သွင်းပြောကြားခဲ့ပါတယ်။ လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲများဖြစ်စေရေး၊ နိုင်ငံရေးဆောင်ရွက်ရာမှာ အမျိုးသားအကျိုးစီးပွားကို အလေးထားပြီး ရိုးသားစွာ ဆောင်ရွက်ကြစေရေးအတွက် ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့မှာ ပြုလုပ်ခဲ့တဲ့ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) ချုပ်ဆိုခြင်း ၃ နှစ်ပြည့် အခမ်းအနားမှာ “တိုင်းရင်းသားအရေး၊ အမျိုးသားအကျိုးစီးပွားအရေးထက် ပိုအရေးကြီးတာမရှိဘူး၊ ရိုးသားတဲ့ နိုင်ငံရေး၊ တရားမျှတတဲ့ နိုင်ငံရေးကိုသာ လိုချင်ပါတယ်” လို့ ပြောခဲ့ပါတယ်။ ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၂၀ ရက်နေ့မှာ ကျင်းပခဲ့တဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ၊ (၂၁) ရာစုပင်လုံ စတုတ္ထအစည်းအဝေးမှာလည်း ဒီမိုကရေစီစနစ်တည်ဆောက်ရာမှာ “ဥပဒေရဲ့အထက်မှာ မည်သူမျှမရှိ” ဆိုတဲ့စကားရပ်ဟာ ဒီမိုကရေစီအုတ်မြစ် တည်တံ့ခိုင်မြဲစေဖို့ အခြေခံလိုက်နာရမယ့် အချက်ဖြစ်သလို နိုင်ငံတည်ဆောက်ရေး (State Building)၊ တိုင်းပြည်တည်ဆောက်ရေး (Nation Building) ဆောင်ရွက်ရာမှာလည်း အမျိုးသားအကျိုးစီးပွား၏ အထက်မှာ မည်သည့် ပုဂ္ဂိုလ်၊ မည်သည့်အဖွဲ့အစည်းမျှမရှိ” ဆိုတာ ခံယူရမှာ ဖြစ်တယ်လို့ ပြောဆိုခဲ့ပါတယ်။ ဒါတွေပြောဆိုရခြင်းဟာ တပ်မတော်အနေနဲ့ ပြည်သူတို့ လိုလားတောင့်တပြီး အကောင်အထည်ဖော်ဆောင်ရွက်နေတဲ့ ပါတီစုံဒီမိုကရေစီစနစ် ပိုမိုခိုင်မာပြီး စနစ်တကျ ရေရှည်တည်တံ့စေဖို့အတွက်ပဲ ဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံဟာ ပါတီစုံဒီမိုကရေစီစနစ် လမ်းကြောင်းကို လျှောက်လှမ်းပြီးနောက် ကြားဖြတ်ရွေးကောက်ပွဲများ အပါအဝင် ရွေးကောက်ပွဲများကို ၂၀၁၀ ပြည့်နှစ်၊ ၂၀၁၂ ခုနှစ်၊ ၂၀၁၅ ခုနှစ်၊ ၂၀၂၀ ပြည့်နှစ်တို့မှာ ၄ ကြိမ်ကျင်းပခဲ့ပါတယ်။ ရွေးကောက်ပွဲများမှာ သာမန် အငြင်းပွားမှုတွေ ရှိခဲ့ပေမယ့်လည်း ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲမှအပ ကျန်ရွေးကောက်ပွဲများမှာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် (UEC) အနေနဲ့ ပွင့်လင်းမြင်သာစွာနဲ့ တရားမျှတစွာ ဖြေရှင်းပေးနိုင်ခဲ့ပါတယ်။ ဒ့ါကြောင့်လည်း နှစ်ဦးနှစ်ဖက်ကျေနပ်မှုများရှိခဲ့ပြီး ဒီမိုကရေစီခရီးကို ရှေ့ဆက်လျှောက်လှမ်းနိုင်ခဲ့ကြပါတယ်။ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲမှာတော့ မဲဆွယ်ကာလကတည်းက နိုင်ငံရေးပါတီတွေရဲ့ မူဝါဒများကို မြန်မာ့အသံနဲ့ရုပ်မြင်သံကြားက ထုတ်လွှင့်ရာမှာ UEC က Censor ဖြတ်တောက်မှုတွေ၊ COVID–19 အကြောင်းပြပြီး ကြိုတင်ဆန္ဒမဲပေးခြင်းများကို ကြေညာချက်အမျိုးမျိုးထုတ်ပြီး ဆောင်ရွက်ခဲ့တာတွေ၊ တရားမျှတတဲ့ မဲဆွယ်စည်းရုံးခွင့် မရရှိခဲ့တာတွေဟာ ရွေးကောက်ပွဲမတိုင်မီကတည်းက အငြင်းပွားစရာတွေ ဖြစ်ခဲ့ပါတယ်။ တပ်မတော်အနေနဲ့ကတော့ ကြိုတင်မဲများနဲ့ ပတ်သက်ပြီး ရက်ပေါင်း ၉၀ ထက်မနည်း မိမိနေရာဌာနရဲ့ ပြင်ပမှာ စစ်ဆင်ရေးတာဝန် ထမ်းဆောင်နေရတဲ့ တပ်မတော်သားတွေ၊ တပ်ပြင်ပ တာဝန်ထမ်းဆောင်နေရသူများကို စာရင်းတိတိကျကျပေး ဆောင်ရွက်ခဲ့ပါတယ်။ UEC က တပ်မတော်သားများနဲ့ မိသားစုဝင်များ မဲပေးတဲ့အခါမှာ မဲရုံတွေကို တပ်ပြင်တွေမှာပဲ ဆောင်ရွက်ရမယ်လို့ ပြောခဲ့ပါတယ်။ ဒါကိုကျွန်တော် ချက်ချင်းလိုက်နာခဲ့ပါတယ်။ ကျွန်တော်တို့အားလုံး ကျွန်တော်အပါအဝင် တပ်ပြင်ပမှာပဲ လွတ်လပ်စွာ ပြည်သူနဲ့ တစ်သားတည်း မဲပေးခဲ့ပါတယ်။

ရွေးကောက်ပွဲအပြီးကာလမှာလည်း အငြင်းပွားမှုတွေ ဆက်တိုက်ဖြစ်ခဲ့ပါတယ်။ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့တဲ့ နိုင်ငံရေးပါတီပေါင်း ၈၄ ပါတီဖြစ်ပါတယ်။ ကန့်ကွက်လွှာတင်သွင်းထားတဲ့ အမှုပေါင်း ၂၁၇ မှုရှိပါတယ်။ နိုင်ငံရေးပါတီများအနေနဲ့ ရွေးကောက်ပွဲနဲ့ ပတ်သက်ပြီး တရားမျှတမှုရှိစေဖို့ ဖြေရှင်းပေးဖို့ UEC ကို ရွေးကောက်ပွဲ မတိုင်မီကတည်းက တောင်းဆိုမှုများ အကြိမ်ကြိမ်ပြုလုပ်ခဲ့သော်လည်း ဆောင်ရွက်ပေးခြင်း မရှိခဲ့ပါဘူး။နိုင်ငံရေးပါတီများအနေနဲ့ နိုင်ငံတော်ရဲ့ အမျိုးသားနိုင်ငံရေးဦးဆောင်မှု အခန်းကဏ္ဍမှာပါဝင်နေတဲ့ တပ်မတော်ကို အကူအညီတောင်းခံခဲ့ပါတယ်။ တပ်မတော်အနေနဲ့ မဲစာရင်းတွေကို စစ်ဆေးခဲ့ပါတယ်။ မြို့နယ်တစ်ခုချင်းအတွင်း ထပ်နေတဲ့မဲစာရင်းတွေ၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်များအတွင်းရှိ မြို့နယ်များအကြားထပ်နေတဲ့ မဲစာရင်းတွေ၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်များအကြား ထပ်နေတဲ့ မဲစာရင်းတွေ၊ မဲမသမာမှုဖြစ်နိုင်တဲ့ အခြားမဲစာရင်းတွေ စုစုပေါင်း ၁၀,၄၈၂,၁၁၆ (၁၀ သန်း ၄ သိန်းကျော်) တွေ့ရှိခဲ့ပါတယ်။ အသက် ၁၈

နှစ် မပြည့်ဘဲ မဲစာရင်းတွင်ပါဝင်နေသူ ၁၁,၉၄၃ ဦး၊ နိုင်ငံသားစိစစ်ရေးကဒ် မရှိဘဲ မဲစာရင်းတွင်ပါဝင်နေသူ ၄,၆၄၈,၂၇၀ ဦး (၄ သန်း ၆ သိန်းကျော်) နဲ့ အသက် ၁၀၀ နှစ်နှင့် အထက်မဲစာရင်း ၁၈,၃၅၆ ဦး ပါဝင်ပါတယ်။ UEC အနေနဲ့ မဲပေးပိုင်ခွင့်ရှိသူ မဲဆန္ဒရှင်စာရင်းတွေ ထုတ်ပြန်ရာမှာလည်း အမျိုးမျိုးကွဲပြားနေတာကိုလည်း တွေ့ရမှာဖြစ်ပါတယ်။ ၂၀၂၀ ပြည့်နှစ် ဇူလိုင်လ ၂၅ ရက်နေ့ ထုတ်ပြန်ရာမှာ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူဦးရေဟာ ၃၇,၅၇၂,၅၂၁ ဦး (၃၇ သန်း ၅ သိန်းကျော်) ဖြစ်ပါတယ်။ အောက်တိုဘာလ ၂ ရက်နေ့ ထုတ်ပြန်ရာမှာတော့ ၃၈,၅၂၉,၁၉၈ (၃၈ သန်း ၅ သိန်းကျော်) ဖြစ်ပါတယ်။ ရွေးကောက်ပွဲကျင်းပပြီးနောက်ပိုင်းကာလ မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများကတစ်ဆင့် သက်ဆိုင်ရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မြို့နယ်ဦးစီးမှူးရုံးများကို ပေးပို့တဲ့စာရင်းများအရ ၃၉,၂၇၇,၂၁၄ (၃၉ သန်း ၂ သိန်းကျော်)ဖြစ်ပါတယ်။ ဒီဇင်ဘာလ ၁ ရက်နေ့ ထုတ်ပြန်ချက်မှာတော့ ၃၈,၂၇၁,၄၄၇ (၃၈ သန်း ၂ သိန်းကျော်)ဖြစ်ပါတယ်။ ဒီလိုအမျိုးမျိုးဖြစ်နေတာဟာ စဉ်းစားစရာဖြစ်ပါတယ်။ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းက ရရှိတဲ့ မွေးနှုန်း၊ သေနှုန်း၊ ပြောင်းရွှေ့နှုန်းများကို အခြေခံပြီး လူဦးရေနည်းပညာနဲ့ ခန့်မှန်းတွက်ချက်ထားတဲ့ ၂၀၂၀ ပြည့်နှစ် အောက်တိုဘာလ ၁ ရက်နေ့တွင် ရှိရမယ့် အသက် ၁၈ နှစ်နှင့်အထက် ခန့်မှန်းလူဦးရေ စာရင်းမှာ ၃၆,၉၆၃,၆၅၉ ဦး (၃၆ သန်း ၉ သိန်းကျော်)ဖြစ်ပါတယ်။ ရွေးကောက်ပွဲကျင်းပပြီးစီးသည့်ကာလနောက်ပိုင်း UEC ကထုတ်ပြန်သည့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူဦးရေ ၃၉ သန်း ၂ သိန်းကျော်ဟာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနရဲ့ ၂၀၂၀ ပြည့်နှစ် အောက်တိုဘာလမှာ ရှိရမယ့် လူဦးရေ စာရင်းထက် ၅ သန်း ၄ သိန်းကျော်နဲ့ လူဦးရေနည်းပညာဖြင့် ခန့်မှန်းတွက်ချက်ထားတဲ့စာရင်းထက် ၂ သန်း ၃ သိန်းကျော် ပိုနေတာကို တွေ့ရှိရပါတယ်။ ဒါတွေဟာ လက်တွေ့ဖြစ်ပျက်နေတဲ့ ပကတိအချက်အလက်တွေပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ဟာ စည်းကမ်းပြည့်ဝစစ်မှန်တဲ့ ဒီမိုကရေစီစနစ်နဲ့ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးကို အမှန်တကယ်လိုလားတယ်ဆိုရင် စိတ်ခံစားမှုဆိုတာထက် လက်တွေ့အချက်အလက်တွေကို ဦးတည်ကြဖို့ ပြောကြားလိုပါတယ်။

၂၀၁၅ နဲ့နောက်ပိုင်းမှာ ပြုလုပ်ခဲ့တဲ့ ရွေးကောက်ပွဲများအပေါ် တွေ့ရှိချက်အနေနဲ့ ၂၀၁၅ အထွေထွေရွေးကောက်ပွဲမှာ တစ်နိုင်ငံလုံး ပျမ်းမျှမဲပေးမှုရာခိုင်နှုန်းဟာ ၆၉ ဒသမ ၆၃ ရာခိုင်နှုန်း ဖြစ်ပါတယ်။ ၂၀၁၇ ကြားဖြတ်ရွေးကောက်ပွဲမှာတော့ မဲပေးမှုရာခိုင်နှုန်းဟာ ၅၀ ရာခိုင်နှုန်းခန့်အထိ လျော့ကျသွားပါတယ်။ ၂၀၁၈ ခုနှစ် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ရွေးကောက်ပွဲမှာတော့ ပျမ်းမျှမဲပေးမှုရာခိုင်နှုန်းဟာ ၁၄ ရာခိုင်နှုန်းကျော်ကျော် သာရှိခဲ့ပါတယ်။ ၂၀၂၀ ရွေးကောက်ပွဲမှာ မဲပေးခွင့်ရှိသူ ၇၁ ဒသမ ၁၆ ရာခိုင်နှုန်း မဲပေးခဲ့ကြတယ်လို့ သတင်းထုတ်ပြန်ချက်များအရ သိရပါတယ်။ ယခင်ရွေးကောက်ပွဲနဲ့ မတူတာက COVID-19 ပြန့်ပွားနေတဲ့ကာလမှာ ဖြစ်ပါတယ်။ ဒါကိုပဲ သုံးသပ်ကြည့်ပါ။

ပြည်သူလူထုအနေနဲ့ တာဝန်ရှိသူများရဲ့ အုပ်ချုပ်မှုနဲ့ စီမံခန့်ခွဲမှုအမှားများအပေါ် မည်သို့သဘောထားကြောင်းတွေ့ရပါတယ်။ ၂၀၂၀ အထွေထွေရွေးကောက်ပွဲမှာလည်း မဲမပေးရေး (No Vote) လှုပ်ရှားမှုများပေါ်ပေါက်လာကြောင်း တွေ့ရပါတယ်။ ကျွန်တော့်အနေနဲ့ကတော့ ရောက်တဲ့နေရာတိုင်းမှာ ပါတီစုံဒီမိုကရေစီစနစ်မှာ လွတ်လပ်ပြီးတရားမျှတတဲ့ ရွေးကောက်ပွဲဟာ အသက်ဖြစ်လို့ မဲပေးပိုင်ခွင့်ရှိသူအားလုံး မဲပေးကြဖို့ အမြဲတိုက်တွန်းနှိုးဆော်ပြောကြားခဲ့ပါတယ်။

အဲဒီလိုတွေ့ရှိချက်တွေ၊ မဲမသမာမှုစာရင်းတွေအတွက် သက်ဆိုင်ရာတာဝန်ရှိသူများကို စိစစ်မေးမြန်းလျက်ရှိပါတယ်။ မှားယွင်းနေတဲ့ မဲစာရင်းတွေ၊ မဲမသမာမှုဖြစ်နိုင်တဲ့ စာရင်းတွေကနေ ထွက်ပေါ်လာတဲ့ ရလဒ်တွေဟာ ပြည်သူတို့လိုလားတောင့်တခဲ့တဲ့ ဒီမိုကရေစီစနစ် ခိုင်မာဖို့အတွက် အခက်အခဲများစွာရှိပါတယ်။ တပ်မတော်အနေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြဋ္ဌာန်းချက်များနှင့်အညီ UEC ၊ လွှတ်တော်နဲ့ သမ္မတတို့ထံ မဲစာရင်းများ ဖြေရှင်းပေးဖို့ တောင်းဆိုခဲ့ပါတယ်။ အဆင့်ဆင့် တာဝန်ပျက်ကွက်ခဲ့ကြပါတယ်။ တပ်မတော်အနေနဲ့ နောက်ဆုံးအချိန်ထိ ဥပဒေနဲ့အညီ ဆွေးနွေးညှိနှိုင်းအဖြေရှာရေးလမ်းစဉ်ကို ကိုင်စွဲဆောင်ရွက်ခဲ့ပါတယ်။ ဖြစ်ပျက်နေတဲ့ အခြေအနေတွေကိုလည်း တပ်မတော်သတင်းစာရှင်းလင်းပွဲတွေကနေတစ်ဆင့် ပြည်သူလူထု

ကို ကမ္ဘာသိတင်ပြခဲ့ပါတယ်။ တာဝန်ရှိသူများအနေနဲ့ အကြောင်းအမျိုးမျိုးပြပြီး တာဝန်ယူမှု၊ တာဝန်ခံမှုတွေ ပျက်ကွက်ခဲ့တာရှိပါတယ်။ ဒါ့ကြောင့်လည်း စစ်မှန်ပြီး စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီစနစ်ကို ထိန်းသိမ်းစောင့်ရှောက်နိုင်ရေး ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နဲ့အညီ အရေးပေါ်အခြေအနေ ကြေညာပြီး နိုင်ငံ့တာဝန်များ ထမ်းဆောင်နေရခြင်းဖြစ်ပါတယ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဖွဲ့စည်းပြီး နိုင်ငံတော်တာဝန်ကို ထမ်းဆောင်နေစဉ် ကာလမှာ ကျွန်တော်တို့အနေနဲ့ ရှေ့ဆက်လုပ်ဆောင်မည့်အချက် (Road Map) ၅ ချက်ကို ဖေဖော်ဝါရီလ ၁ ရက်နေ့ ကတည်းက ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါတယ်။ အဲဒီ အချက် ၅ ချက်နဲ့ လုပ်ဆောင်နေမှုတွေကိုလည်း ကျွန်တော် တိုင်းရင်းသားမိဘပြည်သူများကို တင်ပြပါမယ်-

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်ရန် ဖြစ်ပါတယ်။ UEC အသစ်ကို ကျွန်တော်တို့ ဖွဲ့စည်းပြီးပါပြီ။ မဲစာရင်းတွေ စစ်ဆေးလျက်ရှိပါတယ်။ အမြန်ဆုံးထုတ်ပြန်ပေးသွားပါမယ်။ဒီနေရာမှာထူးခြားနေတာက ယခင် UEC က တတိယအကြိမ်မဲစာရင်း ထုတ်ပြန်ခဲ့တယ်ပြောပါတယ်။ လက်တွေ့စစ်ဆေးကြည့်ရာမှာ တတိယအကြိမ် မဲစာရင်းဆိုတာ ယခုထိမတွေ့ပါဘူး။ တွေ့ရရင်လည်း အတည်ပြုလုပ်ဆောင်ပါမယ်။ ဒုတိယအကြိမ် မဲစာရင်းကိုပဲ ပြန်လည်လုပ်ဆောင်ထားတာဖြစ်ကြောင်း တွေ့ရပါတယ်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားရန် ဖြစ်ပါတယ်။ ကျွန်တော်တို့ လက်တွေ့လုပ်ဆောင်လျက်ရှိပါတယ်။ ဒုတိယအကြိမ် ကာကွယ်ဆေးထိုးနှံမှုကို အောင်မြင်စွာ လုပ်ဆောင်နိုင်ခဲ့ပြီးဖြစ်ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော်တို့ ဒီအခက်အခဲကို ပြည်သူလူထုနဲ့အတူ လက်တွဲကျော်လွှားပါမယ်။ ပြည်သူများ လှူဒါန်းထားတဲ့ COVID-19 အလှူငွေတွေကို ကျွန်တော်တို့ ယခင်အတိုင်း စနစ်တကျ ထိန်းသိမ်းထားပါတယ်။ ထပ်မံ လှူဒါန်းလိုသူတွေကိုလည်း ဖိတ်ခေါ်အပ်ပါတယ်။ အကျိုးရှိရှိ၊ ထိထိရောက်ရောက်၊ ပွင့်လင်းမြင်သာစွာ အသုံးပြုသွားမှာ ဖြစ်ပါတယ်။ ကာကွယ်ကုသခြင်းအပိုင်းတွေကိုလည်း အရှိန်အဟုန်နဲ့ ဆောင်ရွက်သွားပါမယ်။ ထပ်မံရရှိရေး ဆောင်ရွက်ပါမယ်။ ကျေးလက်နေ ပြည်သူများ၊ ရဟန်းသံဃာများပါမကျန် မြန်မာနိုင်ငံအနှံ့ကာကွယ်ဆေးထိုးနိုင်ရေး အလေးထားဆောင်ရွက်သွားပါမယ်။ ပြည်သူလူထုတစ်ရပ်လုံး ပူးပေါင်းကူညီဆောင်ရွက်ကြဖို့ မေတ္တာရပ်ခံလိုပါတယ်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများကို ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားရေးဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌအဖြစ် တာဝန်ယူပြီးနောက်ကျွန်တော်နဲ့ကျွန်တော့်ကောင်စီဝင်တွေဟာ ၄၈ နာရီအတွင်းမှာ မြန်မာနိုင်ငံကုန်သည်များနဲ့စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်နဲ့ တွေ့ဆုံခြင်း၊ ဘဏ်ဥက္ကဋ္ဌများနှင့် တွေ့ဆုံခြင်းတို့ ပြုလုပ်ပြီး နိုင်ငံ့စီးပွားရေး အမြန် ဦးမော့လာစေရေး ဆွေးနွေးညှိနှိုင်း လက်တွေ့ဆောင်ရွက်ခဲ့ပါတယ်။ ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုမှန်သမျှကို ကျွန်တော်တို့ကြိုဆိုပါတယ်။ ဖိတ်ခေါ်ပါတယ်။ မြန်မာ့မိတ်ဖက်နိုင်ငံများ၊ စိတ်ဝင်စားမှုရှိတဲ့နိုင်ငံများရဲ့ ပူးပေါင်းဆောင်ရွက်မှုတို့ကို ကြိုဆိုကြောင်း အသိပေးလိုပါတယ်။ ယခင်သဘောတူညီချက်တွေကို ကျွန်တော်တို့ဥပဒေနဲ့အညီ လိုက်နာဆောင်ရွက်သွားပါမယ်။ ယခင်

အစိုးရက မူအားဖြင့် သဘောတူပြီးဖြစ်တဲ့၊ ခွင့်ပြုချက်စောင့်ဆိုင်းနေဆဲ လုပ်ငန်းများကို အမြန်ခွင့်ပြုချက်ရရှိစေရေး ကျွန်တော်တို့ ဆောင်ရွက်သွားပါမယ်။ ကျွန်တော်တို့နိုင်ငံဟာ စိုက်ပျိုးမွေးမြူရေးကို အဓိကအားထားရတဲ့ နိုင်ငံဖြစ်လို့ ၎င်းကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေး ပို့ကုန်များ အမြန်တင်ပို့နိုင်ရေး အလေးထားဆောင်ရွက်သွားမှာဖြစ်ပါတယ်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေး ရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်ခြင်းဖြစ်ပါတယ်။ တစ်နိုင်ငံလုံးရေရှည်တည်တံ့ခိုင်မြဲတဲ့ထာဝရငြိမ်းချမ်းရေး ရရှိရေးဟာ ကျွန်တော်တို့ရဲ့ အပြင်းပြဆုံးဆန္ဒဖြစ်ပါတယ်။ မဖြစ်မနေ ဆက်လက်ဆောင်ရွက်ပါမယ်။ ဒါ့ကြောင့်လည်း ကျွန်တော်တို့တာဝန်ယူခဲ့တဲ့ ဖေဖော်ဝါရီလ ၁ ရက်နေ့မှာပဲ တပ်မတော်၏ ငြိမ်းချမ်းရေးဆွေးနွေးမှုကော်မတီကို တိုးချဲ့ဖွဲ့စည်းခဲ့ပါတယ်။ ကျွန်တော်တို့ တာဝန်ယူရတဲ့ ကာလအတွင်းမှာ ဖြစ်နိုင်သမျှနည်းလမ်းအားလုံးနဲ့ ထာဝရငြိမ်းချမ်းရေးကို ဖော်ဆောင်သွားပါမယ်။ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးနဲ့ EAO များကလည်း ဝိုင်းဝန်းကူညီ ဆောင်ရွက်ခြင်းဖြင့် လက်တွေ့အကောင်အထည်ဖော်ဖို့ ဖိတ်ခေါ်လိုက်ရပါတယ်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့် အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံချိန်စံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားရန် ဖြစ်ပါတယ်။ ဒီနေ့ နိုင်ငံတော်ကို ဦးဆောင်နေတဲ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရဲ့ ဖွဲ့စည်းပုံကိုကြည့်ပါ။ ကျွန်တော်အပါအဝင် စစ်ဘက်ဆိုင်ရာအရာရှိကြီး ၈ ဦး၊ တိုင်းရင်းသားခေါင်းဆောင်များ၊ နိုင်ငံရေးပါတီခေါင်းဆောင်များပါဝင်တဲ့ အရပ်သား ၈ ဦး၊ ပေါင်း ၁၆ ဦးနဲ့ ဖွဲ့စည်းထားပါတယ်။ အစိုးရအဖွဲ့ဝင် ဝန်ကြီးများကိုလည်း သက်ဆိုင်ရာနယ်ပယ် ကျွမ်းကျင်သူများနဲ့ ဖွဲ့စည်းထားပါတယ်။ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်နဲ့မြို့နယ် စီမံခန့်ခွဲရေးနဲ့ အုပ်ချုပ်ရေးကောင်စီများကိုလည်း ဒေသခံများ၊ သက်ဆိုင်ရာ အုပ်ချုပ်ရေးဝန်ထမ်းများနဲ့ ဖွဲ့စည်းထားပါတယ်။ တပ်မတော်က ၁၉၆၂ ခုနှစ်နဲ့ ၁၉၈၈ ခုနှစ် တာဝန်ယူစဉ်ကာလ ဖွဲ့စည်းပုံများနဲ့ များစွာကွာခြားပါတယ်။ ကျွန်တော်တို့မလွှဲမရှောင်သာသောအကြောင်းများကြောင့်သာ အရေးပေါ်ကာလမှာ တာဝန်ယူထားရခြင်းဖြစ်ပါတယ်။ အခြေခံဥပဒေရဲ့ အရေးပေါ်ကာလ ပြဋ္ဌာန်းချက်များအရသာ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ စစ်မှန်ပြီး စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီစနစ်ကို စောင့်ရှောက်ဖော်ဆောင်သွားမှာ ဖြစ်ပါတယ်။ ပါတီစုံဒီမိုကရေစီစနစ်အရ ကောင်းမွန်သန့်ရှင်းသော အစိုးရတစ်ရပ်နဲ့ အုပ်ချုပ်မှုပုံစံ

**နိုင်ငံတော်ကို ခေတ္တထိန်းသိမ်းပေးထားတဲ့ ကာလအတွင်းမှာ နိုင်ငံခြားရေး မူဝါဒ၊ အုပ်ချုပ်ရေးနဲ့ပတ်သက်တဲ့ မူဝါဒ၊ စီးပွားရေးနဲ့ ပတ်သက်တဲ့ မူဝါဒများ လုံးဝပြောင်းလဲသွားမှာ မဟုတ်ပါဘူး။ လက်ရှိသွားနေတဲ့ နိုင်ငံရေးလမ်းစဉ်အတိုင်း ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။**

ပေါ်ထွန်းလာစေရမယ်လို့ ပြောကြားလိုပါတယ်။

ကျွန်တော်တို့အနေနဲ့ နိုင်ငံတော်ကို ခေတ္တထိန်းသိမ်းပေးထားတဲ့ ကာလအတွင်းမှာ နိုင်ငံခြားရေး မူဝါဒ၊ အုပ်ချုပ်ရေးနဲ့ပတ်သက်တဲ့ မူဝါဒ၊ စီးပွားရေးနဲ့ ပတ်သက်တဲ့ မူဝါဒများ လုံးဝပြောင်းလဲသွားမှာ မဟုတ်ပါဘူး။ လက်ရှိသွားနေတဲ့ နိုင်ငံရေးလမ်းစဉ်အတိုင်း ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ နိုင်ငံခြားရေးမူဝါဒနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) အတိုင်း မပြောင်းလဲဘဲ ဆက်လက်တည်ရှိပါမယ်။ ကမ္ဘာ့နိုင်ငံတိုင်းနဲ့ နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက် ပေါင်းဖက်ဆက်ဆံရေးကို ရှေးရှုသွားမှာ ဖြစ်ပါတယ်။ ထပ်ပြောပါမယ်။ နိုင်ငံအားလုံးနဲ့ ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံဆောင်ရွက်သွားမှာဖြစ်ပါတယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကိုလည်း ဖိတ်ခေါ်ပါတယ်။ ရင်းနှီးမြှုပ်နှံမှုနှင့် ပတ်သက်ပြီး တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်သွားမှာဖြစ်လို့ မည်သည့်ထိခိုက်မှုမှရှိမှာ မဟုတ်ကြောင်း ပြောကြားလိုပါတယ်။ လုပ်ငန်းရှင်များအနေနဲ့ အခွင့်အရေးရရှိရေးအတွက် မတော်မတရား မလုပ်ကြဖို့ဘဲ တိုက်တွန်းလိုပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ဟာ တိုင်းရင်းသားပြည်သူလူထု လူတန်းစားအလွှာ ၈ လွှာက ကိုယ်စားလှယ်ပေါင်း ၇၀၀ ကျော်နဲ့ နှစ်ပေါင်းများစွာ ဆွေးနွေးညှိနှိုင်းပြီးမှပေါ်ထွန်းလာခဲ့တဲ့ စည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီစနစ်ကို ဖော်ဆောင်နေတဲ့ အခြေခံဥပဒေ ဖြစ်ပါတယ်။ ဒီဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ပါတီစုံဒီမိုကရေစီစနစ်ကို ကျွန်တော်တို့ မမှိတ်မသုန် ကာကွယ်သွားပါမယ်။ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားပါမယ်။ ပြည်သူလူထု စိတ်ချမ်းမြေ့စွာ မိမိတို့ယုံကြည်ရာ ဘာသာရေးကိစ္စများကို ဆောင်ရွက်နိုင်ရေး ဘုရား၊ စေတီများ၊ ဘာသာရေးအဆောက်အဦများကိုလည်း ဒီနေ့ကစပြီး နိုင်ငံတစ်ဝန်းလုံး ဖွင့်လှစ်ပေးလိုက်ပါပြီ။ COVID-19 စည်းမျဉ်းစည်းကမ်းများနဲ့ အညီ နိုင်ငံသားပီသစွာ ဆောင်ရွက်သွားကြပါလို့ ကြည်နူးဝမ်းမြောက်စွာ သတင်းစကားပါးလိုက် ရပါတယ်။ နိုင်ငံသူ၊ နိုင်ငံသားများရဲ့ ပညာရေး နောက်မကျစေဖို့အတွက်လည်း စာသင်ကျောင်းများကို COVID-19 စည်းမျဉ်းစည်းကမ်းများနဲ့အညီ ဖွင့်လှစ်နိုင်ရေး အမြန်ဆုံးဆက်လက်ဆောင်ရွက်သွားပါမယ်။ နိုင်ငံ့အနာဂတ်ကို ဆက်လက်ထမ်းဆောင်ရမယ့် ကျောင်းသူ၊ ကျောင်းသားများအားလုံး ကျောင်းတက်ဖို့ စတင်ပြင်ဆင်နိုင်ကြပါပြီ။ တရားဥပဒေစိုးမိုးရေးကို မထိခိုက်ဘူးဆိုရင် ဆက်သွယ်ရေးလမ်းကြောင်းများကိုလည်း ကျွန်တော်တို့ အကောင်းဆုံးဖြစ်အောင် စီမံဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ နိုင်ငံတွင်း အလုပ်အကိုင်အခွင့်အလမ်းတွေ ပိုမိုပွင့်လန်းလာစေဖို့ ဆက်လက်ဆောင်ရွက်ပါမယ်။ ပိတ်ထားရတဲ့ စက်ရုံ၊ အလုပ်ရုံတွေကို COVID-19 စည်းမျဉ်းစည်းကမ်းတွေနဲ့အညီ ပြန်ဖွင့်ပေးသွားပါမယ်။ COVID-19 ကပ်ရောဂါကြောင့် ပြည်ပမှာ ဒုက္ခရောက်နေတဲ့ ကျွန်တော်တို့ နိုင်ငံသူ၊ နိုင်ငံသားတွေ ပြန်လာနိုင်ဖို့ ကျွန်တော်တို့ စတင်ဆောင်ရွက်နေပါပြီ။ ဘင်္ဂလားဒေ့ရှ် နိုင်ငံကိုရောက်နေတဲ့ နေရပ်စွန့်ခွာသွားသူများကိုလည်း နှစ်နိုင်ငံ သဘောတူညီချက်များနဲ့ အညီ ကျွန်တော်တို့ နိုင်ငံရဲ့ရပ်တည်ချက်အတိုင်း ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ပြည်တွင်းနေရပ်စွန့်ခွာသူများ (IDP Camp) များကိုလည်း အဖြစ်နိုင်ဆုံး နေရပ်ပြန်စေရေး ဆွေးနွေးဆောင်ရွက်သွားပါမယ်။

နိဂုံးချုပ်အနေနဲ့ ပြောကြားလိုတာကတော့ တပ်မတော်အနေနဲ့ မြန်မာနိုင်ငံရဲ့ ၁၀ နှစ်တာ ပါတီစုံဒီမိုကရေစီစနစ် လမ်းကြောင်းမှာ အမျိုးသားနိုင်ငံရေးကို ဦးထိပ်ထားပြီး ပြည်သူနဲ့လက်တွဲ အကောင်းဆုံး ဆောင်ရွက်ခဲ့ပါတယ်။ ယခုလည်း စစ်မှန်ပြီး စည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီစနစ် ထွန်းကားလာရေး ဆောင်ရွက်လျက်ရှိနေပါတယ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေနဲ့ စုပေါင်းဖွဲ့စည်းမှု၊ ဆွေးနွေးညှိနှိုင်းအဖြေရှာမှု နည်းလမ်းတွေကိုသာ အသုံးပြုပြီး မြန်မာနိုင်ငံ၊ နိုင်ငံရေး ယဉ်ကျေးမှုနဲ့ သမိုင်းပေးတာဝန်ကို ကျေပွန်စွာထမ်းဆောင်လျက်ရှိပါတယ်။ တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးအနေနဲ့ စိတ်ခံစားမှုထက် ပကတိ အချက်အလက်များ၊ အမှန်တရားများကို ရှေးရှုပြီး လက်တွဲညီ ဆောင်ရွက်သွားပါစို့လို့ မေတ္တာရပ်ခံတိုက်တွန်းလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

GGGG HHHH

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီနှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်အုပ်ချုပ်ရေးကောင်စီ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း (သို့မဟုတ်) ဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ ညှိနှိုင်းအစည်းအဝေးတွင် ပြောကြားသည့် အမှာစကား

(၉–၂–၂၀၂၁)





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီနှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်အုပ်ချုပ်ရေးကောင်စီ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း (သို့မဟုတ်) ဒေသစီမံအုပ်ချုပ်ရေးအဖွဲ့တို့၏ ညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီလ ၉ ရက်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

ညှိနှိုင်းအစည်းအဝေးသို့နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်၊ ကချင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးခက်ထိန်နန်၊ ကယားပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ဦး (ခ) ဘူးရယ်၊ ကရင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးစောမြင့်ဦး၊ ချင်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးတဲရင့်စ်စမ္ပိုင်းနီခွဲ၊ စစ်ကိုင်းတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်လင်း၊ တနင်္သာရီတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးတင်အောင်၊ ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးဆွေဝင်း၊ မကွေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးတင့်လွင်၊ မန္တလေးတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမောင်ကို၊ မွန်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဒေါက်တာတင်ဌေး၊ ရခိုင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဒေါက်တာအောင်ကျော်မင်း၊ ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးလှစိုး၊ ရှမ်းပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဒေါက်တာကျော်ထွန်း၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်း၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ

စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအာကာလင်း၊ ပအိုဝ်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးခွန်ရဲထွေး၊ ပလောင်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ တားသိန်းဇော်၊ ကိုးကန့်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်ဆွေ၊ "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးညီနပ်တို့ တက်ရောက်ကြသည်။

**စုပေါင်းဦးဆောင်မှုဖြင့် ဆောင်ရွက်လျက်ရှိ**

ညှိနှိုင်းအစည်းအဝေးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာ၌ မိမိတို့သည် နိုင်ငံတော်၏ အခြေအနေအရပ်ရပ်ကို ဥပဒေနှင့်အညီသာ ဝင်ရောက်ထိန်းပေးခြင်းဖြစ်ကြောင်း၊ အရေးပေါ်ကာလ စတင်ကြေညာသည့်အချိန်မှစ၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကိုဖွဲ့စည်းခဲ့ပြီး နိုင်ငံတော်၏တာဝန်အရပ်ရပ်ကို ဒီမိုကရေစီလမ်းစဉ်အတိုင်း စုပေါင်းဦးဆောင်မှုဖြင့် ဆောင်ရွက်လျက်ရှိကြောင်း။

**ဖွဲ့စည်းပုံအခြေခံဥပဒေကိုလေးစားလိုက်နာ**

တပ်မတော်အနေဖြင့် ရွေးကောက်ပွဲဆိုင်ရာ မဲစာရင်းမှားယွင်းသည့် ကိစ္စရပ်များကို ဒီမိုကရေစီစည်းကမ်းနှင့်အညီ ဥပဒေကြောင်းအရ ဖြေရှင်းနိုင်ရန် အကြိမ်ကြိမ် ကြိုးပမ်းခဲ့ကြောင်း၊ မဲစာရင်းများတွင် ကြီးမားသည့် လွဲမှားမှုများဖြစ်ခဲ့ပြီး သာမန်လွဲမှားမှုများ မဟုတ်ခဲ့ကြောင်း၊ မိမိတို့အနေဖြင့် မဲစာရင်းမှားယွင်းမှုများကို ဒီမိုကရေစီနည်းလမ်းများနှင့်အညီ အတတ်နိုင်ဆုံး ဆောင်ရွက်ရန် ကြိုးစားခဲ့သော်လည်း မည်သို့မျှ ဆွေးနွေးညှိနှိုင်းဖြေရှင်းမရသည့်အတွက် ယခုအဆင့်အထိ ရောက်ရှိလာခြင်းဖြစ်ကြောင်း၊ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို လေးစားလိုက်နာ စောင့်ထိန်းရန်လိုကြောင်း၊ မိမိတို့သည် အမျိုးသားရေး တာဝန်တစ်ရပ်ကို ထမ်းဆောင်ခြင်းဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ဥပဒေနှင့်အညီ ရှေ့ဆက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

**လွတ်လပ်စွာဆောင်ရွက်**

စီမံအုပ်ချုပ်ရေးကောင်စီများ ဖွဲ့စည်း၍ တာဝန်ပေးအပ်ရာတွင် ဒေသက ကြည်ညိုလေးစားခြင်းခံရပြီး မိမိတို့၏ ဒေသအကျိုး စွမ်းဆောင်နိုင်မည့်သူ၊ အတွေ့အကြုံရှိသူ၊ အုပ်ချုပ်နိုင်စွမ်းရှိသူ၊ ဦးဆောင်နိုင်စွမ်းရှိသူ၊ ပေးအပ်သည့်တာဝန်ကို ယုံယုံကြည်ကြည်ဖြင့် ထမ်းဆောင်နိုင်မည့်သူများကိုသာ တာဝန်ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရသည် မူဝါဒများချမှတ်ပေးရမည်ဖြစ်ပြီး သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်မှ တာဝန်ရှိသူများက ဒေသတိုးတက်အောင်၊ အောက်ခြေရှိ ပြည်သူများ၏ လူမှုစီးပွားဘဝကို အဆင်ပြေအောင် အနီးကပ်ဆုံးဆောင်ရွက်ပေးရမည့် အဖွဲ့များဖြစ်ကြောင်း၊ လူဦးရေစာရင်းများ မှားယွင်းခဲ့သည့်အတွက် ယခုဖွဲ့စည်းပေးလိုက်သည့် ကောင်စီအဆင့်ဆင့်တွင် လူဝင်မှုကြီးကြပ်ရေးမှ တာဝန်ရှိသူများကို ထည့်သွင်းဖွဲ့စည်းထားကြောင်း၊ စာရင်းများမှန်ကန်မှုရှိစေရန် ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို လွတ်လပ်စွာ ဆောင်ရွက်ခွင့်ပြုထားကြောင်း။

**ဝိုင်းဝန်းကူညီပံ့ပိုး**

မိမိအနေဖြင့် နိုင်ငံတော်ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ် မူဝါဒ ၅ ရပ် ချမှတ်ထားကြောင်း၊ ယင်းလုပ်ငန်းစဉ်များကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ် စီမံအုပ်ချုပ်ရေးကောင်စီများက အကောင်အထည်ဖော်ဆောင်ရွက်ကြရမည်ဖြစ်ပြီး ပြည်ထောင်စုဝန်ကြီးဌာနများက ဝိုင်းဝန်းကူညီပံ့ပိုး ဆောင်ရွက်ပေးကြမည်ဖြစ်ကြောင်း၊ ဆောင်ရွက်သင့်၊ ဆောင်ရွက်ထိုက်သည့် ကိစ္စရပ်များကို မြန်မြန်ထက်ထက် လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း။

**မြန်မြန်ထက်ထက်အကောင်အထည်ဖော်**

တပ်မတော်သည် ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို လက်ခံသည့် အဖွဲ့အစည်းဖြစ်သည့်အတွက် တတ်နိုင်သမျှ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း၊ ပြည်သူလူထုကို မထိခိုက်စေလိုကြောင်း၊ တာဝန်ရှိသူများအနေဖြင့် ပြည်သူများ၏ လိုအပ်ချက်နှင့်ဒေသ၏ လိုအပ်ချက်များကို အမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်ပေးရန်လိုကြောင်း၊ အကောင်အထည်ဖော်နိုင်ရန် လုပ်ပိုင်ခွင့်များပေးထားပြီး ဖြစ်ကြောင်း၊ ပေးအပ်ထားသည့် လုပ်ပိုင်ခွင့်ကိုကျော်လွန်ပြီး မလုပ်ဆောင်ရန် လိုကြောင်း၊ ဒေသအတွင်း ရပ်တန့်နေသည့်လုပ်ငန်းများ၊ ကိစ္စရပ်များ၊ လုပ်သင့်လုပ်ထိုက်သည်များကို မြန်မြန်

ထက်ထက် အကောင်အထည် ဖော်ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း (သို့မဟုတ်) ဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများက သက်ဆိုင်ရာ ခရိုင်၊ မြို့နယ်အလိုက် ကောင်စီများဖွဲ့စည်းထားရှိမှု၊ ပြည်သူများ၏ ကျန်းမာရေး စောင့်ရှောက်မှုဆိုင်ရာကိစ္စရပ်များ၊ တိုက်ပွဲရှောင်စခန်းများရှိ ပြည်သူများ နေရပ်ပြန်လည် ရောက်ရှိရေး၊ မိုင်းရှင်းလင်းရေးလုပ်ငန်းများဆောင်ရွက်ရေး၊ ဒေသခံလက်လုပ်လက်စားများ တရားဝင် ကျောက်စိမ်းတူးဖော်ခွင့်ရရှိရေး၊ ကျောက်မျက်ရတနာပြပွဲများ ကျင်းပခွင့်ပြုရေး၊ နယ်စပ်ကုန်သွယ်ရေးဂိတ်များဖြစ်သည့် ကန်ပိုက်တီးနှင့် လွယ်ဂျယ်ဂိတ်များ ပြန်လည်ဖွင့်လှစ်ခွင့်ပြုရေး၊ ရဲတပ်ဖွဲ့ဝင်များ အင်အားတိုးမြှင့်ပေးရေး၊ မှတ်ပုံတင်ပြုလုပ်ပေးရေး၊ တိုင်းဒေသကြီး၊ ပြည်နယ်ကောင်စီများတွင် ဥပဒေအကြံပေးနှင့် ဥပဒေအရာရှိများ ထည့်သွင်းဖွဲ့စည်းပေးရေး၊ ရပ်ကွက်၊ ကျေးရွာကောင်စီဥက္ကဋ္ဌများ အမြန်ဆုံးပြန်လည်ခန့်အပ်ခွင့်ပြုရေး၊ မုံရွာဆေးရုံကြီး အမြန်ပြီးစီးအောင် ဆောင်ရွက်ခွင့်ပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေ၊ နိုင်ငံတော်လုံခြုံရေးအတွက် လိုအပ်သည့် ဥပဒေအချို့ပြဋ္ဌာန်းပေးရေးနှင့် ဒေသအလိုက် ဆောင်ရွက်ရမည့် ကိစ္စရပ်များကို ရှင်းလင်းတင်ပြကြသည်။

> မိမိတို့အနေဖြင့် မဲစာရင်းမှားယွင်းမှုများကို ဒီမိုကရေစီနည်းလမ်းများနှင့်အညီ အတတ်နိုင်ဆုံး ဆောင်ရွက်ရန် ကြိုးစားခဲ့သော်လည်း မည်သို့မျှ ဆွေးနွေးညှိနှိုင်းဖြေရှင်းမရသည့်အတွက် ယခုအဆင့်အထိ ရောက်ရှိလာခြင်းဖြစ်၊ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို လေးစားလိုက်နာ စောင့်ထိန်းရန်လို၊ မိမိတို့သည် အမျိုးသားရေး တာဝန်တစ်ရပ်ကို ထမ်းဆောင်ခြင်းဖြစ်၊ မိမိတို့အနေဖြင့် ဥပဒေနှင့်အညီ ရှေ့ဆက်ဆောင်ရွက်သွားမည်ဖြစ်။

**ပါတီနိုင်ငံရေးကင်းရှင်းရန်လို**

တင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တိုက်ပွဲရှောင်စခန်းများရှိ ပြည်သူများ နေရပ်ပြန်နိုင်ရေးနှင့် မိုင်းရှင်းလင်းရေးကိစ္စကို အမြန်ဆုံးဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ပြည်ပရောက် မြန်မာနိုင်ငံသားများ မြန်မာနိုင်ငံသို့အမြန်ဆုံး ပြန်လည်ခေါ်ဆောင်နိုင်ရေးနှင့် မိမိနိုင်ငံ၏ အရိပ်အာဝါသအောက်တွင်နေထိုင်စေလိုကြောင်း၊နယ်စပ်ကုန်သွယ်ရေးဂိတ်များ ပြန်လည်ဖွင့်လှစ်နိုင်ရေးမှာ အမိန့်နှင့်ညွှန်ကြားချက်များသည် တည်ဆဲဖြစ်ပြီး လိုအပ်ပါက ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များနှင့် ညှိနှိုင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ ဖွံ့ဖြိုးတိုးတက်မှု ကွာခြားချက်၊ ကျေးလက်မြို့ပြကွာဟမှုနှင့် ဆင်းရဲချမ်းသာကွာဟမှုများကို လျှော့ချရန်လိုအပ်ကြောင်း၊ လူမှုစီးပွားဘဝနိမ့်ပါးနေသည့်အတွက် မြင့်မားအောင်ဆောင်ရွက်ပေးရန်လိုကြောင်း၊ နိုင်ငံ့ဝန်ထမ်းများ အနေဖြင့် ပါတီနိုင်ငံရေးကင်းရှင်းရန် လိုအပ်ကြောင်း၊ နိုင်ငံတော်မှပေးသည့် လစာနှင့်ခံစားခွင့်များကို ရယူထားပြီး နိုင်ငံရေးဆောင်ရွက်၍ မရပါကြောင်း၊ မိမိတို့ နိုင်ငံထက် ဒီမိုကရေစီ ပိုမိုရင့်ကျက်သည့် နိုင်ငံများတွင်လည်း ဒီမိုကရေစီ နိုင်ငံရေးယဉ်ကျေးမှုအရ နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံရေးတွင် ပါဝင်ဆောင်ရွက်ခြင်းမရှိသည်ကို တွေ့ရှိရကြောင်း၊ မိမိတို့နှစ်သက်သည့် ပါတီများကို လွတ်လပ်စွာမဲပေးနိုင်သော်လည်း လုပ်ငန်းတာဝန်ထမ်းဆောင်နေသည့် အချိန်တွင် နိုင်ငံရေးပါဝင်ဆောင်ရွက်၍ မရကြောင်း၊ နိုင်ငံ့ဝန်ထမ်းများ တာဝန်ထမ်းဆောင်မှု အပေါ် နည်းလမ်းအမျိုးမျိုးဖြင့် ခြိမ်းခြောက်လာမှုများကို ဖော်ထုတ်အရေးယူရမည်ဖြစ်ကြောင်း မှာကြားသည်။

**ပညာရေးကို အားပေးရန်လို**

ယင်းနောက်ပြည်သူများ ဝင်ငွေရရှိရန်အတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရန်လို ကြောင်း၊ အခြေခံလုပ်ငန်းခွင်များတွင် ဝင်ရောက် လုပ်ကိုင်နိုင်ရန်အတွက် အသိပညာ၊ အတတ်ပညာရှိ ရန်လိုအပ်ကြောင်း၊ အတတ်ပညာရရှိရန်အတွက် အတန်း ပညာများ တတ်မြောက်ရန် လိုအပ်သဖြင့် ပညာရေးကို အားပေးရန်လိုကြောင်း၊ တိုင်းရင်းသားဒေသများတွင် ပညာသင်ကြားရာ၌ ဘာသာစကားအခက်အခဲများကို ဖြေရှင်းဆောင်ရွက်ရန်လိုကြောင်း၊ ယခု COVID-19 ရောဂါ စတင်ဖြစ်ပွားချိန်မှ ယနေ့အထိ စာသင်ကျောင်း များ ပိတ်ထားခဲ့ရသဖြင့် ပညာရေးနှောင့်နှေးမှု ဖြစ်ပေါ်ခဲ့ကြောင်း၊ ထို့ကြောင့် အခြေခံပညာကျောင်း များအား ထုတ်ပြန်ထားသည့် COVID-19 စည်းကမ်းချက် များနှင့်အညီ ပြန်လည်ဖွင့်လှစ်နိုင်ရေး ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အတတ်ပညာရှိသည့် လူသားအရင်းအမြစ်များ ပေါ်ထွန်းလာစေရေးအတွက် သက်ဆိုင်ရာ ပညာရပ်နယ်ပယ်အလိုက် ကျောင်းများအား တိုးချဲ့ဖွင့်လှစ်ပေးရန်လိုအပ်ကြောင်း၊ နိုင်ငံသားအားလုံး တိုင်းချစ် ပြည်ချစ်စိတ် ရှိရန်အတွက် ပညာရေးကို အားပေးဆောင်ရွက်ရန်လိုကြောင်း၊ ဒေသဖွံ့ဖြိုးရေး အတွက် အဓိကထုတ်ကုန်ဖြစ်သည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးထုတ်ကုန်များကိုလည်း အရည်အသွေးပြည့်မီ စွာဖြင့် ထုတ်လုပ်နိုင်ပြီး ဒေသခံပြည်သူများ ဝင်ငွေတိုးပွား ရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ကြိုးပမ်းဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ကုန်စည် စီးဆင်းမှုပြန်လည်ချောမွေ့လာစေရေးအတွက် စည်းကမ်း ချက်များနှင့်အညီ ဆောင်ရွက်သွားရမည်ဖြစ်ပြီး အလုပ် အကိုင်ရရှိရေးအတွက်လည်း တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ကြိုးစားဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ ငွေကြေးတန်ဖိုး ယခုထက် လျော့ကျခြင်းမရှိစေရန်နှင့် တိုးတက်မှုရှိရန်အတွက် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ရန်လိုကြောင်း၊ တိုင်းဒေသ ကြီး၊ ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသကောင်စီ ဥက္ကဋ္ဌများအနေဖြင့် ဒေသဖွံ့ဖြိုးရေးအတွက် တက်ညီ လက်ညီစေတနာထား ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ဗုဒ္ဓဘာသာဆိုင်ရာ ဘုရား၊ စေတီပုထိုးများနှင့် အခြား ဘာသာရေးဆိုင်ရာ အဆောက်အဦများကို COVID-19 စည်းကမ်းချက်များနှင့်အညီ အမြန်ဆုံး ပြန်လည်ဖွင့်လှစ် နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

**ဥပဒေနှင့်အညီ ဆောင်ရွက်ပေးရန်လို**

ထို့နောက် ရွေးကောက်ပွဲအတွက် လိုအပ်သည့် မဲစာရင်းများ မှန်ကန်မှုရှိစေရေး တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် သန်းခေါင်စာရင်း မှန်ကန်စွာရရှိရေးနှင့် မှတ်ပုံတင်များရရှိရေး ဥပဒေနှင့်အညီ ဆောင်ရွက်ပေးရန် လိုကြောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ရောက်ရှိနေသည့် နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရေးအတွက် နှစ်နိုင်ငံသဘောတူညီချက်များနှင့် ၁၉၈၂ ခုနှစ် နိုင်ငံသား ဥပဒေတို့နှင့်အညီ ရပ်တည်ဆောင်ရွက်သွားမည်ဖြစ် ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ပြည်ထောင်စုနေ့အခမ်းအနားအပါအဝင် သက်ဆိုင်ရာ နေ့ထူးနေ့မြတ်များတွင် ကျင်းပလေ့ရှိသည့် အခမ်းအနား များကို ပုံမှန်အတိုင်း စည်ကားသိုက်မြိုက်စွာ ကျင်းပရန် နှင့် အခမ်းအနားများကျင်းပရာတွင် COVID-19 စည်းကမ်း ချက်များကိုလည်း လိုက်နာဆောင်ရွက်သွားရန်လိုကြောင်း ဖြင့် တိုက်တွန်းမှာကြားခဲ့သည်။

GGGG HHHH

နိုင်ငံတော်ရှေ့ဆက်ဆောင်ရွက်မည့်
လုပ်ငန်းစဉ် မူဝါဒ ၅ ရပ် ချမှတ်ထား၊
ယင်းလုပ်ငန်းစဉ်များကို
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊
တိုင်းဒေသကြီးနှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်
စီမံအုပ်ချုပ်ရေးကောင်စီများက
အကောင်အထည်ဖော်ဆောင်ရွက်
ကြရမည်ဖြစ်ပြီး
ပြည်ထောင်စုဝန်ကြီးဌာနများက
ဝိုင်းဝန်းကူညီပံ့ပိုး
ဆောင်ရွက်ပေးကြမည်ဖြစ်။

# နိုင်ငံတော်၏ အခြေအနေအရပ်ရပ်အား ပြည်သူလူထုသို့ ပြောကြားသည့်မိန့်ခွန်း

(၁၂-၂-၂၀၂၁)



**ပြည်ထောင်စုဖွားတိုင်းရင်းသား မိဘပြည်သူများ ခင်ဗျာ**

ယခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့မှာ ကျရောက်မယ့် (၇၄) နှစ်မြောက် ပြည်ထောင်စုနေ့အခါသမယမှာ ကျွန်တော်တို့ ပြည်ထောင်စုမြန်မာနိုင်ငံတစ်ဝန်းလုံး အေးချမ်းသာယာပါစေကြောင်းနဲ့ ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံးလည်း စည်းလုံးညီညွတ်စွာဖြင့် အမိနိုင်ငံတော်အကျိုးကို ဆက်လက်ဆောင်ရွက်နိုင်ပါစေကြောင်း ဦးစွာဆန္ဒပြု မေတ္တာပို့သအပ်ပါတယ်။

ကျွန်တော်တို့ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေနဲ့ အရေးပေါ်ကာလ နိုင်ငံတော်ရဲ့တာဝန်တွေ ထမ်းဆောင်နေစဉ်ကာလအတွင်းမှာ နိုင်ငံတော်ရဲ့ တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနဲ့ တိုင်းရင်းသားပြည်သူအားလုံးရဲ့ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။

ဒီလိုဆောင်ရွက်တဲ့နေရာမှာ တိုင်းရင်းသားပြည်သူအားလုံးရဲ့ ပူးပေါင်းဆောင်ရွက်မှုခွန်အားများ မရှိမဖြစ် အထူးလိုအပ်ပါတယ်။ တိုင်းပြည်ရဲ့အားဟာ

ပြည်တွင်းမှာပဲ ရှိပါတယ်။

"စုပေါင်းညီညာ၊ အောင်ကြောင်းဖြာ" ဆိုသလို ကျွန်တော်တို့အားလုံး စုစည်းညီညွတ်မှ ကျွန်တော်တို့ရဲ့ ရည်မှန်းချက်ဖြစ်တဲ့ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့နိုင်ငံတော်၊ ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုနဲ့ စစ်မှန်စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီစနစ်တို့ကို တည်ဆောက်နိုင်မှာ ဖြစ်ပါတယ်၊ ဒီလိုစုစည်းညီညွတ်စွာ နိုင်ငံတော်နဲ့ ပြည်သူ့အကျိုးသယ်ပိုးနိုင်ဖို့ ကျွန်တော်တို့ တိုင်းရင်းသားပြည်သူအားလုံး ကျန်းမာကြံ့ခိုင်ဖို့ လိုအပ်ပါတယ်။ ကျန်းမာမှ အလုပ်လုပ်နိုင်မှာ၊ ကျန်းမာမှ ပညာသင်ကြားနိုင်မှာဖြစ်ပါတယ်။ ဒါမှသာ ကျွန်တော်တို့ ရည်မှန်းချက်တွေ ပြည့်ဝမှာ ဖြစ်ပါတယ်။

တိုင်းရင်းသားပြည်သူအားလုံးရဲ့ ကျန်းမာကြံ့ခိုင်ရေးနဲ့ပတ်သက်ပြီးကျန်းမာရေးနဲ့အားကစားဝန်ကြီးဌာန၊ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တို့မှ အားသွန်ခွန်စိုက်ဆောင်ရွက်ပေးလျက်ရှိနေပါတယ်။ ကမ္ဘာအနှံ့ဖြစ်ပွားနေတဲ့ COVID–19 ကမ္ဘာ့ကပ်ရောဂါကြောင့် နိုင်ငံ့စွမ်းအားတွေ၊ ပြည်သူလူထုရဲ့ ကျန်းမာကြံ့ခိုင်ရေးအခြေအနေတွေ မယုတ်လျော့စေဖို့ကျွန်တော်တို့အထူးဂရုစိုက်ဆောင်ရွက်လျက်ရှိနေပါတယ်။ရှေ့တန်းမှာတာဝန်ထမ်းဆောင်နေတဲ့ ကျန်းမာရေးဝန်ထမ်းအားလုံးနီးပါးနဲ့ စေတနာ့ဝန်ထမ်းများ၊ ဝန်ကြီးဌာနအသီးသီးမှ ညွှန်ကြားရေးမှူးနှင့်အထက် နိုင်ငံ့ဝန်ထမ်းအချို့ကို ပထမအကြိမ် ကာကွယ်ဆေးထိုးနှံပေးခဲ့ပြီးဖြစ်ပါတယ်။ မိမိအိမ်တွင် နေထိုင်ရေးအစီအစဉ် (Stay at Home) နဲ့ အကျုံးဝင်တဲ့ မြို့နယ်များမှာ နေထိုင်တဲ့ အသက် (၆၅) နှစ်အထက်ရှိ မိဘပြည်သူများကို စတင်ထိုးနှံပေးလျက်ရှိပြီး ဆက်လက်ထိုးနှံပေးသွားမှာဖြစ်ပါတယ်။ ဒီနေ့မှာဆိုရင် အိန္ဒိယနိုင်ငံက COVID–19 ကာကွယ်ဆေး COVISHIELD injection ဆေး (နှစ်သန်း) ဒုတိယအသုတ် ရောက်ရှိလာမှာဖြစ်ပါတယ်။ ကာကွယ်ဆေးထိုးနှံနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဒါ့အပြင် ရဟန်းသံဃာတော်များပါမကျန် မြန်မာနိုင်ငံသားအားလုံး COVID–19 ကာကွယ်ဆေးကို အမြန်ဆုံးထိုးနှံနိုင်ပြီး ကျန်းမာကြံ့ခိုင်ကြစေဖို့ ကျွန်တော်တို့အနေနဲ့ အစီအစဉ်သစ်များ ချမှတ်ဆောင်ရွက်လျက်ရှိပါတယ်။ အဲ့ဒီအစီအစဉ်သစ်မှာ–

၁။ FDA က အသိအမှတ်ပြုပြီး အာမခံချက်နှင့် ထိရောက်မှုရှိတဲ့ ကာကွယ်ဆေး အမျိုးအစားသစ်များ ခွင့်ပြုခြင်း

၂။ ပုဂ္ဂလိက ထိုးနှံလိုသူများ၊ တင်သွင်းလိုသူများကို ခွင့်ပြုခြင်းတို့ပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ရုရှားနိုင်ငံထုတ် Sputnik V vaccine ဆေး၊ တရုတ်နိုင်ငံထုတ် SARS COVI Vaccine ဆေးနဲ့ အိန္ဒိယနိုင်ငံထုတ် COVAXIN Vaccineဆေးတို့ကိုခွင့်ပြုသွားမှာဖြစ်ပါတယ်။ အဲဒီဆေးတွေဟာ ကမ္ဘာ့နိုင်ငံတွေမှာ လက်ရှိလက်တွေ့ အသုံးပြုနေတဲ့ ဆေးတွေဖြစ်ပါတယ်။ နိုင်ငံတော်အစီအစဉ်နဲ့ ဆက်လက်တင်သွင်းပြီး ပြည်သူလူထုကို ကျန်းမာရေးစောင့်ရှောက်မှု ပြုလုပ်သွားပါမယ်။ ဒါ့အပြင် နိုင်ငံအဝန်း အမြန်ဆုံး လွှမ်းခြုံနိုင်စေဖို့ စေတနာရှင် မိဘပြည်သူများလည်း ဒီလုပ်ငန်းစဉ်မှာ ထိထိရောက်ရောက် ထဲထဲဝင်ဝင် ပါဝင်နိုင်စေဖို့အတွက် ပုဂ္ဂလိက ကာကွယ်ဆေး တင်သွင်းထိုးနှံလိုသူများ၊ တင်သွင်းလိုသူများကိုလည်း စည်းမျဉ်း၊ စည်းကမ်းများနဲ့အညီ ကျွန်တော်တို့ ခွင့်ပြုသွားမှာဖြစ်ပါတယ်။ ဒါမှ ကာကွယ်ဆေးထိုးနှံရေးအတွက် မိမိတို့ အလှည့်မရောက်သေးဘဲ အချိန်ဆောလျင်စွာ ထိုးနှံနိုင်မှာဖြစ်ပြီး အချိန်တိုအတွင်းမှာ ကာကွယ်ဆေးထိုးနှံမှုဟာ လွှမ်းခြုံမှုမြင့်မားလာမှာဖြစ်တဲ့အတွက် COVID ကာကွယ်ရေး လုပ်ငန်းတွေ ပိုမိုအကျိုးဖြစ်ထွန်းလာမှာပဲ ဖြစ်ပါတယ်။

တိုင်းရင်းသားပြည်သူများအနေနဲ့ အထူးသတိပြုရမှာကတော့ ဒီကာလဟာ ကမ္ဘာမှာ COVID–19 ရောဂါပျံ့နှံ့ဖြစ်ပွားနေဆဲကာလ ဖြစ်ပါတယ်။ ကာကွယ်ဆေးမထိုးရသေးခင်အထိ COVID–19 စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ နေထိုင်ကြဖို့ အလွန်အရေးကြီးပါတယ်။ ယခုကာလမှာလူစုလူဝေးနဲ့သွားလာနေတာတွေကိုလည်း တွေ့ရပါတယ်။ ဒါတွေဟာ COVID–19 ကူးစက်၊ ပြန့်ပွား၊ ဖြစ်ပွားမှုနှုန်း မြင့်မားလာစေမှာဖြစ်လို့ ရှောင်ကြဉ်ကြဖို့ ကျွန်တော် အထူးတိုက်တွန်းလိုပါတယ်။ COVID–19 ကပ်ရောဂါကို ထိရောက်စွာ ကာကွယ်တားဆီး ထိန်းချုပ်

နိုင်ရေးအတွက်ရောဂါစစ်ဆေးခြင်းလုပ်ငန်းတွေကိုလည်း ကျွန်တော်တို့ အရှိန်အဟုန်တိုးမြှင့်ဆောင်ရွက်သွားဖို့ လိုပါတယ်။ ဒီလိုဆောင်ရွက်နိုင်အောင်လည်း စီမံဆောင်ရွက်လျက်ရှိနေပါတယ်။ COVID-19 ကြောင့် တုံ့နှေးနေတဲ့လုပ်ငန်းများ ပြန်လည် လည်ပတ်နိုင်ဖို့ အဲဒီအစီအမံတွေ မဖြစ်မနေလိုအပ်ပါတယ်။ ဒါတွေကို ပြည်သူလူထုတစ်ရပ်လုံးက ပူးပေါင်းဆောင်ရွက်ခြင်း၊ စည်းကမ်းရှိရှိ လိုက်နာခြင်း၊ ပါဝင်ကူညီခြင်းတို့ဖြင့် ဆောင်ရွက်သွားကြပါလို့ မေတ္တာရပ်ခံလိုပါတယ်။ ကျန်းမာရေးဝန်ထမ်းများအနေနဲ့ ပြည်သူလူထုရဲ့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကိုသက်ဆိုင်ရာဆေးရုံများမှာ အမြန်ဆုံး ဆောင်ရွက်ပေးဖို့ တိုက်တွန်းလိုပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) အရ နိုင်ငံ့ဝန်ထမ်းများနဲ့ ပတ်သက်ပြီး "နိုင်ငံတော်သည် နိုင်ငံ့ဝန်ထမ်းများ၏ လုပ်ငန်းခွင်အာမခံချက်ရရှိရေး၊ စားဝတ်နေမှုဖူလုံရေး၊ အိမ်ထောင်ရှင်အမျိုးသမီးဝန်ထမ်းများ မီးဖွားခြင်းဆိုင်ရာ အကျိုးခံစားခွင့်ရှိရေးနှင့် အငြိမ်းစားဝန်ထမ်းများ စားဝတ်နေမှု သက်သာချောင်ချိရေးတို့အတွက် လိုအပ်သည့်ဥပဒေများ ပြဋ္ဌာန်းရမည်" လို့ ပြဋ္ဌာန်းထားပါတယ်။ နိုင်ငံ့ဝန်ထမ်းများအတွက် ဥပဒေများ ပြဋ္ဌာန်းထားပြီးဖြစ်ပါတယ်။ လိုအပ်ချက်တွေရှိကောင်းရှိနေနိုင်ပါတယ်။ ကျွန်တော်တို့အနေနဲ့

နိုင်ငံ့ဝန်ထမ်းများဟာ နိုင်ငံ့အကျိုး၊
ပြည်သူ့အကျိုးကို တိုက်ရိုက်သယ်ပိုးခွင့်
ရရှိသူများလည်း ဖြစ်ပါတယ်။
နိုင်ငံတော်ရဲ့ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနဲ့
တရားစီရင်ရေးကဏ္ဍများ ကောင်းမွန်စွာ
လည်ပတ်နိုင်ဖို့အတွက်
အဆင့်ဆင့်တာဝန်ယူမှု၊ တာဝန်ခံမှုတွေနဲ့
ပြည်သူ့ကောင်းကျိုးကို
လုပ်ဆောင်နေကြရတဲ့
ဂုဏ်ယူစရာကောင်းသူများ ဖြစ်ကြပါတယ်။

ပြန်လည်စိစစ်ပြီး နိုင်ငံ့ဝန်ထမ်းများ အကျိုးအတွက် လိုအပ်တာတွေ ထပ်မံဖြည့်ဆည်းဆောင်ရွက်ပေးသွားပါမယ်။ နိုင်ငံ့ဝန်ထမ်းများဟာ နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးကို တိုက်ရိုက်သယ်ပိုးခွင့် ရရှိသူများလည်း ဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနဲ့၊ တရားစီရင်ရေးကဏ္ဍများ ကောင်းမွန်စွာ လည်ပတ်နိုင်ဖို့အတွက် အဆင့်ဆင့်တာဝန်ယူမှု၊ တာဝန်ခံမှုတွေနဲ့ ပြည်သူ့ကောင်းကျိုးကို လုပ်ဆောင်နေကြရတဲ့ ဂုဏ်ယူစရာကောင်းသူများ ဖြစ်ကြပါတယ်။ ဒီဂုဏ်သိက္ခာကို ကျွန်တော်တို့ စောင့်ထိန်းကြရမှာ ဖြစ်ပါတယ်။

ဒီနေ့အချိန်ကာလမှာ နိုင်ငံ့ဝန်ထမ်းအချို့ဟာ မသမာသူအချို့ရဲ့ သွေးထိုးလှုံ့ဆော်မှုတွေကြောင့် မိမိတို့ရဲ့ လုပ်ငန်းခွင်တာဝန်များမှာ ပျက်ကွက်နေကြပါတယ်။ နိုင်ငံတော်နဲ့ ပြည်သူလူထုအပေါ်မှာ စေတနာထား၊ တန်ဖိုးထားပြီး လုပ်ငန်းခွင်မှာ အခက်အခဲများကြားက တာဝန်ထမ်းဆောင်နေကြတဲ့သူတွေကိုလည်း မသမာသူတွေက နည်းအမျိုးမျိုးအသုံးပြုပြီး နှောင့်ယှက်တားဆီးနေတာ တွေ့ရပါတယ်။ ကျွန်တော်မနေ့က ကြေညာချက်ထုတ်ပြန် တားဆီးတာတွေ၊ တိုက်တွန်းတာတွေ ဆောင်ရွက်ခဲ့ပါတယ်။ ထိထိရောက်ရောက်ဖြစ်စေဖို့ ဆက်လက် ဆောင်ရွက်သွားပါမယ်။ ပြည်သူလူထုအပေါ်မှာ စေတနာထား တာဝန်ကျေပွန်နေကြတဲ့ နိုင်ငံ့ဝန်ထမ်းများအနေနဲ့ မိမိတို့တာဝန်ကို စိတ်အေးချမ်းသာစွာ ဆက်လက်ဆောင်ရွက်နိုင်ရေး လိုအပ်တာတွေလည်း ဆောင်ရွက်ပေးပါမယ်။ နိုင်ငံတော်နဲ့ ပြည်သူလူထုအပေါ်မှာ စေတနာထားပြီး သစ္စာရှိရှိ နိုင်ငံ့တာဝန်များ ထမ်းဆောင်နေကြတဲ့ နိုင်ငံ့ဝန်ထမ်းများ အားလုံးကိုလည်း အထူးကျေးဇူးတင်ရှိပါတယ်။ လုပ်ငန်းခွင်နဲ့ ကင်းကွာနေကြတဲ့ နိုင်ငံ့ဝန်ထမ်းများအနေနဲ့လည်း မိမိတို့ရဲ့ စိတ်ခံစားချက်များကို ဦးစားမပေးဘဲ နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးကို ဦးစားပေးပြီး မိမိတို့ရဲ့လုပ်ငန်းခွင်များကိုအမြန်ဆုံးဝင်ရောက်သွားကြဖို့မေတ္တာရပ်ခံလိုပါတယ်။

နောက်တစ်ခုကတော့ ပြီးခဲ့တဲ့ရွေးကောက်ပွဲကိစ္စပဲ ဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၃၉၉ အရ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ရဲ့ တာဝန်များမှာ ရွေးကောက်ပွဲကျင်းပခြင်း၊ ရွေးကောက်ပွဲများကို ကြီးကြပ်ခြင်း၊ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ကို ဖွဲ့စည်း

ခြင်းနှင့် ကြီးကြပ်စေခြင်း၊ မဲစာရင်းများပြုစုခြင်းနှင့် ပြင်ဆင်ခြင်းလို့ အတိအလင်း ပြဋ္ဌာန်းထားပါတယ်။ မဲစာရင်းများ ပြုစုခြင်းနဲ့ ပြင်ဆင်ခြင်းဟာ UEC ရဲ့ တာဝန်ပဲ ဖြစ်ပါ တယ်။ စစ်ဆေးကြည့်တဲ့အခါ မဲစာရင်းများကို ဖြစ်သလို ပြုလုပ်ထားတာတွေ့ရပါတယ်။ အချို့နေရာတွေမှာ တပ်မတော်က စစ်ဆေးဖော်ထုတ်ထားတဲ့ မဲစာရင်းတွေထက်ကို စာရင်းများ ပိုမိုနေကြောင်း တွေ့ရပါတယ်။ ကျွန်တော် ယခင်ကပြောခဲ့သလို ကျွန်တော်တို့ နိုင်ငံမှာ ပါတီစုံဒီမိုကရေစီစနစ်ကို စတင်ကျင့်သုံးပြီးနောက် အထွေထွေရွေးကောက်ပွဲကြီး (၃)ကြိမ်၊ ကြားဖြတ်ရွေးကောက်ပွဲ (၂)ကြိမ် ကျင်းပခဲ့ပါတယ်။ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အနေနဲ့လည်း ဦးသိန်းစိုး ဦးဆောင်တဲ့ UEC အဖွဲ့၊ ဦးတင်အေး ဦးဆောင်တဲ့ UEC အဖွဲ့နဲ့ ဦးလှသိန်း ဦးဆောင်တဲ့ UEC အဖွဲ့ဆိုပြီး အဖွဲ့ ၃ ဖွဲ့ ရှိခဲ့ပါတယ်။ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်တိုင်းသည် လွတ်လပ်တဲ့ ကော်မရှင်တွေ ဖြစ်ရမှာဖြစ်ပါတယ်။ လွတ်လပ်တဲ့ ကော်မရှင်တွေဖြစ်ကြောင်းလည်း ၂၀၁၀ ပြည့်နှစ်နဲ့ ၂၀၁၅ ခုနှစ်မှာ ဖွဲ့စည်းခဲ့တဲ့ကော်မရှင်တွေက သက်သေပြပြီးဖြစ်ပါတယ်။ ရွေးကောက်ပွဲမတိုင်မီ အငြင်းပွားမှု၊ စောဒကမှု၊ ရွေးကောက်ပွဲကာလအတွင်းနဲ့ ရွေးကောက်ပွဲအပြီး အငြင်းပွားမှု၊ စောဒကမှုတွေကို နှစ်ဦး၊ နှစ်ဖက် လက်ခံသည်အထိ ဖြေရှင်းပေးခဲ့ပါတယ်။

ရွေးကောက်ပွဲကော်မရှင်တိုင်းသည် လွတ်လပ်တရားမျှတတဲ့ ရွေးကောက်ပွဲဖြစ်စေဖို့ကို အဓိက ဦးတည်ဆောင်ရွက်ရတာဖြစ်ပါတယ်။သူတို့ဒီလိုဆောင်ရွက်ပေးမှ ကောင်းမွန်တဲ့ အုပ်ချုပ်မှု၊ သန့်ရှင်းသောအစိုးရဆိုတာ ဖြစ်လာမှာ ဖြစ်ပါတယ်။ ရွေးကောက်ပွဲကော်မရှင်ကိုယ်တိုင်က ဒီတာဝန်ဝတ္တရားတွေကို ချို့ယွင်းခဲ့ရင် ကျွန်တော်တို့ရည်မှန်းခဲ့တဲ့ စစ်မှန်စည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီစနစ်ဖြစ်ထွန်းဖို့ အလှမ်းဝေးစေမှာ ဖြစ်ပါတယ်။ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အနေနဲ့ သူတို့ရဲ့ ပြုမူဆောင်ရွက်ချက်တာဝန် ထမ်းဆောင်မှုများကို တာဝန်ယူရမှာဖြစ်ပါတယ်။ ဒါ့အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၉၈၊ ပုဒ်မခွဲ (က)အရ ရွေးကောက်ပွဲကော်မရှင်ကို သမ္မတက ခန့်အပ်ရခြင်း၊ ပုဒ်မ ၄၀၀ အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ (သို့မဟုတ်) အဖွဲ့ဝင်များကို နိုင်ငံတော်သမ္မတက စွပ်စွဲပြစ်တင်နိုင်ခြင်း စတဲ့ ပြဋ္ဌာန်းချက်များအရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နဲ့ သမ္မတကြားမှာ အပြန်အလှန်ဆက်သွယ်မှု၊ အပြန်အလှန် ထိန်းကျောင်းမှုပြုနေတဲ့သဘော သက်ရောက်ပါတယ်။ဒါတွေဟာကျွန်တော်တို့လိုက်နာဆောင်ရွက်ရတဲ့ အခြေခံဥပဒေ ပြဋ္ဌာန်းချက်တွေ ဖြစ်ပါတယ်။ အနည်းဆုံး တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များပင် လိုက်နာပါမည်လို့ ကျမ်းသစ္စာဆိုချက်ပုံစံပါ “နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပြီး နိုင်ငံတော်၏ဥပဒေများကိုလည်းလိုက်နာပါမည်”ဆိုတဲ့ကျမ်းသစ္စာပြုချက်ကို အလေးထားလိုက်နာရမှာ ဖြစ်ပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော်တို့အနေနဲ့ ယနေ့ အရေးပေါ်ကာလ နိုင်ငံတော်တာဝန်ကို ထမ်းဆောင်နေရချိန်အတွင်းမှာ နိုင်ငံတော်နဲ့ ပြည်သူလူထုရဲ့ လူမှုစီးပွားဘဝ တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ အစွမ်းရှိသမျှ ဆောင်ရွက်သွားပါမယ်။ ပြည်ထောင်စုရဲ့ ရည်မှန်းချက်ဖြစ်တဲ့ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်ဖြစ်ရေး ဆောင်ရွက်ပါမယ်။ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုစနစ် ပီပြင်စွာဖြစ်လာစေရေး၊ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပိုမိုခိုင်မာစေရေး ဆက်လက်ဆောင်ရွက်ပါမယ်။ စစ်မှန်စည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို မမိုတ်မသုန် လျှောက်လှမ်းရင်း ပြည်ထောင်စုမြန်မာနိုင်ငံရဲ့ ရည်မှန်းချက်များ ပြည့်စုံအောင် ဖြည့်ဆည်းသွားပါမယ်လို့ ပြောကြားလိုပါတယ်။

ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး ကျန်းမာရွှင်လန်းစွာဖြင့် ပြည်ထောင်စုအကျိုးကို လက်တွဲဆောင်ရွက်ကြပါစို့ခင်ဗျာ။ အားလုံးကို ကျေးဇူးတင်ပါတယ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ညှိနှိုင်းအစည်းအဝေးတွင် ပြောကြားသည့် အမှာစကား

(၁၅-၂-၂၀၂၁)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၁၅ နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမဌ္ဌကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက် အမှာစကား ပြောကြားသည်။ ညှိနှိုင်းအစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီအဖွဲ့ဝင်များ ဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ မန်းငြိမ်းမောင်၊ ဦးသိန်းညွန့်၊ ဦးခင်မောင်ဆွေ၊ ဒေါ်အေးနုစိန်၊ Jeng Phang နော်တောင်၊ ဦးမောင်းဟာ၊ ဦးစိုင်းလုံးဆိုင်နှင့် စောဒန်နီယယ်၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေးနှင့် တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦးတို့ တက်ရောက်ကြသည်။ အစည်းအဝေးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူလူထု၏ အသက်အိုးအိမ် စည်းစိမ်လုံခြုံရေးအတွက် တာဝန်ရှိသူများအနေဖြင့် ညင်ညင်သာသာ ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့ တာဝန်ယူချိန်မှစပြီး ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို မပြောင်းလဲကြောင်း၊ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ငြိမ်းချမ်းရေးနှင့် နိုင်ငံတကာဆက်ဆံရေးတို့နှင့်စပ်လျဉ်း၍ မူဝါဒများပြောင်းလဲခြင်း မရှိကြောင်း၊ ပကတိအခြေအနေများသည် ရွေးကောက်ပွဲမဲစာရင်းများ မှားယွင်းမှုကြောင့် ဖြစ်ပေါ်လာခြင်းဖြစ်ကြောင်း၊ လက်ရှိအခြေအနေတွင် တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်တို့တွင် အရပ်ဘက်မှ အများကြည်ညိုလေးစား

သည့်ပုဂ္ဂိုလ်များနှင့်ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ မိမိအနေဖြင့် အရပ်ဘက်အုပ်ချုပ်ရေးကို အလေးထားကြောင်း။

**အလေးထားဆောင်ရွက်**

ရွေးကောက်ပွဲ မဲစာရင်း မှားယွင်းမှုများကို ရွေးကောက်ပွဲဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အရေးပေါ်ကာလပြီးဆုံးသွားပါက စည်းကမ်းပြည့်ဝပြီး အနှစ်သာရရှိသည့် ရွေးကောက်ပွဲကို ပြန်လည်ကျင်းပပေးသွားမည်ဖြစ်ကြောင်း၊ မိမိတို့တာဝန်ယူသည့် အရေးပေါ်ကာလအတွင်း ပြည်သူလူထု၏ စားဝတ်နေရေးနှင့် အေးချမ်းတည်ငြိမ်ရေးကို အလေးထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထို့အတူ တရားဥပဒေစိုးမိုးရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ဦးစားပေးလုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ တစ်နိုင်ငံလုံး အေးချမ်းတည်ငြိမ်မှုရှိမှ တစ်ဦးချင်း၏အကျိုးစီးပွားကို ဖော်ဆောင်သွားနိုင်မည်ဖြစ်ကြောင်း၊ အဓိကအားဖြင့် COVID-19 ကာလတွင် ထိခိုက်ခဲ့သည့် စီးပွားရေးကို ပြန်လည်တည့်မတ်အောင် ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူလူထုအား COVID-19 ကာကွယ်ဆေးထိုးနှံရေးလုပ်ငန်းများကို ရပ်ဆိုင်းထား၍ မရကြောင်း၊ မိမိတို့အနေဖြင့် ပြည်သူလူထုအား COVID-19 ကာကွယ်ဆေးထိုးနှံရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများ၏ CDM လှုပ်ရှားမှု စိတ်ရှည်လက်ရှည်စောင့်ဆိုင်းခဲ့ကြောင်း၊ ကျန်းမာရေးဝန်ထမ်းများအနေဖြင့် ပြည်သူလူထုကျန်းမာရေးအတွက် ပြည်သူ့ဆေးရုံ၊ ဆေးခန်းများတွင် ကျန်းမာရေးစောင့်ရှောက်မှုပေးရမည့် လုပ်ငန်းတာဝန်ကို မထမ်းဆောင်မှုများသည် ဆရာဝန်များ၏ သစ္စာအဓိဋ္ဌာန်ကို ဖောက်ဖျက်ရာရောက်ပြီး ပြည်သူများအနေဖြင့် အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုများ ခံယူရာတွင် ပြင်ပဆေးရုံ၊ ဆေးခန်းများ၌ ငွေကြေးအကုန်အကျများစွာဖြင့်ကုသမှုခံယူရသောကြောင့် ပြည်သူများအနေဖြင့် ထိခိုက်နစ်နာမှုများရှိကြောင်း၊ သို့ဖြစ်၍ လိုအပ်သည့်အရေးယူမှုများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လူ့အသက်သည် အရေးကြီးကြောင်း၊ သို့ဖြစ်၍ ပြည်သူများအနေဖြင့် မိမိကျန်းမာရေးနှင့်စပ်လျဉ်းပြီး ပုဂ္ဂလိက ဆေးရုံ၊ ဆေးခန်းများတွင် ပြည်သူလူထုအား COVID-19 ကာကွယ်ဆေးထိုးနှံနိုင်ရေးအတွက် ပုဂ္ဂလိကလုပ်ငန်းရှင်များကို အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ ခွင့်ပြုချက်ဖြင့် တင်သွင်းခွင့်ပြုထားကြောင်း။

**ကူညီဆောင်ရွက်ပေးလျက်ရှိ**

စီးပွားရေး လုပ်ငန်းများနှင့် စပ်လျဉ်း၍ ကုန်စည်ပို့ဆောင်ရေး လုပ်ငန်းများ အဆင်ပြေချောမွေ့ရန် လိုအပ်ကြောင်း၊ သို့ဖြစ်၍ မီးရထား၊ ကား၊ ရေကြောင်းနှင့် လေကြောင်း သယ်ယူပို့ဆောင်ရေး လုပ်ငန်းများ ပုံမှန်လည်ပတ်နိုင်အောင် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ ငွေကြေးပုံမှန် လည်ပတ်နိုင်ရန် အဓိကအရေးပါသည့် ဘဏ်လုပ်ငန်းများ မထိခိုက်စေရန် လုံခြုံရေးဆိုင်ရာများ ကူညီဆောင်ရွက် ပေးလျက်ရှိကြောင်း။ ယခုကာလတွင် လုံခြုံရေးတာဝန်ထမ်းဆောင်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များသည်လည်း ခက်ခဲပင်ပန်းစွာဖြင့် ဖြေရှင်းဆောင်ရွက်လျက်ရှိပြီး မိမိကိုယ်ကိုယ် ခုခံပိုင်ခွင့်ဖြင့်သာ နိုင်ငံတကာ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆူပူမှုများအား ထိန်းသိမ်းဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတကာအနေဖြင့် ယခုကဲ့သို့ မိမိတို့၏ တာဝန်ယူထိန်းသိမ်းဆောင်ရွက်မှုအပေါ် ယခင်က ပြစ်တင်ဝေဖန်မှုများရှိခဲ့သော်လည်း ယခုအခါ အနောက်နိုင်ငံများမှအပ အခြားနိုင်ငံများက မိမိတို့၏ဆောင်ရွက်မှုသည် ပြည်တွင်းရေးကိစ္စဖြစ်သဖြင့် ဒီမိုကရေစီနည်းလမ်းအရသာ ဖြေရှင်းဆောင်ရွက်ရန် တိုက်တွန်း ပြောကြားနေကြောင်း၊ မိမိတို့အနေဖြင့် မဲစာရင်းမသမာမှုများအား စိစစ်လျက်ရှိပြီး နိုင်ငံတကာနှင့် ပြည်သူလူထုသိရှိနိုင်ရေး ထုတ်ပြန်ပေးသွားမည် ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံတော်အတွက် ဒီမိုကရေစီနည်းလမ်းနှင့်အညီ ရိုးသားစွာ ဆောင်ရွက်လျက်ရှိကြောင်း၊ ကောင်စီဝင်များအနေဖြင့်လည်း အပြည့်အဝ ပူးပေါင်းဆောင်ရွက်သွားစေလိုကြောင်း ပြောကြားသည်။

**အကြံပြုဆွေးနွေးတင်ပြ**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌနှင့် ကောင်စီဝင်များက စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ဖြစ်ထွန်းရေးတွင် အကြမ်းဖက်မှုများဖြစ်ပေါ်အောင် ပြုလုပ်၍ နိုင်ငံတော်အပေါ် သစ္စာဖောက်မှုနှင့် တိုင်းပြည်ပျက်စီးအောင်

နည်းအမျိုးမျိုးဖြင့် ဆောင်ရွက်နေသူများအား ဖော်ထုတ်၍ ဥပဒေအရ ထိရောက်စွာအရေးယူနိုင်ရေး၊ ပြည်ပအကြံပေးများ ခန့်အပ်ဆောင်ရွက်ခဲ့သည့်ကိစ္စ၊ သတင်းများ မှန်ကန်စွာထုတ်လွှင့်ရေးအတွက်သတင်းမီဒီယာကောင်စီမှတစ်ဆင့် ထိန်းသိမ်းဆောင်ရွက်ရန်ကိစ္စ၊ တာဝန်သိနိုင်ငံ့ဝန်ထမ်းများအား ချီးမြှင့်ရေးနှင့် ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများကို ဖောက်ဖျက်သည့် ဝန်ထမ်းများအား အရေးယူဆောင်ရွက်ရေးကိစ္စ၊ နိုင်ငံတော်ဘဏ္ဍာငွေ အကုန်အကျသက်သာစေရေးအတွက် ရေအားလျှပ်စစ်ထုတ်လုပ်ရေးကိစ္စ၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေသည့် စင်ပြိုင်အစိုးရဖွဲ့စည်းမှုများအား အရေးယူရေးကိစ္စ၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာ အဝင်/အထွက် စစ်ဆေးရေးဂိတ်များမှ စနစ်တကျ စစ်ဆေးဆောင်ရွက်ရေးကိစ္စ၊ တိုက်ပွဲရှောင် ပြည်သူများ နေရပ်ပြန်နိုင်ရေးကိစ္စ၊ ပြည်တွင်းငြိမ်းချမ်းရေးအတွက် ဆက်လက်ဆောင်ရွက်ရေးကိစ္စ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် တည်ငြိမ်အေးချမ်းမှု ပျက်ပြားအောင် သွေးထိုးလှုံ့ဆော်နေသည့် ကိစ္စနှင့် လုံခြုံရေးကိစ္စရပ်များဆောင်ရွက်နေမှု၊ သွားလာရေးနှင့် ကုန်စည်စီးဆင်းမှု မြန်ဆန်စေရေးအတွက် မီးရထား၊ ကား၊ ရေကြောင်းနှင့် လေကြောင်းလိုင်းများ ပြေးဆွဲနေမှုနှင့် ဆက်လက်တိုးချဲ့ ဆောင်ရွက်သွားမည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ အကြံပြုဆွေးနွေးတင်ပြကြသည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လွတ်ငြိမ်းချမ်းသာခွင့် ဆောင်ရွက်ပေးခဲ့ရာတွင် ပြစ်ဒဏ်ကြီးလေးသူများမှအပ တတ်နိုင်သမျှ ပြစ်ဒဏ်များကို လျှော့ပေါ့ပေးခဲ့ကြောင်း၊ ၎င်းတို့အား ပြင်ပ၌ ဒီမိုကရေစီကျင့်စဉ်နှင့်အညီ နေထိုင်နိုင်ပြီး အခွင့်အရေးများ မဆုံးရှုံးစေဘဲ ငြိမ်းငြိမ်းချမ်းချမ်းဖြင့် နေထိုင်နိုင်စေရန် လွတ်ငြိမ်းချမ်းသာခွင့် ပေးခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါ ကိစ္စရပ်အပေါ် သတင်းမှားများဖြင့် ပြည်သူလူထုအထင်အမြင် လွဲမှားစေရန် ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ မိမိအနေဖြင့် သတင်းမီဒီယာကောင်စီအား နိုင်ငံတော်၏ စတုတ္ထမဏ္ဍိုင်အဖြစ် အသိအမှတ်ပြုထားကြောင်း၊ သတင်းများကို ထုတ်ပြန်ရာတွင် မှန်ကန်မှုနှင့် မြန်ဆန်မှုရှိရန်လိုကြောင်း၊ တာဝန်သိနိုင်ငံ့ဝန်ထမ်းများအား ချီးမြှင့်နိုင်ရန် စီစဉ်လျက်ရှိပြီး တာဝန်ပျက်ကွက်သည့် ဝန်ထမ်းများအား ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများနှင့်အညီ အရေးယူသွားမည်ဖြစ်ကြောင်း၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးနှင့် ပတ်သက်၍ ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းများအား ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရန် မှာကြားထားကြောင်း၊ နောင်ကာလများတွင် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရာ၌ ပြန်လည် ပြည့်ဖြိုးမြဲစွမ်းအင် ထုတ်လုပ်နိုင်ရေးကို ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တိုက်ပွဲရှောင် ပြည်သူများ နေရပ်ပြန်လည်နေထိုင်နိုင်ရေးနှင့် မိုင်းရှင်းလင်းရေးလုပ်ငန်းများကို ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ရေးအတွက် ကော်မတီအဆင့်ဆင့် ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့အနေဖြင့် ထာဝရခိုင်မြဲသည့် ပြည်ထောင်စုကို တည်ဆောက်သွားမည်ဖြစ်ကြောင်း၊ ယခုဖြစ်ပေါ်နေသည့် မတည်ငြိမ်မှုများကို ဖြေရှင်းရာတွင် လုံခြုံရေးတပ်ဖွဲ့များအား ဥပဒေနှင့်အညီသာ ထိန်းသိမ်းဆောင်ရွက်ရန်နှင့် ဒေသတည်ငြိမ်အေးချမ်းရေးအတွက် ဖေဖော်ဝါရီ ၁၄ ရက်မှစ၍ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များပူးပေါင်း၍လုံခြုံရေးလှည့်ကင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များအနေဖြင့် မည်သည့်နယ်ပယ်က လာသည်ဖြစ်စေ နိုင်ငံတော်ကို ကိုယ်စားပြုသူများ ဖြစ်သဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်းဆုံးဖြစ်အောင် ဦးတည် ဆောင်ရွက်သွားကြစေလိုကြောင်း မှာကြားခဲ့ပါသည်။

# မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ (၇၅)နှစ်မြောက် စိန်ရတုနှစ်ပတ်လည်နေ့ အခမ်းအနားတွင် ပြောကြားသည့် အမှာစကား

(၁၅-၂-၂၀၂၁)



ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ (၇၅)နှစ်မြောက် စိန်ရတုနှစ်ပတ်လည်နေ့ အခမ်းအနားကို ဖေဖော်ဝါရီလ ၁၅ ရက်နေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်-တပ်ကုန်း ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ ကျင်းပရာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်တက်ရောက်အမှာစကားပြောကြားသည်။ အခမ်းအနားသို့ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့်အတူ ကောင်စီဝင် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်၊ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးချစ်နိုင်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဇော်မျိုးတင်၊ ဒုတိယဝန်ကြီး များဖြစ်ကြသည့် ဦးရဲတင့်၊ ဗိုလ်မှူးချုပ်ဇော်မင်းထွန်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဝန်ထမ်းများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ရန်ကုန်ရုံးမှ ဝန်ထမ်းများ၊ ထပ်ဆင့်လွှင့် စက်ရုံများမှ ဝန်ထမ်းများနှင့် ဝန်ထမ်းဟောင်းများက Online မှတစ်ဆင့် တက်ရောက်ကြသည်။ အခမ်းအနား မစတင်မီ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ စိန်ရတုအထိမ်းအမှတ်ပြတိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပြတိုက်ကမ္ပည်းဆိုင်းဘုတ်ကို အမွေးနံ့သာရည် ပက်ဖျန်းပေးသည်။ ဆက်လက်၍

နိုင်ငံတော်စီမံ အုပ်ချုပ်ရေး ကောင်စီဝင်များနှင့် ပြည်ထောင်စုဝန်ကြီးများက ပြတိုက်ကမ္ပည်းဆိုင်းဘုတ်ကို အမွှေးနံ့သာရည် ပက်ဖျန်းပေးကြသည်။ ထို့နောက် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့သည် ပြတိုက်အတွင်းရှိ ခေတ်အဆက်ဆက် အသုံးပြုခဲ့သော ရေဒီယိုများနှင့် အသံလွှင့်ဆိုင်ရာ စက်ပစ္စည်းများပြခန်း၊ ခေတ်အဆက်ဆက် အသံလွှင့်ဆိုင်ရာ စက်ပစ္စည်းများနှင့် Programme အစီအစဉ် များပြခန်း၊ သတင်းနှင့်ပြန်ကြားရေးပြခန်း၊ ခေတ်အဆက် ဆက် ရုပ်မြင်သံကြားထုတ်လွှင့်ရေးဆိုင်ရာ TV အမျိုး အစားများပြခန်း၊ Green Screen Virtual ပြခန်း၊ ပြပြင်တိုင်းတာရေးဆိုင်ရာ စက်ပစ္စည်းများနှင့် လွှင့်စက်/ ဖမ်းစက်များပြခန်း၊ ခေတ်အဆက်ဆက် အသုံးပြုခဲ့သော Camera များနှင့် ဆက်စပ်ပစ္စည်းများ ပြခန်း၊ စကားဝိုင်း/ဆွေးနွေးခန်း ဆက်တင်ပြခန်း၊ သတင်းဖတ်ကြားသည့် ဆက်တင်ပြခန်း၊ ခေတ်အဆက်ဆက် အသုံးပြုခဲ့သော MIC များနှင့် တယ်လီဖုန်းပြခန်း၊ ခေတ်အဆက်ဆက် ရိုက်ကူးရေးတွင် အသုံးပြုခဲ့သော တူရိယာပစ္စည်းများ ပြခန်းနှင့် BBS ခေတ် အသုံးပြုခဲ့သော ထိုင်ခုံများနှင့် Board ပြခန်းတို့ကိုလှည့်လည်ကြည့်ရှုကြရာ မြန်မာ့ အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်နှင့် တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။ ရှင်းလင်း တင်ပြမှုများနှင့် စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က ခေတ်အဆက်ဆက် အသုံးပြုခဲ့သော ရုပ်မြင်သံကြား ထုတ်လွှင့်ရေးဆိုင်ရာ စက်ပစ္စည်းများနှင့် အသံလွှင့် ဆိုင်ရာ စက်ပစ္စည်းများသည် ပြန်မရနိုင်သည့် ရှေးဟောင်း စက်ပစ္စည်းများဖြစ်သဖြင့် ယိုယွင်းပျက်စီးမှုမရှိစေရေးအတွက်စနစ်တကျထိန်းသိမ်းကြရန်လိုကြောင်း မှာကြားသည်။

ယင်းနောက် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ (၇၅)နှစ်မြောက် စိန်ရတုနှစ်ပတ်လည်နေ့ အခမ်းအနားကို စတင်ကျင်းပရာ မြန်မာ့အသံနှင့်ရုပ်မြင် သံကြား ဝန်ထမ်းများက "စိန်ရတုအလှမှန် ထာဝရ မြန်မာ့အသံ" သီချင်းဖြင့် ကပြဖျော်ဖြေ တင်ဆက်ကြပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ စိန်ရတုခရီး သမိုင်းမှတ်တိုင် Documentary အစီအစဉ် ဗီဒီယို မှတ်တမ်းကို ပြသသည်။

ယင်းနောက် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အမှာစကား ပြောကြားရာတွင် ယနေ့ ကျရောက်သည့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (၇၅) နှစ်မြောက် စိန်ရတုအထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်လာကြသည့် ပုဂ္ဂိုလ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာပါစေကြောင်း၊ ဝန်ထမ်းတိုင်းအနေဖြင့် ရတုအခမ်းအနားများကိုဝန်ထမ်းသက်တမ်းတစ်လျှောက်တွင် နှစ်ကြိမ်ခန့် ကြုံတွေ့ရနိုင်ပြီး ရတုနေ့ရက်များသည် ဘဝတွင်မမေ့နိုင်သည့် အဖိုးတန်နေ့ရက်များပင်ဖြစ်ကြောင်းဖြင့် ဦးစွာ ပြောကြားသည်။

ထို့နောက် မြန်မာ့မီဒီယာလုပ်ငန်းသည် ၁၈၇၄ ခုနှစ်၊ မတ်လ ၉ ရက် (မင်းတုန်းမင်းလက်ထက်) ရတနာပုံ သတင်းစာမှစခဲ့ကြောင်း၊ မြန်မာနိုင်ငံ၏ အသံလွှင့်လုပ်ငန်းများသည် ၁၉၃၇ ခုနှစ်က စတင်ခဲ့သော်လည်း လွတ်လပ်သော အမျိုးသားအသံလွှင့်လုပ်ငန်း မဟုတ်ခဲ့ကြောင်း၊ ၁၉၄၅ ခုနှစ်၊ မတ်လဆန်း၌ ရန်ကုန်မြို့တွင် မြန်မာ့တော်လှန်ရေးတပ်မတော် အသံလွှင့်ဌာနကို ထူထောင်ခဲ့ပြီး လွတ်လပ်သော အမျိုးသားအသံလွှင့်ဌာနတစ်ခုအဖြစ် အစပျိုးခဲ့ကြောင်း၊ ၁၉၄၅ ခုနှစ်၊ မေလဆန်းတွင် ရန်ကုန်မြို့ ရွှေတောင်ကြား၌ ရန်ကုန်ရေဒီယို (Rangoon Radio)အမည်ဖြင့် ထုတ်လွှင့်ခဲ့ပြီး ၁၉၄၆ ခုနှစ်၊ ဖေဖော်ဝါရီ ၁၅ ရက်တွင် ရန်ကုန်ရေဒီယိုက "ဗမာ့အသံ" (Burma Broadcasting Service – BBS) အဖြစ် အမည်ပြောင်းခဲ့ကြောင်း၊ ၎င်းနေ့ကိုပင် ဗမာ့အသံနေ့ဟု

> **မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည် ပြန်ကြားပေးရန်၊ ပညာပေးရန်နှင့် ဖျော်ဖြေပေးရန်ကိုသာမက လူတို့၏ စိတ်နှလုံးကို တက်ကြွအောင် Motivation လုပ်ပေးနိုင်ခဲ့၊ မီဒီယာသည် စတုတ္ထမဏ္ဍိုင်ဖြစ်သဖြင့် အရေးကြီးသည့် အခန်းကဏ္ဍတွင်ရှိပြီး မှန်မှန်ကန်ကန်ဖြစ်ရန်လို။**



ပြန်ကြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးချစ်နိုင်၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးရဲတင့်နှင့် ဗိုလ်မှူးချုပ်ဇော်မင်းထွန်းတို့က Myanmar Radio (အင်္ဂလိပ်ပိုင်းအစီအစဉ်)နှင့် မြန်မာ့ရုပ်မြင်သံကြား(MRTV)၏ အင်္ဂလိပ်ပိုင်း သတင်းအစီအစဉ်တို့ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။ ( ၁၅–၂–၂၀၂၁ )

ခေတ်အဆက်ဆက် သတ်မှတ်ခဲ့ကြောင်း၊ ၁၉၅၈ ပြည့်နှစ်၊ နိုဝင်ဘာ ၂၈ ရက်၌ "ဗမာ့အသံ"အမည်မှ ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံးကို ကိုယ်စားပြုသော "မြန်မာ့အသံ" အမည်သို့ ပြောင်းလဲခဲ့ကြောင်း၊ ၁၉၈၀ ခုနှစ်၊ ဇွန် ၃ ရက်တွင် ရောင်စုံရုပ်မြင်သံကြား ထုတ်လွှင့်ခြင်းလုပ်ငန်းများကို စတင်ခဲ့ပြီး ၁၉၉၇ ခုနှစ်၊ နိုဝင်ဘာ ၂၂ ရက်တွင် "မြန်မာ့အသံနှင့်ရုပ်မြင်သံကြား" (Myanmar Radio and Television – MRTV) ဟု အမည်ပြောင်းလဲခဲ့ကြောင်း။

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အနေဖြင့် (၇၅) နှစ်မြောက် စိန်ရတုအထိမ်းအမှတ်နေ့၌ Myanmar Radio အမည်ဖြင့် အင်္ဂလိပ်ဘာသာသီးသန့် FM Channel အသစ်တစ်ခုနှင့် MRTV ရုပ်သံလိုင်း အစီအစဉ်၌လည်း အင်္ဂလိပ်ဘာသာဖြင့် သတင်းထုတ်လွှင့်မှုကို စတင်သွားမည်ဟု သိရှိရသည့်အတွက် ဂုဏ်ယူပါကြောင်း၊ အင်္ဂလိပ်ပိုင်းဆိုင်ရာများကို ထုတ်လွှင့်ရာတွင် အသံထွက် ပီသမှုရှိစေရေး ဂရုပြုရမည်ဖြစ်ကြောင်း၊ အင်္ဂလိပ်ပိုင်းဆိုင်ရာ အစီအစဉ်များ ထုတ်လွှင့်ရာတွင် ပြည်သူကို ပြန်ကြားပေးရန်၊ ပညာပေးရန်၊ ဖျော်ဖြေပေးရန်တို့အပြင် အတတ်ပညာတစ်ခုရရှိစေနိုင်သည့်အထိ ကြိုးပမ်းတင်ဆက်သွားကြရန် တိုက်တွန်းလိုကြောင်း။ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် သမိုင်းအစဉ်အလာ ကြီးမားသော ဌာနကြီးဖြစ်သည်နှင့်အညီ မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုခေတ်၊ ပါလီမန်ဒီမိုကရေစီခေတ်၊ အိမ်စောင့်အစိုးရနှင့် တော်လှန်ရေးကောင်စီခေတ်၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ် ပါတီခေတ်၊ ပါတီစုံဒီမိုကရေစီခေတ်၊ ယခုနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကာလတို့၌ ခေတ်အဆက်ဆက် သမိုင်းပေးတာဝန်ကို ကျေပွန်စွာထမ်းဆောင်ခဲ့ကြောင်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည် အစဉ်အလာ အလွန်ကြီးမားခဲ့ပြီး ရှေးယခင်ကတည်းကပင် ရေဒီယိုအစီအစဉ်များတွင် စိတ်ဝင်စားစရာ၊ ပညာရစရာကောင်းသည့် အစီအစဉ်များ ရှိခဲ့ကြောင်း၊ ဇာတ်လမ်းပမာနားဆင်စရာ အစီအစဉ်များ

ကို နားထောင်ခဲ့ရပြီး စာရေးဆရာကြီး သော်တာဆွေ၏ “လူ့မနော”ဆိုသည့် ဇာတ်လမ်းတင်ဆက်မှုကို ယနေ့တိုင် အမှတ်ရနေမိကြောင်း၊ လူတို့၏ စိတ်အကြောင်းကို တင်ဆက်ထားခြင်း ဖြစ်သဖြင့် အသိအမြင်များစွာရရှိခဲ့ကြောင်း။ မြန်မာ့အသံမှ ဘောလုံးပွဲများအား တိုက်ရိုက်အသံထုတ်လွှင့်ခြင်းလုပ်ငန်းကို ၁၉၅၇ ခုနှစ် တိုင်းနှင့်ပြည်နယ်ဘောလုံးပြိုင်ပွဲက စတင်ခဲ့သည်ဟု သိရှိရကြောင်း၊ ထုတ်လွှင့်ခဲ့သူတို့မှာ ဦးကျော်ငြိမ်းနှင့် ဦးခင်မောင်တို့ဖြစ်ကြောင်း၊ တိုက်ရိုက်ထုတ်လွှင့်မှုများကို နားဆင်ပြီး တကယ့်ဘောလုံးပွဲကို ကြည့်ရှုနေရသကဲ့သို့ ခံစားခဲ့ရကြောင်း၊ ထိုစဉ်က အစီအစဉ်တင်ဆက်သူများ ဖြစ်သည့် ဦးမောင်မောင်ရင်၊ ဦးမောင်မောင်သီ၊ ဦးဇော်ဝင်းတို့၏ တင်ဆက်ပုံများမှာ အမှတ်ရဖွယ် ဖြစ်ကြောင်း၊ မိမိတို့ခေတ်ကာလတွင် မြန်မာ့အသံမှ ထုတ်လွှင့်ခဲ့သည့် ဇာတ်လမ်းပမာ နားဆင်စရာကဏ္ဍ၊ ရေဒီယိုဇာတ်လမ်းနှင့် အသံလွှင့်ဇာတ်လမ်းတို့မှ ပေးသည့်အသိပညာ၊ အတွေ့အကြုံများမှာ တန်ဖိုးမဖြတ်နိုင်စရာဖြစ်ပါကြောင်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည် ပြန်ကြားပေးရန်၊ ပညာပေးရန်နှင့် ဖျော်ဖြေပေးရန်ကို သာမက လူတို့၏ စိတ်နှလုံးကို တက်ကြွအောင် (Motivation) လုပ်ပေးနိုင်ခဲ့ကြောင်း၊ မီဒီယာသည် စတုတ္ထမဏ္ဍိုင်ဖြစ်သဖြင့် အရေးကြီးသည့် အခန်းကဏ္ဍတွင်ရှိပြီး မှန်မှန်ကန်ကန်ဖြစ်ရန်လိုကြောင်း၊ မြန်မာ့ယဉ်ကျေးမှုကို မထိခိုက်စေရန်လည်း ဂရုပြုရမည်ဖြစ်ကြောင်း၊ သတင်းနှင့် ပတ်သက်လာပါက မြန်ရမည်၊ မှန်ရမည်ဖြစ်ပြီး အကျိုးရှိမည့် သတင်းများကို တင်ဆက်နိုင်ရမည်ဖြစ်ကြောင်း၊ ပြည်သူလူထုသိရှိရန် လိုအပ်သည်များကို အချိန်နှင့်တစ်ပြေးညီ တင်ဆက်နိုင်ရမည်ဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် စာအုပ်စာပေဖတ်ရှုမှုနှုန်းအားနည်းလာပြီး အွန်လိုင်းမီဒီယာများတွင်သာ အချိန်ကုန်လျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ အွန်လိုင်းမီဒီယာများကို လွဲမှားစွာ အသုံးချပါက အန္တရာယ်ကြီးမားစွာဖြစ်စေနိုင်သဖြင့် မိမိတို့အတွက် အကျိုးရှိနိုင်သည့်အသုံးပြုမှုများကိုသာဆောင်ရွက်ကြစေလိုကြောင်း။

နိုင်ငံသူ၊ နိုင်ငံသားအားလုံး၏ ရည်မှန်းချက်ဖြစ်သော ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်၊ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်တို့ကို အောင်မြင်စွာ တည်ဆောက်နိုင်ရန် နိုင်ငံသူ၊ နိုင်ငံသားအားလုံး သိသင့်သိထိုက်သော ဗဟုသုတပညာများရှိရန် လိုအပ်ကြောင်း၊ ယင်းပညာဗဟုသုတတို့ကို ပြည်သူတို့လက်ဝယ်အရောက်ပို့နိုင်သည်မှာ ပြန်ကြားရေးနှင့် မီဒီယာလုပ်ငန်းသာ ဖြစ်ကြောင်း၊ ရှင်မဟာရဋ္ဌသာရ ဆုံးမခဲ့သည့် “မှတ်ဖွယ် မှတ်ရာ၊ ထိုထိုစာကို၊ ရှာ၍မပြတ်၊ အိမ်တွင်ဖတ်၊ ဖတ်ပြန်သော်ကြား၊ ဖတ်ဖန်များက၊ သားမယားပင်၊ သိမြင်ကင်းကွာ၊ မလိမ္မာလည်း၊ စာပေစကား၊နေ့တိုင်းကြားက၊ထူးခြားလိမ္မာရှိသည်သာတည်း” ဆိုသည့် စကားအတိုင်း နိုင်ငံသူ၊ နိုင်ငံသားတိုင်း အသိပညာဗဟုသုတများ နေ့စဉ် ရရှိနေစေရေး၊ နေ့စဉ်တွေ့မြင်နေစေရေး၊ နေ့စဉ်ထိတွေ့ နေစေရေး ဆောင်ရွက်ရင်းဖြင့် နိုင်ငံတည်ဆောက်ရေး လုပ်ငန်းများ၌ ပါဝင်ကြရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံနှင့် ပတ်သက်ပြီး တိုင်းပြည်၏ ပကတိအခြေအနေမှန်များကို နိုင်ငံတကာက သိရှိအောင် ထိထိရောက်ရောက် ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ (၇၅)နှစ်မြောက် စိန်ရတုနေ့မှသည် နိုင်ငံတော်အတွက် ထာဝရရှိနေမည့် နိုင်ငံတော်က အားထားရသော၊ ပြည်သူက အားကိုးရသော မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ဖြစ်ပါစေကြောင်း ပြောကြားသည်။ ထို့နောက် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ဝန်ထမ်းများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများနှင့် တပ်မတော်စက်ရုံထုတ် စားသောက်ဖွယ်ရာများ၊ လက်ဆောင်ပစ္စည်းများကို ပေးအပ်ရာ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်နှင့် တာဝန်ရှိသူများက လက်ခံရယူကြသည်။ ယင်းနောက် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် မြန်မာအသံနှင့်ရုပ်မြင်သံကြား အမှတ်တရပစ္စည်း အရောင်းဆိုင်နှင့် တိုင်းရင်းသားဘာသာအစီအစဉ်တွင် တာဝန်ထမ်းဆောင်နေကြသည့် ပြည်ထောင်စုဖွား တိုင်းရင်းသားများ၏ရိုးရာအစားအစာများ ခင်းကျင်းပြသထားမှုကို လိုက်လံကြည့်ရှုပြီး တက်ရောက်လာကြသူများနှင့် ဝန်ထမ်းများကို ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့သည်။

# နိုင်ငံခြားရေးရာမူဝါဒကော်မတီ၏ (၁/၂၀၂၁)ကြိမ်မြောက် အစည်းအဝေးတွင် ပြောကြားသည့် အမှာစကား

(၁၈-၂-၂၀၂၁)



နိုင်ငံခြားရေးရာမူဝါဒကော်မတီ၏ (၁/၂၀၂၁)ကြိမ်မြောက် အစည်းအဝေးကို ဖေဖော်ဝါရီလ ၁၈ ရက်နေ့ မွန်းလွဲပိုင်းတွင်နေပြည်တော်ရှိနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံခြားရေးရာ မူဝါဒကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ကော်မတီဝင်များဖြစ်ကြသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဦးသိန်းညွန့်နှင့် ဦးခင်မောင်ဆွေ၊ ကော်မတီအတွင်းရေးမှူး နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ကော်မတီဝင်များဖြစ်ကြသည့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်းနှင့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းအောင်ကျော်တို့ တက်ရောက်ကြသည်။

နိုင်ငံခြားရေးရာမူဝါဒကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက မိမိတို့လက်ခံကျင့်သုံးသည့် နိုင်ငံခြားရေးမူဝါဒနှင့်ပတ်သက်၍ အခြေခံဥပဒေတွင် မိမိတို့၏ နိုင်ငံခြားရေးမူဝါဒကို လွတ်လပ်၍ တက်ကြွသည့် ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒ၊ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက် ပေါင်းဖက်ဆက်ဆံရေး ရှေးရှုသည့်မူဝါဒ၊ ကမ္ဘာ့နိုင်ငံအချင်းချင်း ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကို စောင့်ထိန်းသည့် မူဝါဒ(၃)ရပ်ကို ပုဒ်မ - ၄၁ တွင် ပြဋ္ဌာန်းထားသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ နိုင်ငံလုံခြုံရေးနှင့် ပတ်သက်၍ နိုင်ငံတကာအပေါ်တွင် ထားရှိသည့်

သဘောထားသည် ပုဒ်မ (၄၂-က)တွင် နိုင်ငံတော်သည် မည်သည့်နိုင်ငံကိုမျှ စတင်ကျူးကျော်တိုက်ခိုက်ခြင်း မပြု၊ (၄၂-ခ)တွင် နိုင်ငံတော်သည် နိုင်ငံတော်အတွင်း မည်သည့်နိုင်ငံခြားတပ်ဖွဲ့ဝင်မှ တပ်ချခွင့်မပြုဟု ပြဋ္ဌာန်းထားသဖြင့် များစွာရှင်းလင်းသည့် နိုင်ငံခြားရေးမူဝါဒ ဖြစ်ကြောင်း။

မိမိတို့သည် အင်အားကြီးနိုင်ငံနှစ်နိုင်ငံ အကြားတွင် တည်ရှိသည့် နိုင်ငံတစ်ခုဖြစ်ကြောင်း၊ ယင်းနှစ်နိုင်ငံနှင့် နယ်နိမိတ်ချင်း ထိစပ်နေသည့် မိမိတို့နိုင်ငံအနေဖြင့် အထူးသတိကြီးစွာ ဆက်ဆံရန် လိုအပ်သကဲ့သို့ ယင်းနှစ်နိုင်ငံနှင့် ဆက်ဆံရေးအပေါ်မူတည်၍ မိမိတို့နိုင်ငံကို အခြားနိုင်ငံများက စိတ်ဝင်စားမှုများစွာ ရှိနေသည်ကို သတိပြုရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် အခြေခံဥပဒေတွင် ပြဋ္ဌာန်းထားသည့် နိုင်ငံခြားရေးမူဝါဒများနှင့်ပတ်သက်၍အထူးထိန်းသိမ်းဆောင်ရွက်သွားရမည်ကို ပြောလိုကြောင်း။ နိုင်ငံ၏ နယ်စပ်ဒေသများကို ထာဝရတည်ငြိမ်အေးချမ်းသည့် နယ်စပ်ဒေသဖြစ်ရန်နှင့် နယ်နိမိတ်ချင်းထိစပ်နေသည့် ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ တရုတ်၊ လာအို၊ ထိုင်းနိုင်ငံတို့နှင့် ထာဝရတည်ငြိမ်အေးချမ်းပြီး ငြိမ်းချမ်းချစ်ခင်သည့် အိမ်နီးနားချင်းဆက်ဆံရေး ထူထောင်သွားရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် သီးခြားနေထိုင်၍ မရကြောင်း၊ နှစ်နိုင်ငံဆက်ဆံရေး၊ နိုင်ငံတကာဆက်ဆံရေးနယ်ပယ်များတွင် တပ်မတော်အစိုးရလက်ထက်၌ ကြိုးစားဆောင်ရွက်ခဲ့သည့်အတွက် နောက်ပိုင်းတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံအပြင် အခြားနိုင်ငံတကာ ဆက်ဆံရေးနယ်ပယ်များတွင်လည်း ထဲထဲဝင်ဝင် ပါဝင်ဆောင်ရွက်လာနိုင်သည်ကို တွေ့ရကြောင်း၊ နိုင်ငံတကာဆက်ဆံရေးတွင် အိမ်နီးနားချင်းဆက်ဆံရေးမှာ အရေးကြီးကြောင်း၊ ထို့ကြောင့် အိမ်နီးနားချင်းနိုင်ငံများမှာ မိမိတို့အတွက် ဦးစားပေးဆက်ဆံရမည့် နိုင်ငံများဖြစ်သည်ကို ပြောလိုကြောင်း။

အိမ်နီးချင်းဆက်ဆံရေးတွင်လည်း မတူသည့် မူဝါဒများ၊ ယဉ်ကျေးမှုများရှိသည့် နိုင်ငံများနှင့် ဆက်ဆံခြင်းဖြစ်သည့်အတွက် နိုင်ငံတစ်နိုင်ငံချင်းအပေါ်တွင်မူတည်၍ နှစ်နိုင်ငံအကျိုးတူ ကိစ္စရပ်များကို ထိတွေ့ဆက်ဆံနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လက်ရှိအနေအထားတွင် ခေတ်အဆက်ဆက်တည်ရှိခဲ့သည့် အိမ်နီးနားချင်းဆက်ဆံရေးနှင့် ထာဝရငြိမ်းချမ်းသည့် အိမ်နီးနားချင်းဆက်ဆံရေးမှာ ချစ်ကြည်ရင်းနှီးမှုများ ရှိပြီးဖြစ်သည့်အတွက် ပိုမိုခိုင်မာမှုရှိစေရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးသည့်နိုင်ငံဖြစ်ကြောင်း၊ ပြည်တွင်းရင်းနှီးမြှုပ်နှံမှုနှင့် ပြည်ပရင်းနှီးမြှုပ်နှံမှုကိုလည်း ဖိတ်ခေါ်ဆောင်ရွက်လျက်ရှိပြီး ပြည်တွင်း၌ လာရောက်ရင်းနှီးမြှုပ်နှံမည့်နိုင်ငံများ အထူးသဖြင့် အိမ်နီးနားချင်းနိုင်ငံများ၏ အနှောင်အဖွဲ့ကင်းသည့် ရင်းနှီးမြှုပ်နှံမှုကိုလည်း ကြိုဆို၍ တိုင်းပြည်နှင့် ပြည်သူလူထုအတွက် အကျိုးရှိမည်ဆိုပါက အားပေးရမည်ဖြစ်ကြောင်း၊ အိမ်နီးချင်းနိုင်ငံများ၏ ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်ခြင်းအားဖြင့် အိမ်နီးချင်းနိုင်ငံများတွင် သွားရောက်အလုပ်လုပ်ကိုင်သည့် ပြည်သူများ၏အခန်းကဏ္ဍကိုလည်း လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ ယင်းသို့ ဆောင်ရွက်ခြင်းအားဖြင့် အိမ်နီးနားချင်း ဆက်ဆံရေးများ၊ ကူးလူးဆက်ဆံရေးများ ပိုမိုများပြားလာမည်ဖြစ်ကြောင်း၊ တစ်ဖက်တွင်လည်း အိမ်နီးနားချင်း ကူးလူးဆက်ဆံခြင်းမှတစ်ဆင့် ဖြစ်ပေါ်လာနိုင်သည့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းများသည်လည်းပိုမိုများပြားလာနိုင်မည်ဖြစ်ကြောင်း၊အလုပ်အကိုင်အခွင့်အလမ်းများသည်လည်း ပိုမိုရရှိလာစေမည်ဖြစ်ကြောင်း၊ ထို့ပြင် ပို့ကုန်ပစ္စည်းများလည်း ပိုမိုရရှိလာစေမည်ဖြစ်ကြောင်း။

ရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာပါက သွင်းကုန်အစားထိုးများစွာ ဆောင်ရွက်နိုင်ပြီး တိုင်းပြည်၏ နိုင်ငံခြားငွေလိုအပ်မှုကိုလည်း များစွာလျှော့ချလာနိုင်သည်အထိ အကျိုးခံစားရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်တွင်း၌ ရင်းနှီးမြှုပ်နှံမှုနှင့်ပတ်သက်၍ လုပ်ငန်းကိုအခြေခံသည့်၊အလုပ်အကိုင်ကိုအခြေခံသည့်၊ထုတ်လုပ်မှုကိုအခြေခံသည့်၊ပို့ကုန်ပစ္စည်းကိုအခြေခံသည့်၊ပို့ကုန်ပစ္စည်းကိုထုတ်လုပ်နိုင်သည့်အပေါ်အခြေခံသည့်၊ သွင်းကုန်ပစ္စည်းအစားထိုးခြင်းကို အခြေခံသည့် ရင်းနှီးမြှုပ်နှံမှုမျိုးကို အားပေးပြီး နိုင်ငံခြားရေးမူဝါဒများနှင့် ဆက်လက်ဆောင်ရွက်သွားရန်ဖြစ်ကြောင်း။ မိမိတို့နိုင်ငံသည် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံဖြစ်ကြောင်း၊ မြန်မာနိုင်ငံမှ လက်မှတ်ရေးထိုးထားပြီးဖြစ်သည့် ပဋိညာဉ်စာချုပ်များ၊ ကတိကဝတ်များနှင့်ပတ်သက်၍ မြန်မာနိုင်ငံမှ လက်ခံ

နိုင်သည့် ကိစ္စရပ်များအားလုံးကိုလည်း အလေးထားပြီး လေးစားလိုက်နာသွားရန် ဖြစ်ကြောင်း၊ အလားတူ မိမိတို့အနေဖြင့် နိုင်ငံတကာရေပိုင်နက်များနှင့် ဆက်ဆံနေရခြင်းရှိကြောင်း၊ ထို့ကြောင့် ရေပြင်ပိုင်နက်များ စနစ်တကျရှိစေရန်နှင့် ရေပြင်ပိုင်နက်ဆိုင်ရာ သဘောတူညီချက်များကိုလည်း အမြန်ပြီးပြတ်စေရန် ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ ထို့ပြင် ရေပြင်ပိုင်နက် လုံခြုံရေးများကိုလည်း ဆောင်ရွက်သွားရန်လိုကြောင်း။

အိမ်နီးနားချင်းနိုင်ငံတွင် သွားရောက်အလုပ်လုပ်ကိုင်သည့် မြန်မာနိုင်ငံသားများ အပါအဝင် ပြည်ပနိုင်ငံများတွင် ရောက်ရှိနေသည့် မြန်မာနိုင်ငံသားများစွာရှိကြောင်း၊ တရားဝင်သွားသည့်သူများ ရှိသကဲ့သို့ တရားမဝင်သွားသည့်သူများလည်း ရှိကြောင်း၊ ၎င်းတို့သည် မိမိတို့နိုင်ငံသားများ ဖြစ်သည့်အတွက် မိမိတို့နိုင်ငံက ကာကွယ်စောင့်ရှောက်ပေးရန်လည်း လိုအပ်ကြောင်း၊ ထို့ကြောင့် အခွင့်အလမ်းများကိုဖော်ထုတ်၍ ပြည်ပတွင် ရောက်ရှိနေသည့် မြန်မာနိုင်ငံသားများကို မိမိတို့နိုင်ငံ၏ ဥပဒေအကာအကွယ်များ ပေးနိုင်သမျှပေးနိုင်စေရန်နှင့် ၎င်းတို့အနေဖြင့် အကြောင်းအမျိုးမျိုးကြောင့် မြန်မာနိုင်ငံသို့ ပြန်လာလိုသည်ဆိုပါက ပြန်လာနိုင်စေရန် အခွင့်အလမ်းများ ဖော်ထုတ်ပေးရန် လိုအပ်ကြောင်း။

ပြီးခဲ့သည့် ကာလအတွင်းတွင် မြန်မာနိုင်ငံသို့ ပြန်လာလိုသည့်အတွက် တောင်းဆိုထားခြင်း များစွာရှိကြောင်း၊ သို့သော် COVID-19 ကြောင့် ပြန်လာရန် အခက်အခဲဖြစ်နေခြင်းများရှိသဖြင့် ၎င်းတို့ပြန်လာနိုင်ရေး နည်းလမ်း ပေါင်းစုံဖြင့် ဆောင်ရွက်သွားရန်လိုကြောင်း၊ COVID-19 ကပ်ရောဂါသည် တစ်ကမ္ဘာလုံးဖြစ်ပေါ်နေသည့် ရောဂါဖြစ်ကြောင်း၊ ယင်းနှင့်ပတ်သက်၍ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးများကိုလည်း ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားရန်လိုကြောင်း၊ ကူးစက်ပြန့်ပွားမှု လျော့ချရေး၊ ကာကွယ်ကုသရေး၊ နည်းပညာပိုင်းဆိုင်ရာတွင် ပူးပေါင်းဆောင်ရွက်ရေး၊ သတင်းအချက်အလက် ဖလှယ်ရေး ကိစ္စရပ်များသည် များစွာကျယ်ပြန့်ကြောင်း၊ ထို့ကြောင့် COVID-19 ရောဂါနှင့်ပတ်သက်၍ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးကိုထိထိရောက်ရောက်ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

ထို့ပြင် အခါအားလျော်စွာ ဖြစ်ပေါ်လာသည့် ကပ်ဘေးရောဂါများရှိကြောင်း၊ ယင်း ကပ်ရောဂါများကိုလည်း ကျန်းမာရေးဝန်ကြီးဌာနနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနတို့မှ ရောဂါကူးစက်မှု ကာကွယ်ရေး၊ ကုသရေး၊ ထိန်းချုပ်ရေးတို့အတွက် နည်းပညာနှင့် သတင်းအချက်အလက်များ ပူးပေါင်းဆောင်ရွက်နိုင်ရေး အခြားနိုင်ငံများနှင့် ဆက်သွယ်ဆောင်ရွက်၍ မိမိတို့ နိုင်ငံအနေဖြင့် အမြန်ဆုံးတုံ့ပြန် ဆောင်ရွက်နိုင်ရန်အတွက် စဉ်းစားဆောင်ရွက်ရန် လိုအပ်ကြောင်း။

ကော်မတီသည် မူဝါဒများချမှတ်ဆောင်ရွက်သည့် အဖွဲ့အစည်းဖြစ်သည့်အတွက် တစ်ဖက်တွင်လည်း နိုင်ငံတော်အတွက် အကျိုးရှိမည့်လုပ်ငန်းများ၊ အထူးသဖြင့် နိုင်ငံတကာ အကူအညီများရှိကြောင်း၊ နိုင်ငံတကာချေးငွေများရှိကြောင်း၊ အထူးအစီအစဉ် အရပေးသည့် လုပ်ငန်းရပ်များရှိကြောင်း၊ ယင်းအခွင့်အရေးများကိုလည်း လက်တုန့်မနှေး ရရှိနိုင်ရေးအတွက် နည်းလမ်းရှာကြံ၍ ဆောင်ရွက်သွားမည်ဆိုပါက တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး အတွက်လည်း အထောက်အကူရရှိမည်ဟု ပြောလိုကြောင်း။

လူဝင်မှုကြီးကြပ်ရေးကိစ္စရပ်များ၌ ပြည်ပနိုင်ငံသို့ သွားရောက် အလုပ်လုပ်ကိုင်ကြသည့် မြန်မာနိုင်ငံသားများရှိကြောင်း၊ ယင်းတွင် တရားမဝင်သွားရောက်ခြင်း ရှိသကဲ့သို့ တရားဝင်သွားရောက်ခြင်းလည်း ရှိကြောင်း၊

**မိမိတို့သည် အင်အားကြီးနိုင်ငံနှစ်နိုင်ငံ အကြားတွင် တည်ရှိသည့် နိုင်ငံတစ်ခုဖြစ်၊ ယင်းနှစ်နိုင်ငံနှင့် နယ်နိမိတ်ချင်း ထိစပ်နေသည့် မိမိတို့နိုင်ငံအနေဖြင့် အထူးသတိကြီးစွာ ဆက်ဆံရန် လိုအပ်သကဲ့သို့ ယင်းနှစ်နိုင်ငံနှင့် ဆက်ဆံရေးအပေါ်မူတည်၍ မိမိတို့နိုင်ငံကို အခြားနိုင်ငံများက စိတ်ဝင်စားမှု များစွာရှိနေသည်ကို သတိပြုရမည်ဖြစ်။**

တရားမဝင်သူများကို ဥပဒေလမ်းကြောင်းမှ မိမိတို့နိုင်ငံသို့ ပြန်လည်ခေါ်ယူခြင်း သို့မဟုတ် တရားဝင်အောင်ဆောင်ရွက်ပေးရေး၊ ၎င်းတို့ နေထိုင်သည့်နိုင်ငံတွင်တရားဝင်နေထိုင်လုပ်ကိုင်နိုင်ရေးအတွက် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှစ်ရပ်ပေါင်းပြီး ဆောင်ရွက်ရန်လိုကြောင်း၊ ထို့ပြင်လူကုန်ကူးခံရမှုကြောင့် ပြည်ပသို့ ရောက်ရှိနေသည့်မြန်မာနိုင်ငံသားများအား ပြန်လည်ကယ်တင်နိုင်ရေးနှင့်လူကုန်ကူးမှုမခံရစေရေးအတွက် တားဆီးခြင်း၊ ကာကွယ်ခြင်း၊ ပြန်လည်ခေါ်ယူခြင်း လုပ်ငန်းများကို သက်ဆိုင်ရာဝန်ကြီးဌာနများက ပူးပေါင်းဆောင်ရွက်သွားရန်လိုကြောင်း၊ နေရပ်စွန့်ခွာသူများ ကိစ္စနှင့်စပ်လျဉ်း၍နိုင်ငံတော်က ချမှတ်ထားသည့် မူဝါဒများ၊ ခေတ်အဆက်ဆက် နှစ်နိုင်ငံသဘောတူညီချက်များ၊ ဥပဒေများနှင့်အညီအမြန်ဆုံး ဆောင်ရွက်သွားရန်လိုကြောင်း၊ နယ်စပ်ဒေသဆိုင်ရာ ကိစ္စရပ်များကိုလည်း တုံ့နှေးခြင်းမရှိဘဲ နှစ်နိုင်ငံသဘောတူညီချက်များနှင့်အညီ တုံ့ပြန်ဆောင်ရွက်သွားရန် လိုကြောင်းဖြင့် မှာကြားသည်။

ထို့နောက် နိုင်ငံခြားရေးရာမူဝါဒကော်မတီအဖွဲ့ဝင်နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးမြထွန်းဦးနှင့် ဦးခင်မောင်ဆွေ၊ ကော်မတီအတွင်းရေးမှူးပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ကော်မတီဝင်ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်နှင့် ဦးကိုကိုလှိုင်တို့ကနိုင်ငံခြားရေးရာမူဝါဒကော်မတီ စတင်ဖွဲ့စည်းခဲ့မှု၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်ချက်နှင့်အညီဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည့်အခြေအနေ၊ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ နိုင်ငံတကာဆက်ဆံရေးနှင့်ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ဆောင်ရွက်သွားမည့်အခြေအနေ၊ နိုင်ငံခြားရေးရာမူဝါဒကော်မတီ၏လုပ်ငန်းတာဝန် ၁၂ ရပ်နှင့် ကော်မတီ၏ ဆုံးဖြတ်ချက်ဖြင့်ဆောင်ရွက်ရသည့်ကိစ္စရပ်များ၊ အစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်ဖြင့် ဆောင်ရွက်ရသည့် ကိစ္စရပ်များနှင့် နိုင်ငံတကာဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများကိုအရှိန်အဟုန်မြှင့်တင်ဆောင်ရွက်သွားမည့် အခြေအနေများ၊ ပြည်ပရောက်မြန်မာနိုင်ငံသားဟောင်းများအားမြန်မာနိုင်ငံသားအဖြစ် ပြန်လည်လက်ခံရေးအဖွဲ့ ဖွဲ့စည်းထားရှိမှု၊ ပြည်ပနိုင်ငံများသို့ တရားမဝင်ရောက်ရှိနေသည့်မြန်မာရွှေ့ပြောင်း အလုပ်သမားများအား အသိအမှတ်ပြုကတ်ထုတ်ပေးနေမှု အခြေအနေ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ရောက်ရှိနေသည့် နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံချိန်တွင် လူဦးရေစာရင်းကွဲလွဲမှုကြောင့် ကြန့်ကြာနေမှု အခြေအနေ၊ နိုင်ငံတကာအဆင့်အစည်းအဝေးများတွင် မိမိတို့နိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒများအား သိရှိစေရန် ဆွေးနွေးပြောကြားသွားမည့် ကိစ္စရပ်များကိုရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နိုင်ငံခြားရေးရာမူဝါဒကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက မိမိတို့နိုင်ငံ၏ ပကတိအခြေအနေအား နိုင်ငံတကာမှ သိရှိနိုင်စေရန်အတွက် ဆောင်ရွက်လျက်ရှိကြောင်း၊ သံတမန်ဆက်ဆံရေးများကို ယခုထက်ပိုမို လေးနက်အောင်နည်းလမ်းရှာဖွေဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ ယခုအခါတွင် နိုင်ငံတကာမှ မိမိတို့နိုင်ငံ၏ လက်ရှိအခြေအနေအပေါ် ယခင်ကထက် အပြုသဘောဆောင်သည့် သဘောထားများရှိသည်ကို တွေ့ရှိရကြောင်း၊ နိုင်ငံတကာဆက်ဆံရေးနှင့်ပတ်သက်၍ ထားရှိထားသည့်နှစ်နိုင်ငံသဘောတူညီချက်နှင့် ပေးထားသည့် ကတိကဝတ်များကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မိမိတို့တာဝန်ယူသည့်ကာလအတွင်း တရုတ်နိုင်ငံအပါအဝင် သက်ဆိုင်ရာနိုင်ငံများအလိုက် နှစ်နိုင်ငံဆက်ဆံရေးနှင့်ပတ်သက်၍ အထိမ်းအမှတ် အခမ်းအနားများအား ကျင်းပနိုင်ရေး ဆောင်ရွက်ရန်လိုကြောင်း၊ နိုင်ငံတကာနှင့် ဆောင်ရွက်လျက်ရှိသည့်စီးပွားရေးဆိုင်ရာနှင့် ဆက်ဆံရေးတိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များအတွက် ယခုကော်မတီသည် အရေးကြီးသည့်အခန်းကဏ္ဍမှ တာဝန်ယူဆောင်ရွက်လျက်ရှိသည့်ကော်မတီဖြစ်ပါကြောင်း၊ သို့ဖြစ်၍ လက်ရှိအခြေအနေတွင်တုံ့ဆိုင်းနေသည့် နိုင်ငံ့စီးပွားရေးနှင့် နိုင်ငံတကာဆက်ဆံရေးအခြေအနေကို အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရန်အတွက် အလေးအနက်ထားဆောင်ရွက်သွားရမည်ဖြစ်ကြောင်းဖြင့် မှာကြားခဲ့သည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ညှိနှိုင်းအစည်းအဝေး (၃/၂၀၂၁) တွင် ပြောကြားသည့် အမှာစကား

(၂၂-၂-၂၀၂၁)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ညှိနှိုင်းအစည်းအဝေး (၃/၂၀၂၁)ကို ဖေဖော်ဝါရီလ ၂၂ ရက်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။ ညှိနှိုင်းအစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ မန်းငြိမ်းမောင်၊ ဦးသိန်းညွန့်၊ ဦးခင်မောင်ဆွေ၊ ဒေါ်အေးနုစိန်၊ Jeng Phang နော်တောင်၊ ဦးမောင်းဟာ၊ ဦးစိုင်းလုံးဆိုင်နှင့် စောဒန်နီယယ်၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်တို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မိမိတို့တာဝန်ယူခဲ့သည်မှာ သုံးပတ်ခန့်ရှိပြီဖြစ်ပြီး ယခုကာလအတွင်း ပြုပြင်ပြောင်းလဲမှုများ များစွာရှိကြောင်း၊ ပထမဆုံးအနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့်ပတ်သက်၍ ပြီးခဲ့သည့်ဒုတိယအပတ်နှင့် တတိယအပတ်ကြားကာလတွင် ဆန္ဒပြမှုများရှိခဲ့သော်လည်း မိမိတို့အနေဖြင့် အတတ်နိုင်ဆုံး ထိန်းထိန်းသိမ်းသိမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ဒီမိုကရေစီအလေ့အထနှင့်အတူ ဒီမိုကရေစီနိုင်ငံများ၏ အရေးယူဆောင်ရွက်မှုများအတိုင်းသာ ဆောင်ရွက်ခြင်းဖြစ်ပြီး အခြားနိုင်ငံများ၌လည်း ဆူပူဆန္ဒပြမှုများတွင် မျက်ရည်ယိုဗုံး၊ ရော်ဘာကျည်ဆန်၊ Water Cannon ကို အသုံးပြုဆောင်ရွက်ခြင်းနှင့် အင်တာနက်ဖြတ်တောက်မှုများလည်းရှိပါကြောင်း၊ အခြားနိုင်ငံများတွင် ဖြစ်ပွားသည့် ဆန္ဒပြမှုများကြောင့် သေဆုံးသူ၊ ထိခိုက်ဒဏ်ရာ ရသူများနှင့်နှိုင်းယှဉ်ပါက မိမိတို့နိုင်ငံတွင် သုံးပတ်တာကာလအတွင်း သေဆုံးမှုမှာ လေးဦးသာရှိခဲ့ကြောင်း၊ သေဆုံးမှုကို ပြန်ကြည့်လျှင်လည်း သေဆုံးသွားသည့် အမျိုးသမီးမှာ အသက် ၂၀ခန့်ရှိပြီး ၎င်းကိုယ်တိုင် ဆူပူဆန္ဒပြမှုတွင် ပါဝင်သည်ကို

တွေ့ရပါကြောင်း၊ ဆူပူဆန္ဒပြသူများ အနေဖြင့် လေးခွ၊ ခဲ၊ ကုန်းသီးတို့ဖြင့် ပစ်ခတ်အသုံးပြု ခြင်းများရှိသည်ကို တွေ့ရှိရကြောင်း၊ ယင်းဖြစ်စဉ်တွင် ရဲတပ်ဖွဲ့ဝင်များ အနေဖြင့် ရော်ဘာကျည်ဆန်ကိုသာ အသုံးပြုခဲ့ခြင်းဖြစ်ကြောင်း၊ ခဲသီးနှင့်ပတ်သက်၍ အသုံးပြုခဲ့ခြင်းမရှိကြောင်း၊ ဗီဒီယိုမှတ်တမ်းများကို အသေးစိတ်ကြည့်ရှုခဲ့ကြောင်း၊ ယင်းမှာ ဖြစ်စဉ်အမှန်ဖြစ်ကြောင်း။

**ထိထိရောက်ရောက် အရေးယူဆောင်ရွက်သွားမည်**

ဝန်ထမ်းများ CDM လှုပ်ရှားဆောင်ရွက်မှုနှင့် ပတ်သက်ပြီး စတင်ဆောင်ရွက်ရန် ပြောကြားဖြန့်ချိခဲ့သူများကို ထိထိရောက်ရောက် အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ CDM လှုပ်ရှားမှုတွင် ဝန်ထမ်းအချို့ပါဝင်ကြပြီး အချို့ဝန်ထမ်းများမှာ အကြောက်တရားဖြင့် ပါဝင်ကြရခြင်းဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် CDM ကိစ္စနှင့်ပတ်သက်၍ပြီးခဲ့သည့်ရက်သတ္တပတ်က ဝန်ထမ်းများ မိမိတို့လုပ်ငန်းတာဝန်ကို ပြန်လည်တာဝန်ထမ်းဆောင်ရန် တိုက်တွန်းခဲ့ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများမှာ မိမိတို့၏ လုပ်ဖော်ကိုင်ဖက်များသာဖြစ်ပြီး ဝန်ထမ်းများအနေဖြင့် အခြားအချိန်တွင် မိမိနှစ်သက်ရာကို ဆန္ဒမဲပေးနိုင်သော်လည်း တာဝန်အချိန်တွင် နိုင်ငံတော်အတွက်သာ ဦးတည်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ကြိုက်နှစ်သက်သည်၊ မနှစ်သက်သည်ရှိမည်ဖြစ်ကြောင်း၊ ယင်းကို ဒီမိုကရေစီကျင့်စဉ်အရ လက်ခံကြောင်း၊ သို့သော်လည်း အခြားအချိန်တွင် ပြည်သူ့ဝန်ထမ်းက ပြည်သူ့ဝန်ထမ်းတာဝန်ကို ထမ်းဆောင်ရမည်ဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းတာဝန်ကို နိုင်ငံ့ဝန်ထမ်းက ထမ်းဆောင်ရမည်ဖြစ်ကြောင်း၊ ထို့အတူ နိုင်ငံသားများကလည်း နိုင်ငံ့တာဝန်ကို ထမ်းဆောင်ရမည်ဖြစ်ကြောင်း၊ ယခုဖြစ်စဉ်သည် မဲမသမာမှုကြောင့် ဖြစ်ပွားခဲ့ရခြင်းဖြစ်ကြောင်း၊ မိမိတို့အနေဖြင့်ပြီးခဲ့သည့်အစိုးရ တာဝန်ယူသည့်ကာလတစ်လျှောက်လုံး စိတ်ရှည်သည်းခံစွာဖြင့် ပူးပေါင်းဆောင်ရွက်ခဲ့သော်လည်း အစိုးရအနေဖြင့် နိုင်ငံတော်၏ ပကတိအခြေအနေနှင့် သဟဇာတဖြစ်အောင် ဆောင်ရွက်ခဲ့ခြင်းမရှိခြင်းကြောင့် ပြဿနာများ ဖြစ်ပွားခဲ့ရကြောင်း။

နိုင်ငံ့ဝန်ထမ်းများ တာဝန်ပျက်ကွက်မှုကို ပြီးခဲ့သည့်သောကြာနေ့တွင် စာရင်းကောက်ယူခဲ့ကြောင်း၊ ဆေးရုံ၊ ဆေးခန်းများတွင် ဆရာဝန်များ တာဝန်ပျက်ကွက်လျက်ရှိကြောင်း၊ ဆရာဝန်များမှာ ပြည်သူလူထုကို ကျန်းမာရေးစောင့်ရှောက်ပေးရမည့် ဝန်ထမ်းများဖြစ်ကြောင်း၊ နိုင်ငံတော်တွင် အရေးကြီးသည့် ဝန်ထမ်းသုံးမျိုးရှိကြောင်း၊ ယင်းမှာ ကျန်းမာရေးဝန်ထမ်း၊ ရဲတပ်ဖွဲ့နှင့် တပ်မတော်တို့ဖြစ်ပြီး အမြဲအဆင်သင့်ပြင်ဆင်ထားရသည့်သူများဖြစ်ကြောင်း၊ တပ်မတော်မှာ နိုင်ငံတော်ကာကွယ်ရေးအတွက် တိုင်းဒေသကြီး၊ ပြည်နယ်များရှိ တပ်ရင်းတပ်ဖွဲ့များတွင် အမြဲအဆင်သင့်ဖြစ်ရန် ဆောင်ရွက်ထားကြကြောင်း၊ ရဲတပ်ဖွဲ့ဝင်များသည်လည်း သက်ဆိုင်ရာတပ်ဖွဲ့များနှင့် ရဲစခန်းများတွင် တစုတစည်းတည်း တာဝန်ထမ်းဆောင်ကြရကြောင်း။

အလားတူ ကျန်းမာရေးဝန်ထမ်းများသည်လည်း ပြည်သူလူထု၏ကျန်းမာရေးစောင့်ရှောက်မှုများဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာ ဆေးရုံ၊ ဆေးခန်းများတွင် တစုတစည်းတည်း တာဝန်ထမ်းဆောင်ကြရကြောင်း၊ ဆရာဝန်များ၏ ကတိသစ္စာပြုအဓိဋ္ဌာန် ၉ ချက်တွင် "ကျွန်ုပ်ဆည်းပူးတတ်မြောက်ထားသော ဆေးပညာဖြင့် လူသားတို့၏ဘဝနှင့်အသက်ကို တန်ဖိုးထားလေးစားစွာ ကာကွယ်စောင့်ရှောက်ပါအံ့"ဟုပါရှိကြောင်း၊ ဆရာဝန်များအနေဖြင့် ဆေးကုသမှုမပြုလုပ်ခြင်းသည် ယင်းတို့ကတိသစ္စာပြုထားသည့်အဓိဋ္ဌာန်ကို ချိုးဖောက်ခြင်းဖြစ်ကြောင်း၊ အလားတူ သူနာပြုဆိုလျှင်လည်း ၎င်းတို့ကတိသစ္စာအဓိဋ္ဌာန်တွင် "လူသားအားလုံး၏ ကိုယ်ကျန်းမာရေး၊ စိတ်ကျန်းမာရေးကို ကျွန်ုပ်၏အရေးကိစ္စဟု ယူဆပါအံ့"ဟု လည်းကောင်း၊ "လူသားတို့၏ အသက်အန္တရာယ်နှင့် ကျန်းမာရေးထိခိုက်စေမည့် မည်သည့်အပြုအမူမျိုးကိုမဆို တားဆီး ကာကွယ်ပါအံ့"ဟုလည်းကောင်း ပါရှိကြောင်း၊ ယင်းအချက်များကို ကြည့်ခြင်းအားဖြင့် ကျန်းမာရေးဝန်ထမ်းများအနေဖြင့် ယခုကဲ့သို့ဆောင်ရွက်နေမှုများမှာ ကျင့်ဝတ်ကို များစွာချိုးဖောက်ရာရောက်ကြောင်း၊ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆေးရုံ ၁၂၆၂ ရုံ ရှိသော်လည်း ဆေးရုံဖွင့်လှစ်ပြီး ကုသပေးသည့် ဆေးရုံမှာ ၇၇၈ ရုံ၊ ဆေးရုံဖွင့်ထားသော်လည်း ကုသပေးခြင်းမရှိသည့် ဆေးရုံ ၂၇ ရုံရှိပြီး လုံးဝဆေးရုံပိတ်ထားသည့် ဆေးရုံ ၃၅၇ ရုံရှိသည်ကို ယမန်နေ့ညနေ စာရင်းများအရ သိရကြောင်း။

**အရေးယူသွားမည်**

ထို့ကြောင့် ပြည်သူများ များစွာဒုက္ခရောက်နေမည်ကို စဉ်းစားကြည့်လျှင် သိနိုင်ကြောင်း၊ လူ့အသက်ထက် အရေးကြီးသည်မှာ မရှိကြောင်း၊ ထို့အတွက်ကြောင့် မိမိတို့အနေဖြင့် ဆူပူမှုများ ထိန်းသိမ်းအရေးယူ ဆောင်ရွက်ရာတွင်လည်း လူ့အသက်ကို မထိခိုက်အောင် ထိန်းသိမ်းဆောင်ရွက်လျက်ရှိကြောင်း၊ သို့ဖြစ်၍ ဆရာဝန်များနှင့်သူနာပြုများ စည်းကမ်းဖောက်ဖျက်နေမှုကို ဝန်ထမ်းစည်းကမ်းအရ အရေးယူသွားမည်ဖြစ်ကြောင်း၊ ကျန်းမာရေးဝန်ထမ်းများမှာ ကျင့်ဝတ်သစ္စာဆိုပြီး ဆောင်ရွက်သည့် နိုင်ငံ့ဝန်ထမ်းဖြစ်ကြောင်း၊ အလားတူ ရဲတပ်ဖွဲ့ဝင်များနှင့် တပ်မတော်သားများမှာလည်း နိုင်ငံတော်အလံကိုင်၍ သစ္စာဆိုသည့် ပြည်သူ့ဝန်ထမ်းများဖြစ်သည့်အတွက် သစ္စာဖောက်ဖျက်၍ မရကြောင်း၊ တပ်မတော်တွင်လည်း စည်းကမ်းထိန်းသိမ်းမှုနှင့် စပ်လျဉ်း၍ ဖောက်ဖျက်လျှင် ထိထိရောက်ရောက်အရေးယူကြောင်း၊ ရဲတပ်ဖွဲ့ဝင်များလည်း အလားတူဖြစ်ကြောင်း၊ ရဲတပ်ဖွဲ့ဝင်များသည် ပြည်သူက အားကိုး၊ ပြည်သူကလက်ခံ၊ ပြည်သူကယုံကြည်ပြီး နိုင်ငံတော်မှအားထားရသည့် ရဲတပ်ဖွဲ့ဖြစ်ရန်လိုအပ်ကြောင်း။

ဝန်ထမ်းများအနေဖြင့် သတင်းပို့ရုံးတက်ခြင်း မရှိပါက ဝန်ထမ်းစည်းမျဉ်းစည်း ကမ်းများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဆရာဝန်များနှင့်ပတ်သက်ပြီး ရရှိသည့်ဘွဲ့အဆင့်အလိုက် ချီးမြှင့်ငွေပေးအပ်ရန် ဆွေးနွေးညှိနှိုင်းလျက်ရှိကြောင်း၊ ပညာရေးနှင့်ပတ်သက်၍ သင်ကြားရေးအပိုင်း အရည်အသွေးမြှင့်တင်ရေးကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဆရာ၊ ဆရာမများမှာ တိုင်းပြည်အတွက် အရေးကြီးကြောင်း၊ တိုင်းပြည်တွင် လူ့စွမ်းအားအရင်းအမြစ် မွေးထုတ်ပေးသူများမှာ ဆရာ၊ ဆရာမများဖြစ်ကြောင်း၊ ဆရာ၊ ဆရာမများ၏ အခန်းကဏ္ဍမှာ အရေးကြီးသည့်အတွက် အရည်အသွေးမြှင့်မားရေးကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ သင်ကြားရေးပိုင်းတွင်လည်းဘွဲ့အဆင့်အလိုက်မူတည်ပြီး ချီးမြှင့်ရန် စဉ်းစားဆောင်ရွက် ရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ လူသားအရင်းအမြစ်ထဲတွင် အရေးကြီးသည့် အချက်နှစ်ချက်မှာ ဥပဒေကို နားလည်ရန် အရေးကြီးကြောင်း၊ တက္ကသိုလ်များတွင် B.A(Law)သင်တန်းများဖွင့်လှစ်ရန်နှင့် ဒေသအလိုက် စီးပွားရေး နားလည်တတ်ကျွမ်းမှု အခြေခံရရှိရေးအတွက် B.A(Eco)ဘာသာရပ်ဖွင့်လှစ်သင်ကြားရန် ဆွေးနွေးလျက်ရှိကြောင်း။

ပညာရေးဝန်းကျင်ကောင်းမွန်ရေး ဆောင်ရွက်နိုင်မှသာလျှင် ကျောင်းသားများအနေဖြင့် စာသင်ချင်စိတ်တိုးပွားလာမည်ဖြစ်ကြောင်း၊ ပညာရေးမြှင့်တင်မှုနှင့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို မြှင့်တင်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ CDM နှင့် ပတ်သက်ပြီး online တွင် လှုံ့ဆော်နေသည့်အဖွဲ့များနှင့် အဆိုပါ အဖွဲ့များနောက်တွင် ပံ့ပိုးနေသူများရှိကြောင်း၊ ယင်းတို့နောက်တွင် ငွေကြေးစိုက်ထုတ်ပေးသည့် အဖွဲ့များရှိကြောင်း၊ မိမိတို့ကောင်စီအနေဖြင့် လုပ်ဆောင်ရန်ရှိသည်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဆူပူဆန္ဒပြမှုများသည် တိုင်းပြည်ကို ထိခိုက်နစ်နာစေကြောင်း၊ တိုင်းပြည်ထိခိုက်နစ်နာမှုများ မဖြစ်ပေါ်စေရန် မိမိတို့သည် စိတ်ရှည်သည်းခံပြီး နားလည်အောင် ရှင်းလင်းပြောကြားကာ ပြည်သူများပါ အတူပါဝင်ပြီး ပုံမှန်လမ်းကြောင်းပေါ်တည့်အောင် ဆောင်ရွက်ရန်လိုကြောင်း။

**ဝန်ထမ်းများ CDM လှုပ်ရှား ဆောင်ရွက်မှုနှင့် ပတ်သက်ပြီး စတင်ဆောင်ရွက်ရန် ပြောကြားဖြန့်ချိခဲ့သူများကို ထိထိရောက်ရောက် အရေးယူဆောင်ရွက်သွားမည်ဖြစ်၊ CDM လှုပ်ရှားမှုတွင် ဝန်ထမ်းအချို့ပါဝင်ကြပြီး အချို့ဝန်ထမ်းများမှာ အကြောက်တရားဖြင့် ပါဝင်ကြရခြင်းဖြစ်။**

**စီးပွားရေးမြှင့်တင်ဆောင် ရွက်ရန်လို**

ယခုအခါ မိမိတို့နိုင်ငံတွင် နှစ်စဉ်ဘဏ္ဍာငွေ လိုငွေပြမှုနှင့် ကုန်သွယ်ရေးလိုငွေပြမှုများရှိသည်ကို တွေ့ရကြောင်း၊ မိမိတို့နိုင်ငံ၏ ငွေကြေးတန်ဖိုးထိခိုက်ကြောင်း၊ ထို့ကြောင့် ငွေကြေးတန်ဖိုးခိုင်မြဲရန် လိုအပ်ကြောင်း၊ ကုန်သွယ်ရေးနှင့်ပတ်သက်၍ စီးပွားရေးကို မြှင့်တင်ရန် လိုအပ်ကြောင်း၊ မိမိတို့သည် ဦးတည်ချက် ၅ ရပ် ချပေးထားကြောင်း၊ မိမိတို့ကောင်စီအနေဖြင့် နိုင်ငံတော်၏ ယိုင်နေသည့်စီးပွားရေးကို ပြန်လည်တည့်မတ်အောင် အားထည့်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ မိမိတို့အနေဖြင့် စီးပွားရေးကုစားမှုများကို ဆောင်ရွက်ရမည်ဖြစ်ပြီး ကုန်သွယ်မှုလိုငွေလျှော့ချရေးအတွက် ပြည်ပသွင်းကုန်များ လျှော့ချရေးနှင့် ပြည်တွင်းထုတ်ကုန်များတိုးမြှင့်ပို့ဆောင်၍ စီးပွားရေးမြှင့်တင်ဆောင်ရွက်ရန်လိုကြောင်း၊ ပြည်တွင်းထုတ်ကုန်များတိုးမြှင့်ရေးတွင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများသည် အရေးပါကြောင်း၊ နိုင်ငံတော်ဘဏ္ဍာငွေသုံးစွဲမှုများကိုလည်း တတ်နိုင်သမျှ လျှော့ချရမည်ဖြစ်ကြောင်း။

နိုင်ငံဖွံ့ဖြိုးရေးအတွက် အဓိက အရေးပါသည့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး၊ လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေး၊ ဆက်သွယ်ရေးစနစ်များ ကောင်းမွန်ရေး၊ လူ့စွမ်းအားအရင်းအမြစ်များတိုးတက်ရေးအတွက် လိုအပ်သည့်ပညာသင်ကြားရေးနှင့် ကျန်း မာရေးစောင့်ရှောက်မှုလုပ်ငန်းများ ကောင်းမွန်ရေးတို့ကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လျှပ်စစ်ဓာတ်အားခများ သက်သာစေရေးနှင့် လျှပ်စစ်ဓာတ်အားတိုးမြှင့်ထုတ်လုပ်နိုင်ရေးအတွက် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များဖြစ်သည့် ရေအားလျှပ်စစ်ထုတ်လုပ်မှုနှင့် နေရောင်ခြည် စွမ်းအင်သုံးလျှပ်စစ်ဓာတ်အားထုတ်လုပ်သည့် လုပ်ငန်းရပ် များအား တိုးမြှင့်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေးအတွက် မီးရထားလမ်းနှင့် မော်တော်ကားလမ်းများအား ပုံမှန်ထိန်းသိမ်းမှုများကို အမှန်တကယ် ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ သောက်သုံးရေ အခက်အခဲရှိသည့် မြို့နယ်များတွင် သောက်သုံးရေရရှိရေး နည်းလမ်းရှာဖွေဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ တိုင်းရင်းသားများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့အနေဖြင့် မဖြစ်မနေဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း ပြောကြားသည်။

**ဆွေးနွေးတင်ပြ**

ထို့နောက်ကောင်စီဒုတိယဥက္ကဋ္ဌဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီဝင်များဖြစ်ကြသည့် ဦးသိန်းညွှန့်၊ မန်းငြိမ်းမောင်၊ Jeng Phang နော်တောင်၊ ဒေါ်အေးနုစိန်၊ ဦးမောင်းဟာနှင့် ဦးခင်မောင်ဆွေတို့က ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်အတွင်း မိုင်းရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ရှင်းလင်းဆောင်ရွက်နေမှုအခြေအနေများ၊ တပ်မတော်၏ နိုင်ငံတော်တာဝန်ကို ခေတ္တတာဝန်ယူထမ်းဆောင်နေမှုအပေါ် နိုင်ငံတကာ၏သဘောထားအမြင်များ၊ ရခိုင်ပြည်နယ် ဖြစ်စဉ် အခြေအနေ၊ လူပုဂ္ဂိုလ်ကိုးကွယ်မှုများကြောင့် နိုင်ငံရေးရှုပ်ထွေးလာခဲ့မှုအခြေအနေ၊ သာသနာရေးဆိုင်ရာ အဆောက်အအုံများ လျှပ်စစ်မီးသုံးစွဲမှုနှင့်ပတ်သက်၍ ဓာတ်အားအသုံးပြုခ လျှော့ပေါ့ပေးရေးကိစ္စ၊ ရုံးလုပ်ငန်းများ နှောင့်နှေးစေရန်အတွက် နိုင်ငံ့ဝန်ထမ်းများအား CDM ပြုလုပ်ရန် ဖိအားပေးမှုများနှင့် စည်းရုံးသိမ်းသွင်းမှုများကို နောက်ကွယ်မှပြုလုပ်နေသည့် အဖွဲ့အစည်းများအား ဖော်ထုတ်အရေးယူဆောင်ရွက်ရေးနှင့် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဝန်ထမ်းများအား အကာအကွယ်ပေးရန် လိုအပ်သည့်အခြေအနေများအား ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ကော်မရှင်နှင့်ပတ်သက်သည့် မဲစာရင်းကို အမြန်ဆုံးချပြပေးမည်ဖြစ်ကြောင်း၊ ကော်မရှင်အနေဖြင့် တိုင်ကြားစာတက်သည့် မြို့နယ်များကို ဦးစွာစစ်ဆေး ဆောင်ရွက်လျက်ရှိသည်ဟု သိရှိရကြောင်း၊ စိစစ်တွေ့ရှိသည့် မဲစာရင်းကွာဟမှုများကို ထုတ်ပြန်ပေးလျက်ရှိကြောင်း၊ ကျန်ရှိသည့် မြို့နယ်များကိုလည်း ဆက်လက်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံသားများ မှတ်ပုံတင်ရရှိရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနမှ ကြိုးပမ်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

မီဒီယာနှင့်ပတ်သက်၍မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီမှတစ်ဆင့် မီဒီယာကျင့်ဝတ်စည်းကမ်းနှင့်အညီ ဆောင်ရွက်နိုင်ရေးကို ထိန်းသိမ်းကြပ်မတ်ရေး ဆက်လက်

ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ သတင်းများတွင် အာဏာသိမ်းစစ်အစိုးရဟု အသုံးအနှုန်းများကို သတိပေးထားပြီး ဆက်လက်၍သုံးနှုန်းရေးသားမည်ဆိုပါက ထုတ်ဝေခွင့်ပိတ်သိမ်းသည်အထိ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်ကိစ္စရပ်များနှင့်ပတ်သက်၍ ကိုဖီအာနန်ကော်မရှင်ဆောင်ရွက်ခဲ့မှုများအပေါ်တွင်လည်း စုံစမ်းဖော်ထုတ်မှုများ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း၊ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကိုသာကြည့်ပြီး တိုင်းပြည်၏အကျိုးကိုမကြည့်ဘဲ ကိုယ်ကျိုးအတွက်ဆောင်ရွက်ခဲ့မှု များကိုလည်း ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း၊ တစ်နိုင်ငံလုံး မီတာခများသက်သာခွင့်ကို လျှော့ချပေးထားကြောင်း၊ နိုင်ငံ့ဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် တပ်မတော်သားများ၏ တာဝန်ထမ်းဆောင်မှုအပေါ်မူတည်၍ ချီးမြှင့်ငွေများပေးအပ်လျက်ရှိကြောင်း၊ ကျောင်းများပြန်လည်ဖွင့်လှစ်၍ ကျောင်းများအား ထိန်းသိမ်းပြုပြင်ခြင်း၊ ဆရာ ဆရာမများအနေဖြင့် သင်ကြားမှု အထောက်အကူပြု အစည်းအဝေးများပြုလုပ်ခြင်းများကို လေ့ကျင့်ဆောင်ရွက်ခြင်းဖြင့် ကျောင်းသား ကျောင်းသူများ ပြန်လည်ပညာသင်ကြားချိန်တွင် အသင့်ဖြစ်စေမည် ဖြစ်ကြောင်း။

မိမိတို့နိုင်ငံသည် စိုက်ပျိုးရေး၊ မွေးမြူရေးနိုင်ငံဖြစ်သဖြင့် ၎င်းလုပ်ငန်းများနှင့်ပတ်သက်၍သင်တန်းကျောင်းများ၊ ကောလိပ်များ၊ တက္ကသိုလ်များကို တိုးချဲ့ ဖွင့်လှစ်၍ လိုအပ်သည့် စိုက်/မွေးပညာရှင်များ မွေးထုတ်ပေးရန်လိုကြောင်း၊ ဒေသအလိုက်ကိုက်ညီသည့် စိုက်ပျိုးရေးထုတ်ကုန်များရရှိအောင် သုတေသနပြု၍ ထိရောက်စွာဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြည်နယ်များအလိုက် ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး စီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရန်လိုပြီး ပြည်နယ်များအလိုက် လျှပ်စစ်ဓာတ်အားရရှိရေး ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ လျှပ်စစ်ဓာတ်အားသည် လူမှုဘဝဖွံ့ဖြိုးတိုးတက်မှုအတွက် များစွာအရေးပါသဖြင့် ဒေသအလိုက်သဘာဝပတ်ဝန်းကျင် မထိခိုက်စေသည့် ရေအားလျှပ်စစ်စီမံကိန်းများကို ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ရေသည်လူသားများ၏ နေ့စဉ်လူနေမှုဘဝအတွက် အရေးအကြီးဆုံး လိုအပ်ချက်တစ်ခုဖြစ်သောကြောင့် မြေအောက်ရေသုံးစွဲမှုနှင့်ပတ်သက်၍ မိုးနည်းသည့်ဒေသများတွင် မြေအောက်ရေ အလွန်အကျွံသုံးစွဲခြင်းသည် ရေရှားပါးမှုကို ပိုမိုဖြစ်ပေါ်စေနိုင်သဖြင့် ထိန်းသိမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဘဏ်လုပ်ငန်းများ ပြန်လည် လည်ပတ်နိုင်ရေးအတွက်လည်း တိုက်တွန်းဆောင်ရွက်လျက်ရှိပြီး လုံခြုံရေးလုပ်ငန်းများကို တတ်နိုင်သမျှ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများသည် အရေးကြီးသဖြင့် ကျန်းမာရေးဝန်ထမ်းများ လုပ်ငန်းတာဝန်များ ပြန်လည်ထမ်းဆောင်နိုင်ရေးအတွက်ဆောင်ရွက်ပေးရန်လိုအပ်ပြီး ဖိအားပေးနှောင့်ယှက်နေသူများကိုလည်း ဖော်ထုတ်၍ ဥပဒေအရ အရေးယူနိုင်ရေး ဆောင်ရွက်ရန်လိုကြောင်းဖြင့် မှာကြားခဲ့သည်။

မိမိတို့နိုင်ငံသည်
စိုက်ပျိုးရေး၊ မွေးမြူရေးနိုင်ငံဖြစ်သဖြင့်
၎င်းလုပ်ငန်းများနှင့်ပတ်သက်၍
သင်တန်းကျောင်းများ၊ ကောလိပ်များ၊
တက္ကသိုလ်များကို တိုးချဲ့ဖွင့်လှစ်၍
လိုအပ်သည့် စိုက်/မွေးပညာရှင်များ
မွေးထုတ်ပေးရန် လို၊
ဒေသအလိုက်ကိုက်ညီသည့်
စိုက်ပျိုးရေးထုတ်ကုန်များရရှိအောင်
သုတေသနပြု၍ ထိရောက်စွာ
ဆောင်ရွက်ကြရမည်ဖြစ်။

GGGG HHHH

# စီးပွားရေးရာကော်မတီအစည်းအဝေး အမှတ်စဉ် (၁/၂၀၂၁) တွင် ပြောကြားသည့် အမှာစကား

(၂၃-၂-၂၀၂၁)



စီးပွားရေးရာကော်မတီ အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၁) ကို ဖေဖော်ဝါရီလ ၂၃ ရက်နေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ စီးပွားရေးရာကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးမိုးမြင့်ထွန်းနှင့် ဦးစိုင်းလုံးဆိုင်၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်၊ ဦးဝင်းရှိန်၊ ဦးအောင်နိုင်ဦး၊ ဦးချစ်နိုင်၊ ဦးတင်ထွဋ်ဦး၊ ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ဦးခင်မောင်ရီ၊ ဦးအောင်သန်းဦး၊ ဒေါက်တာပွင့်ဆန်း၊ ဦးရွှေလေး၊ ဒေါက်တာသက်သက်ခိုင်၊ ဦးမောင်မောင်အုန်း၊ ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာဒေါ်သီတာဦး၊ ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာကံဇော်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် စီးပွားရေးရာကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် က စီးပွားရေးကဏ္ဍသည် အလွန်ကျယ်ပြန့်ပါကြောင်း၊ နိုင်ငံတစ်နိုင်ငံ၏အဓိကမောင်းနှင်အားတစ်ခုဖြစ်သည့် စီးပွားရေးမောင်းနှင်အားမှာ အရေးကြီးသည့်အတွက် ယခုကော်မတီသည် နိုင်ငံ၏စီးပွားရေးဖြစ်ပေါ်ပြောင်းလဲမှုကို သက်ရောက်မှုရှိသည့်ကော်မတီ ဖြစ်ပါကြောင်း၊ စီးပွားရေးကောင်းမွန်ရေးအတွက် ဆောင်ရွက်ရန် မည်သည့်ကဏ္ဍကို အခြေခံစဉ်းစားရမည်ဆိုသည်မှာလည်း အရေးကြီးကြောင်း၊ တိုင်းပြည်၏စီးပွားရေးကောင်းမွန်ရန် အခြေခံကောင်းများရှိရန် လိုအပ်ကြောင်း၊ စီးပွားရေးကောင်းမွန်ရန်အတွက် ဆောင်ရွက်သူများ၏ မူဝါဒချမှတ်မှုနှင့် စွမ်းဆောင်မှုအပေါ် မူတည်ကြောင်း။

လုပ်ငန်းများဆောင်ရွက်ရာတွင် တစ်ဦးတစ်ဖွဲ့တည်းဖြင့် ဆောင်ရွက်၍မရပါကြောင်း၊ ဝိုင်းဝန်းပူးပေါင်းညှိနှိုင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနတို့၏ အချက်အလက်များကို ကြည့်ရှုရာတွင် ကုန်သွယ်မှုလိုငွေပြမှုများရှိကြောင်း၊ ထို့အတူ ပြည်ထောင်စု၏စုစုပေါင်း လိုငွေလည်းပြနေကြောင်း၊ သို့ဖြစ်၍ ကုန်ထုတ်လုပ်မှုနှင့် ပို့ကုန်တင်ပို့မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တိုင်းပြည်စီးပွားရေးကောင်းမွန်ရေးတွက် ဝိုင်းဝန်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် လူဦးရေ ၅၄ သန်းကျော်ရှိကြောင်း၊ မြေ၊ လူသားအရင်းအမြစ်နှင့် သယံ

ဇာတများစွာရှိသည့်အတွက် အလုပ်လုပ်နိုင်သည့်အခြေခံကောင်းများရှိကြောင်း၊ ကုန်ထုတ်လုပ်မှုများဆောင်ရွက်ရာတွင် မည်သည့်အချက်အပေါ် အခြေခံမည်ဆိုသည်ကိုလည်း စဉ်းစားဆောင်ရွက်ရန်လိုကြောင်း၊ ရေရှည်အတွက် သဘာဝသယံဇာတများကို လွယ်လွယ်ကူကူထုတ်ယူရောင်းချ၍မရကြောင်း၊ တိုင်းပြည်အနာဂတ်အတွက် ထိန်းသိမ်းသိုလှောင်ပြီး အရေးပေါ်အတွက် အရန်ထားရန်လိုအပ်ကြောင်း၊ မိမိတို့အနေဖြင့် သယံဇာတ ထုတ်လုပ်မှုကို လျှော့ချသွားရန်လိုအပ်ကြောင်း။

တစ်ဖက်ကလည်း သွင်းကုန်အစားထိုးလုပ်ငန်းများကို ကြိုးစားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စားသောက်ကုန်ပစ္စည်းတင်သွင်းမှုကို လျှော့ချသွားရန်လိုအပ်ပြီး မိမိတို့နိုင်ငံ၌ပင် ထုတ်လုပ်နိုင်ရန် လိုအပ်ကြောင်း၊ ထို့အပြင် ပြည်တွင်းထုတ်လုပ်မှုကို တိုးတက်အောင် ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်မှု လုပ်ငန်းများအတွက် အဓိကလိုအပ်ချက်မှာ လျှပ်စစ်စွမ်းအင်ဖြစ်ကြောင်း၊ လျှပ်စစ်ဓာတ်အား တိုးမြှင့်ထုတ်လုပ်နိုင်ရေးအတွက် ကြိုးစားရမည်ဖြစ်ကြောင်း၊ သို့မှသာ လူမှုစီးပွားဘဝတိုးတက်ပြီး ကုန်ထုတ်လုပ်မှု တိုးတက်လာမည်ဖြစ်ကြောင်း၊ လူဦးရေ ၅၄ သန်းတွင် အခြေခံပညာနှင့် တက္ကသိုလ်ပညာပြီးမြောက်သူတို့၏ လုပ်အားများကို ကဏ္ဍအလိုက် အသုံးချနိုင်ရေးအတွက် နည်းလမ်းရှာရမည်ဖြစ်ကြောင်း၊ အလုပ်သမားများနှင့် အလုပ်ရှင်များအတွက်လည်း ထည့်သွင်းစဉ်းစား ပေးရမည်ဖြစ်ကြောင်း၊ ရင်းနှီးမြှုပ်နှံမှုလုပ်ကိုင်သူများအတွက်လည်း အာမခံချက်နှင့် ဆွဲဆောင်မှုများပေးရမည်ဖြစ်သကဲ့သို့ ယုံကြည်မှုရှိရန်လည်း လိုအပ်ကြောင်း။


> လူဦးရေ ၅၄ သန်းတွင်
> အခြေခံပညာနှင့် တက္ကသိုလ်ပညာ
> ပြီးမြောက်သူတို့၏ လုပ်အားများကို
> ကဏ္ဍအလိုက် အသုံးချနိုင်ရေးအတွက်
> နည်းလမ်းရှာရမည်ဖြစ်၊
> အလုပ်သမားများနှင့် အလုပ်ရှင်များ
> အတွက်လည်း
> ထည့်သွင်းစဉ်းစားပေးရမည်ဖြစ်၊
> ရင်းနှီးမြှုပ်နှံမှုလုပ်ကိုင်သူများအတွက်လည်း
> အာမခံချက်နှင့် ဆွဲဆောင်မှုများပေးရမည်
> ဖြစ်သကဲ့သို့ ယုံကြည်မှုရှိရန်လည်း
> လိုအပ်။


စီးပွားရေးသည် အပြောကျယ်ပြီး ငွေကြေးနှင့် ပတ်သက်နေကြောင်း၊ ရင်းနှီးမြှုပ်နှံမှုခွင့်ပြုရာတွင် လိုအပ်သည့် အကျိုးအမြတ်ရရှိမည်ဟုဆိုသည့် မက်လုံးဖြင့် ကျေနပ်မနေသင့်ကြောင်း၊ အခွန်ကောက်ခံမှုအပိုင်းတွင်လည်း အခွန်တိုးမြှင့်ရရှိရေးထက် အခွန်ပေးဆောင်သူဦးရေတိုးတက်မှုရရှိအောင် ကြိုးစားရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်ရရှိရန် လိုကြောင်း၊ စက်ရုံ၊ အလုပ်ရုံကဏ္ဍတွင်လည်း လုပ်ငန်းများ ပုံမှန်လည်ပတ်နေရေးအတွက် အားပေးရမည်ဖြစ်ကြောင်း၊ ၎င်းတို့၏ အခက်အခဲများရှိပါကလည်း ဝိုင်းဝန်းဖြေရှင်းပေးရမည်ဖြစ်ကြောင်း၊ ထို့အပြင် လည်ပတ်နေသည့် စက်ရုံများမှ ထွက်ရှိလာသည့်ကုန်ပစ္စည်းများ၏ အရည်အသွေးမြင့်မားရေးအတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနများက မူဝါဒများချမှတ်ပြီး ကူညီဆောင်ရွက်ပေးရန် လိုကြောင်း။

စက်မှုဝန်ကြီးဌာနသည် နိုင်ငံတကာတွင်ရှိပါကြောင်း၊ စီးပွားရေးလုပ်ငန်းများတွင် နိုင်ငံသူ နိုင်ငံသားများက အဓိကဖန်တီးနိုင်သည့်ကဏ္ဍတွင် ပါဝင်နေရန် လိုအပ်ကြောင်း၊ ထို့ကြောင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ခွင့်ပြုရာတွင် ကော်မတီအနေဖြင့် သဘောကောင်းရန် မလိုအပ်ဘဲ စေတနာကောင်းရန်သာလိုအပ်ပါကြောင်း၊ နိုင်ငံသူ နိုင်ငံသားများ နစ်နာမှုမရှိစေရေးအတွက် စဉ်းစားဆောင်ရွက်ရန်ဖြစ်ကြောင်း၊ ယခုစီးပွားရေးကော်မတီသည် တိုင်းပြည်စီးပွားကောင်းမွန်ရေးအတွက် မောင်းနှင်ရန် အဓိကကျသည့် အဖွဲ့အစည်း ဖြစ်ကြောင်း၊ သို့ဖြစ်၍

တာဝန်ရှိသူများအနေဖြင့် သက်ဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဆုံးဖြတ်ချက်မှန်မှန်ကန်ကန် မြန်မြန်ဆန်ဆန် ဆုံးဖြတ်၍ ရင်းနှီးမြှုပ်နှံသူများ လုပ်သာကိုင်သာရှိအောင် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် စီးပွားရေးကော်မတီ အတွင်းရေးမှူး ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က စီးပွားရေးကော်မတီဖွဲ့စည်းဆောင်ရွက်ခဲ့မှုများ၊ ကော်မတီအစည်းအဝေးများ ကျင်းပခဲ့မှုနှင့် ဆုံးဖြတ်ဆောင်ရွက်ရန်ကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထဲရေးဝန်ကြီးဌာန၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့မှ ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် ခွင့်ပြုပေးရန်ကိစ္စရပ်များ၊ မှတ်တမ်းတင်ပေးရန်ကိစ္စရပ်များ၊ အမိန့်ကြေညာစာထုတ်ပြန်ပေးရန်ကိစ္စရပ်များ၊ ငွေကြေးသက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေးကော်မရှင်အဖွဲ့ဝင်များခန့်အပ်ရေးနှင့် ချီးမြှင့်ငွေတိုးမြှင့်ပေးရန် ကိစ္စရပ်များ၊ နားလည်မှုစာချုပ်နှင့် သဘောတူစာချုပ်များ လက်မှတ်ထိုးရန်ကိစ္စရပ်များ ခွင့်ပြုနိုင်ရေးအတွက် ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက နိုင်ငံတကာနှင့်ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် စီမံကိန်းဆိုင်ရာကိစ္စရပ်များ၊ နိုင်ငံတကာနှင့်ချုပ်ဆိုထားသည့်နားလည်မှုစာချွန်လွှာများ၊သဘောတူစာချုပ်များနှင့် စပ်လျဉ်းသည့်ကိစ္စရပ်များ၊နိုင်ငံတကာအကူအညီပေးရေးကိစ္စရပ်များနှင့် ပတ်သက်၍ ဆောင်ရွက်ဆဲနှင့် ဆက်လက်ဆောင်ရွက်မည့်ကိစ္စရပ်များကိုလည်းကောင်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာကံဇော်က ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ လုပ်ငန်းစဉ်များနှင့် ပြုပြင်ပြောင်းလဲရန် ဆောင်ရွက်နေမှု၊ စိစစ်တွေ့ရှိချက် အစီရင်ခံစာများနှင့် ဆက်လက်စစ်ဆေးရမည့် စာရင်းများနှင့်စပ်လျဉ်း၍လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီက နိုင်ငံပိုင်ကြေးနီနှင့် ကျောက်မျက်ရတနာများ စုစည်းထားရှိမှုနှင့် ရတနာပြပွဲများ ကျင်းပရေးကိစ္စတို့နှင့်စပ်လျဉ်း၍လည်းကောင်းရှင်းလင်းတင်ပြကြသည်။

ယင်းနောက် စီးပွားရေးကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ယခုကော်မတီတွင် တာဝန်ထမ်းဆောင်နေကြသူများအနေဖြင့် အတွေ့အကြုံရှိသူများဖြစ်၍ မိမိတို့တာဝန်ကိုအကောင်းဆုံးဆောင်ရွက်နိုင်မည်ဟုယုံကြည်ပါကြောင်း၊ COVID – 19 ကာလတွင် ယိုင်နဲ့နေသည့်စီးပွားရေးကို အမြန်ဆုံးပြန်လည်တည့်မတ်စေရေး ဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ သက်ဆိုင်ရာလုပ်ငန်းများအလိုက် ဌာနဆိုင်ရာတာဝန်ရှိသူများအနေဖြင့် မှန်မှန်ကန်ကန် မြန်မြန်ဆန်ဆန် ဆောင်ရွက်ပေးရန်လိုကြောင်း၊ အချိန်အားလေးစားရန်နှင့် အလုပ်ကို အကြွေးမထားရန်လိုကြောင်း၊ တင်ပြသင့်သည်များကို အမြန်ဆုံးတင်ပြရန်နှင့် ဌာနဆိုင်ရာများအချင်းချင်း ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ရန်လိုကြောင်း၊ ပံ့ပိုးမှုပေးရမည့်ဝန်ကြီးဌာနများနှင့် ပုဂ္ဂိုလ်များအနေဖြင့် မျှတရန်လိုအပ်ပြီး လေးလေးနက်နက်စဉ်းစား၍ ဆောင်ရွက်ပေးရန်လိုကြောင်း၊ မူဝါဒများနှင့်ပတ်သက်၍ ခိုင်ခိုင်မာမာဖြစ်ရန်လိုအပ်ပြီး ရပ်တည်ချက်မှန်ကန်ရန်လိုကြောင်း၊ ယခုကော်မတီအစည်းအဝေးသည် တိုင်းပြည်စီးပွားရေး ပြန်လည်တိုးတက်လာစေရေးအတွက် အထောက်အကူပြုမည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

GGGG HHHH

# စီမံခန့်ခွဲရေးကော်မတီအစည်းအဝေး (၂/၂၀၂၁) တွင် ပြောကြားသည့် အမှာစကား

## (၂၅-၂-၂၀၂၁)





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဖေဖော်ဝါရီလ ၂၅ ရက်နေ့ မွန်းလွဲပိုင်းတွင်နေပြည်တော်ရှိနိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ ဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် စီမံခန့်ခွဲရေးကော်မတီအစည်းအဝေး(၂/၂၀၂၁) သို့ တက်ရောက် အမှာစကားပြောကြားသည်။

အစည်းအဝေးသို့နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း)၊ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်၊ ဦးဝဏ္ဏမောင်လွင်၊ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးဝင်းရှိန်၊ ဦးအောင်နိုင်ဦး၊ ဦးကိုကိုလှိုင်၊ ဦးချစ်နိုင်၊ ဦးတင်ထွဋ်ဦး၊ ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဦးခင်မောင်ရီ၊ ဦးအောင်သန်းဦး၊ ဦးမြင့်ကြိုင်၊ ဒေါက်တာပွင့်ဆန်း၊ ဒေါက်တာညွန့်ဖေ၊ ဒေါက်တာသက်ခိုင်ဝင်း၊ ဦးရွှေလေး၊ ဒေါက်တာသက်သက်ခိုင်၊ ဦးမောင်မောင်အုန်း၊ ဦးစောထွန်းအောင်မြင့်နှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာဒေါ်သီတာဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့် နိုင်ငံတော်ကိုတာဝန်ယူခဲ့သည်မှာ တစ်လနီးပါး ရှိပြီဖြစ်ကြောင်း၊ ထိုသို့ တာဝန်ယူ ဆောင်ရွက်ခဲ့ရာတွင် လုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ တစ်ဖက်ကလည်း တရားဥပဒေစိုးမိုးရေးကို ထိန်းသိမ်းဆောင်ရွက်နိုင်ခဲ့သည့်အတွက် ယနေ့ဆိုလျှင် တရားဥပဒေစိုးမိုးရေးအတွက်ထိန်းနိုင်သည့်အနေအထား တွင် ရှိပြီဖြစ်ကြောင်း၊ တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်နေသော်လည်း လုပ်စရာရှိသည့် အပိုင်းများကို လုပ်ဆောင်နေရမည်ဖြစ်ကြောင်း၊ COVID-19 ကာကွယ်ရေးကိစ္စမှာ ရပ်ထား၍မရကြောင်း၊ တစ်ကမ္ဘာလုံးတွင် COVID-19 ဖြစ်ပွားခဲ့သည့်အတွက် လူဦးရေ ၁၁၃ သန်းကျော် ကူးစက်ခံခဲ့ရပြီး ၂ ဒသမ ၅ သန်းကျော် သေဆုံးခဲ့ပါကြောင်း၊ မိမိတို့နိုင်ငံတွင်လည်း ၁ ဒသမ ၄ သိန်းကျော် ကူးစက်ခံခဲ့ရပြီး လူဦးရေ ၃၂၀၀ နီးပါး သေဆုံးခဲ့ကြောင်း၊ လတ်တလောအခြေအနေတွင် ရောဂါတွေ့ရှိမှုများ ကျဆင်းသွားပါကြောင်း၊ ယင်းမှာ စစ်ဆေးမှုနှုန်း နည်းသည့်အတွက် တွေ့ရှိမှုနှုန်း နည်းပါးသွားခြင်းဖြစ်နိုင်ကြောင်း၊ပြီးခဲ့သည့်ရက်သတ္တပတ်များက လူစုလူဝေးဖြစ်ပွားမှုကြောင့် COVID-19 ရောဂါ မကူးစက်နိုင်ဟု အာမမခံနိုင်ပါကြောင်း၊ ယင်းကိစ္စနှင့်စပ်လျဉ်း၍ လုပ်ဆောင်သင့်သည်များကို လုပ်ဆောင်သွားရန် လိုကြောင်း၊ တစ်ဖက်တွင်လည်း CDM ဝန်ထမ်းများကြောင့်

ဆေးရုံ၊ ဆေးခန်းများပိတ်ထားရပါကြောင်း၊ ပြည်သူ၏ ကျန်းမာရေးအတွက် ကျန်းမာရေးစောင့်ရှောက်မှုမပေး သည်မှာမလုပ်သင့်မလုပ်အပ်သည့်အလုပ်ဖြစ်ပါကြောင်း၊ ဆေးရုံများ မဖွင့်နိုင်ရန် နှောင့်ယှက်သူများကို အဓိက သက်ဆိုင်သည့်ဝန်ကြီးဌာနက အရေးယူဆောင်ရွက် သွားရမည် ဖြစ်ကြောင်း။

**စနစ်တကျ ခွင့်ပြုပေးထား**

COVID–19 ရောဂါနှင့်ပတ်သက်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် စည်းမျဉ်း၊ စည်းကမ်းများကို လိုက်နာခြင်းသည် အကောင်းဆုံး ဖြစ်ကြောင်း၊ COVID–19 ကာကွယ်ဆေးထိုးနှံမှုနှင့် ပတ်သက်သည့်လုပ်ငန်းများကို ဆက်လက်လုပ်ကိုင် နေကြောင်း၊ တစ်ဖက်တွင်လည်း ကာကွယ်ဆေးရရှိရေး အတွက် ကြိုးစားဆောင်ရွက်နေပြီး စာချုပ်အရ ရောက်ရှိ ရမည့် ကာကွယ်ဆေးများလည်း ထပ်မံရောက်ရှိမည် ဖြစ်ကြောင်း၊ ပုဂ္ဂလိကဆေးဝါးကုမ္ပဏီများကိုလည်း သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် တင်သွင်း နိုင်ရန် စနစ်တကျ ခွင့်ပြုပေးထားကြောင်း၊ ကျန်းမာမှ အလုပ်လုပ်နိုင်မည်ဖြစ်သကဲ့သို့ ပညာလည်းသင်ကြား နိုင်မည်ဖြစ်ကြောင်း၊ COVID–19 ရောဂါ ကာကွယ်ရေးနှင့် ပတ်သက်၍လည်း တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ် စီမံအုပ်ချုပ်ရေးကောင်စီများက ပြည်သူများ စနစ်တကျလိုက်နာရေးအတွက် ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေး ကိုလည်း ကြိုးစားနေပါကြောင်း။

**တွန်းအားပေးဆောင်ရွက်ရန်လို**

စီးပွားရေးနှင့်ပတ်သက်၍ ကုန်ထုတ်လုပ်မှု လုပ်ငန်းများတိုးတက်ရန် COVID–19 နှင့် ပတ်သက်၍ ထိခိုက်မှုအနည်းဆုံးဖြစ်သည့် စိုက်ပျိုးရေးလုပ်ငန်း များကို လုပ်ဆောင်သွားရမည်ဖြစ်ကြောင်း၊ ယင်းကိစ္စကို သက်ဆိုင်ရာ စီမံအုပ်ချုပ်ရေးကောင်စီ အဆင့်ဆင့်က ကြီးကြပ်လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ စားနပ်ရိက္ခာ ဖူလုံရေးအတွက် စိုက်ပျိုးရေးထုတ်ကုန်လုပ်ငန်းများကို အားပေးရမည် ဖြစ်ကြောင်း၊ တိုင်းပြည်စားနပ်ရိက္ခာ ဖူလုံရေးမှာ အရေးကြီးကြောင်း၊ မွေးမြူရေးလုပ်ငန်း များကိုလည်း တွန်းအားပေးဆောင်ရွက်ရန်လိုအပ် ကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးအတွက် ရေမြေနှင့် အခြေခံကောင်းများ ရှိပါကြောင်း၊ ယင်းကို အကျိုးရှိရှိ အသုံးချရန် လိုကြောင်း၊ မွေးမြူရေးလုပ်ငန်းကို နည်းစနစ် ကျသည့် မွေးမြူရေးစနစ်ဖြင့် ဆောင်ရွက်သွားရန် လိုကြောင်း၊ တိုင်းပြည်အတွက် စားနပ်ရိက္ခာပေါများရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ငါးမွေးမြူရေးမှာ လွယ်ကူ သည့်နည်းလမ်းဖြစ်ကြောင်း၊ မြစ်ချောင်းအင်းအိုင် များတွင် ငါးမျိုးများ အမြောက်အမြား စိုက်ထည့်ပေးရန် လိုကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို စနစ် တကျ ဆောင်ရွက်နိုင်လျှင် စားနပ်ရိက္ခာ ဖူလုံသည့်အပြင် စီးပွားဖြစ်သည့်အဆင့်သို့ ရောက်ရှိလာမည်ဖြစ်ကြောင်း၊ နှစ်အလိုက် မိုးရွာသွန်းမှုမှာလည်း လျော့နည်းလာသည့် အတွက် ရေကိုအကျိုးရှိရှိ အသုံးပြုရန်လိုကြောင်း၊ ရေကို သိုလှောင်နိုင်ရန်အတွက် ချောင်းပိတ်၊ မြောင်းပိတ် စနစ်များဖြင့်ဆောင်ရွက်ပါက စိုက်ပျိုးရေးနှင့်သောက်သုံးရေ ရရှိမည်ဖြစ်ကြောင်း၊ ယင်းသို့ ဆောင်ရွက်မှုသည် ရာသီ ဥတုကို ထိန်းသိမ်းရာလည်း ရောက်ပါကြောင်း၊ စိုက်ပျိုး

> **တိုင်းပြည်စားနပ်ရိက္ခာ ဖူလုံရေးမှာ အရေးကြီး၊ မွေးမြူရေးလုပ်ငန်းများကိုလည်း တွန်းအားပေးဆောင်ရွက်ရန် လိုအပ်၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးအတွက် ရေမြေနှင့် အခြေခံကောင်းများ ရှိ၊ ယင်းကို အကျိုးရှိရှိ အသုံးချရန် လို၊ မွေးမြူရေးလုပ်ငန်းကို နည်းစနစ်ကျသည့် မွေးမြူရေးစနစ်ဖြင့် ဆောင်ရွက်သွားရန် လို၊ တိုင်းပြည်အတွက် စားနပ်ရိက္ခာပေါများရေး ဆောင်ရွက်ရမည်ဖြစ်။**

ရေရရှိရေးအတွက် မြစ်ကြီးများအပြင် ချောင်း၊ မြောင်းများတွင် စီးဆင်းနေသည့်ရေများကိုလည်း ထိန်းသိမ်းရန်လိုအပ်ကြောင်း၊ စိုက်ပျိုးရေးအတွက် မြစ်ရေတင်စီမံကိန်းများကို ပြန်လည်ဆောင်ရွက်ရန်လိုကြောင်း၊ ရောဝတီမြစ်ကြောင်း တစ်လျှောက်တွင် ပြည့်ဖြိုးမြဲစွမ်းအင်ဖြစ်သည့် ဆိုလာလျှပ်စစ်စီမံကိန်းများကို မြစ်ရေတင်စီမံကိန်းများအတွက် ဆောင်ရွက်နိုင်မည်ဆိုပါက မြစ်ကြောင်းတစ်လျှောက်မှ ကျေးရွာများလည်း စိုက်ပျိုးရေရရှိမည့်အပြင် လျှပ်စစ်မီးသုံးစွဲနိုင်မည် ဖြစ်ပါကြောင်း၊ ရောဝတီမြစ်ကြီးကိုလည်း ဝိုင်းဝန်းထိန်းသိမ်းရန် လိုအပ်ကြောင်း။

**အခမဲ့ကျန်းမာရေးစောင့်ရှောက်မှု ရန်ပုံငွေ**

အားကစားကဏ္ဍတွင်လည်း တစ်နှစ်နီးပါး ရပ်ဆိုင်းနေသည့် အားကစားပွဲများကို ပြန်လည်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ အားကစားနည်းများတွင် မြန်မာ့သိုင်းအားကစားနည်းမှာ လူတိုင်းကစားနိုင်ပြီး ကိုယ်ခံပညာအားကစားနည်းဖြစ်သည့်အတွက် နိုင်ငံတော်၏ အားကစားအဖြစ် ဆောင်ရွက်သွားရန်လိုကြောင်း၊ ကျန်းမာရေးကဏ္ဍတွင် စရိတ်မျှပေး ကျန်းမာရေးဆိုသော်လည်း တချို့အပိုင်းများတွင် ဆေးကုသစရိတ် မတတ်နိုင်သည့်အတွက် နစ်နာဆုံးရှုံးမှုများရှိသည်ကို စိတ်မကောင်းဖွယ်ရာ သိရှိရကြောင်း၊ ယင်းကိစ္စအတွက် မိမိတို့လစာထဲမှ သင့်တင့်သည့် သတ်မှတ်နှုန်းထားကို ကျန်းမာရေးစောင့်ရှောက်မှုရန်ပုံငွေသို့ထည့်ဝင်ပြီး ပြည်သူ့ဆေးရုံများတွင် နိုင်ငံ့ဝန်ထမ်းများမှ စတင်ပြီး အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုကို လုပ်ဆောင်ပေးရေး စဉ်းစားရန် လိုအပ်ပါကြောင်း။

စွမ်းအင်ကဏ္ဍတွင်လည်း ပြည်ပမှလောင်စာဆီ တင်သွင်းရေးအတွက် နှစ်စဉ် အမေရိကန်ဒေါ်လာ ၃ ဘီလီယံသုံးစွဲနေရပါကြောင်း၊ လောင်စာဆီ၏ ၅ ရာခိုင်နှုန်းမှာ လျှပ်စစ်မီးရရှိရေးအတွက် အသုံးပြုလျက်ရှိပါကြောင်း၊ကျန်၉၅ရာခိုင်နှုန်းမှာသယ်ယူပို့ဆောင်ရေးနှင့် စက်ရုံ၊ အလုပ်ရုံများတွင် အသုံးပြုလျက်ရှိကြောင်း၊ ထို့ကြောင့် သယ်ယူပို့ဆောင်ရေးကဏ္ဍမှ လောင်စာဆီသုံးစွဲမှုကို လျှော့ချနိုင်ရန် သက်ဆိုင်ရာဝန်ကြီးဌာနများက မြို့တွင်းနှင့် ခရီးတိုသွားသည့် လျှပ်စစ်ကားထုတ်လုပ်နိုင်ရန် ပထမအဆင့် ကြိုးစားရမည်ဖြစ်ကြောင်း၊ ပို့ဆောင်ရေးကဏ္ဍမှာ တိုင်းပြည်အတွက် အရေးကြီးပါကြောင်း၊ ထို့ကြောင့် ရထားလမ်း၊ ကားလမ်းများ အမြန်ဖွင့်လှစ်နိုင်ရေးနှင့် ကောင်းမွန်ရေးကို ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ JICA နှင့် ပူးပေါင်းဆောင်ရွက်နေသည့် ရန်ကုန်-မန္တလေး ရထားလမ်းစီမံကိန်းကို အမြန်ပြီးစီးရေးဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

**အကြံပြုကြိုးစားကြရန်လိုအပ်**

စားအုန်းဆီတင်သွင်းမှုမှာလည်း နှစ်စဉ် အမေရိကန်ဒေါ်လာ သန်း ၅၀၀ ကျော် ရှိပါကြောင်း၊ ယင်းကို လျှော့ချနိုင်ရေးအတွက် မိမိတို့တိုင်းပြည်၌ စားသုံးဆီဖူလုံရေးအတွက် ဆောင်ရွက်မည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာစီမံအုပ်ချုပ်ရေးကောင်စီအဆင့်ဆင့်က ပြည်သူများနားလည်အောင် ရှင်းလင်းပြောကြားပြီး စိုက်ပျိုးရေးကို အားပေးရမည် ဖြစ်ကြောင်း၊ လောင်စာဆီနှင့် စားသုံးဆီ ဝယ်ယူမှုကို လျှော့ချနိုင်မည်ဆိုပါက လိုငွေပြမှုကို လျှော့ချနိုင်မည် ဖြစ်ကြောင်း၊ ယခုကော်မတီတွင် ပါဝင်ကြသည့် တာဝန်ရှိပုဂ္ဂိုလ်များက တိုင်းပြည်စီးပွားရေးနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အကြံပြုကြိုးစားကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးဝင်းရှိန်၊ ဦးတင်ထွဋ်ဦး၊ ဦးအောင်နိုင်ဦး၊ ဦးအောင်သန်းဦး၊ ဦးရွှေလေးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာဒေါ်သီတာဦးတို့က စာချုပ်လက်မှတ်ရေးထိုးခွင့်ပြုရန်ကိစ္စ၊ ခန့်အပ်ခွင့်ပြုရန်ကိစ္စ၊ သဘောတူညီချက်တွင် ပါဝင်လက်မှတ်ရေး ထိုးခွင့်ပြုရန်ကိစ္စ၊ ကင်းလွတ်ခွင့်ပြုရန်ကိစ္စ၊ ဆက်လက်တာဝန်ထမ်းဆောင်ရန် သက်တမ်းတိုးမြှင့်ခြင်းကိစ္စရပ်များကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးတင်ထွဋ်ဦး၊ ဦးချစ်နိုင်၊ ဦးဝင်းရှိန်၊ ဦးမြင့်ကြိုင်၊ ဒေါက်တာသက်ခိုင်ဝင်း၊ ဒေါက်တာပွင့်ဆန်း၊ ဦးအောင်သန်းဦး၊ ဒေါက်တာညွန့်ဖေ၊ ဦးမောင်မောင်အုန်း၊ ဒေါက်တာသက်သက်ခိုင်၊ ဦးစောထွန်းအောင်မြင့်နှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာဒေါ်သီတာဦးတို့က တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြစ်ချောင်း၊ အင်းအိုင်၊ ဆည်များတွင် ငါးမျိုးများ စိုက်ထည့်သွားမည့်အခြေအနေ၊ သတင်းထုတ်ပြန်ရေးကိစ္စ၊ နိုင်ငံတော်ဘဏ္ဍာငွေ စနစ်

တကျသုံးစွဲရေးကိစ္စ၊ လူမှုဖူလုံရေးထောက်ပံ့ငွေနှင့် ဆေးရုံများတွင် ကျန်းမာရေးစောင့်ရှောက်မှုပေးနေသည့်အခြေအနေ၊ COVID-19ကာကွယ်ဆေး ဆက်လက်ထိုးနှံရေးကိစ္စ၊ စားအုန်းဆီတင်သွင်းမှု လျှော့ချရေးကိစ္စ၊ အခြေခံကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေး ကြိုတင်ပြင်ဆင်နေမှုအခြေအနေ၊ ရေအားလျှပ်စစ်စီမံကိန်းများ ဆောင်ရွက်သွားမည့်ကိစ္စ၊ အာဆီယံခရီးသွားလုပ်ငန်းစာချုပ်တွင် မြန်မာနိုင်ငံပါဝင်လက်မှတ်ရေးထိုးရေးကိစ္စ၊ လူမှုကာကွယ် စောင့်ရှောက်ရေးကိစ္စနှင့် တိုင်းရင်းသားအထိမ်းအမှတ် ပွဲတော်များကျင်းပသွားရေးကိစ္စတို့နှင့် စပ်လျဉ်း၍ တင်ပြဆွေးနွေးကြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ဝန်ထမ်းများ ခန့်ထားရေးနှင့်ပတ်သက်၍ နိုင်ငံတော်အပေါ် ကျေးဇူးသစ္စာစောင့်သိသူများကို ရွေးချယ်ခန့်ထားရန်နှင့် ဝန်ထမ်းများအား ကျောသားရင်သားမခွဲခြားဘဲ ညီညွတ်မျှတစွာဖြင့် အုပ်ချုပ်ရန်လိုအပ်ကြောင်း၊ ဌာနများတွင် လုပ်ငန်းတာဝန်ကျေပွန်သူများကို အားပေးချီးမြှောက်၍ ဝန်ထမ်းစည်းကမ်း ဖောက်ဖျက်သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူရန်လိုကြောင်း၊ ပြည်သူများအနေဖြင့် ဆီစားသုံးမှုကို လျှော့ချပြီး စားသုံးမှုပုံစံပြောင်းခြင်းဖြင့် ကျန်းမာရေးကို အထောက်အကူပြုနိုင်ကြောင်း၊ တရားမဝင်လမ်းကြောင်းများမှ စားသုံးဆီများနှင့် ကုန်ပစ္စည်းများ တင်သွင်းမှုများကို ထိရောက်စွာတားဆီးခြင်းဖြင့် နိုင်ငံ့အခွန်ငွေတိုးတက်မှုကို အထောက်အကူပြုစေနိုင်ကြောင်း။

**အကျိုးရှိအောင်ဆောင်ရွက်**

ဝန်ကြီးဌာနများအနေဖြင့် သက်ဆိုင်ရာကဏ္ဍအလိုက် ယခုထက် ပိုမိုတိုးတက်စေရန် သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို အားပေးဆောင်ရွက်သွားရန်လိုကြောင်း၊ ရပ်နားထားသည့် စက်ရုံ၊ အလုပ်ရုံများကိုလည်း ပြန်လည် လည်ပတ်နိုင်ရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အရှုံးပေါ်နေသည့် လုပ်ငန်းများနှင့်ပတ်သက်၍ ပြန်လည်သုံးသပ်ပြီး အကျိုးရှိအောင် ဆောင်ရွက်ရန်လိုကြောင်း၊ ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်တည်ငြိမ်ရေးနှင့်လုံခြုံရေးကိုထိခိုက်စေမည့်ကိစ္စရပ်များအား လူမှုကွန်ရက်စာမျက်နှာများတွင် ဖော်ပြခြင်းများ မရှိစေရေး ထိန်းသိမ်းကြပ်မတ် ဆောင်ရွက်သွားရန်လိုကြောင်း၊ ဒီမိုကရေစီသည် ဥပဒေနှင့် ညီညွတ်မှသာ တန်ဖိုးရှိသဖြင့် မိမိတို့ဖော်ဆောင်နေသည်မှာ တန်ဖိုးရှိသည့် ဒီမိုကရေစီစနစ်သာဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများအား နိုင်ငံတော်ဘဏ္ဍာငွေမှ ထုတ်ချေးထားသည့် ၂ လစာချေးငွေများ ပြန်လည်ပေးဆပ်ရန်အတွက် ကာလတစ်ခုအထိ ဆိုင်းငံ့ပေးထားမည်ဖြစ်ကြောင်း၊ နေပြည်တော်သည် မိမိတို့နိုင်ငံ၏ မြို့တော်ဖြစ်သဖြင့် ယခုထက် ပိုမိုတိုးတက်စည်ကားအောင် ကြိုးပမ်းဆောင်ရွက်ရန်လိုကြောင်း၊ မိမိတို့နိုင်ငံ၏ အချက်အချာကျသောနေရာတွင် တည်ထားခြင်းကြောင့် ပညာသင်ကြားရေးအပါအဝင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများအပြင် အခြားသော သဘာဝပတ်ဝန်းကျင်မထိခိုက်စေနိုင်သည့် စက်ရုံ၊ အလုပ်ရုံများအား ဖွင့်လှစ်နိုင်ရေး ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံသူများအား ဖိတ်ခေါ်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ နေပြည်တော်၌ အများပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် ဉာဏ်တော်စာပေရှိကမ္ဘာ့အကြီးဆုံးစကျင်ကျောက်ဆစ်ရုပ်ပွားတော်ကြီးအား တည်ထားကိုးကွယ်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ နေပြည်တော် ပြည်ထောင်စုနယ်မြေ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားလုံးက ဝိုင်းဝန်းဆောင်ရွက်သွားရန် လိုအပ်ကြောင်းဖြင့် မှာကြားခဲ့သည်။

# လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီ (၁/၂၀၂၁) အစည်းအဝေးတွင် ပြောကြားသည့် အမှာစကား

(၂၆-၂-၂၀၂၁)



လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီ (၁/၂၀၂၁) အစည်းအဝေးကို ဖေဖော်ဝါရီလ ၂၆ ရက်နေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်၊ မန်းငြိမ်းမောင်နှင့် Jeng Phang နော်တောင်၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်၊ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးမြင့်ကြိုင်နှင့် ဦးခင်မောင်ရီ၊ ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာဒေါ်သီတာဦး၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဗိုလ်ချုပ်မြင့်နွယ်၊ ဒုတိယဗိုလ်ချုပ်ကြီး သန်းလှိုင်နှင့် ဗိုလ်ချုပ်စိုးတင့်နိုင်၊ မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဝင် ဦးမျိုးအောင်နှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

အစည်းအဝေးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ကော်မတီ ၅ ခု ဖွဲ့စည်းထားကြောင်း၊ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီမှာ လုံခြုံရေး၊ တည်ငြိမ်ရေး၊ တရားဥပဒေစိုးမိုးရေးအတွက်ဆိုသော်လည်း စီမံခန့်ခွဲမှုအပိုင်းများပိုများသည်ကိုတွေ့ရှိရကြောင်း၊ ဥပဒေများပြဋ္ဌာန်းရာတွင် ခေတ်ကာလနှင့် လျော်ညီသည့် အသုံးအနှုန်းများ၊ နိုင်ငံတော်၏ ပကတိအခြေအနေနှင့်ကိုက်ညီသည့် အခြေအနေများ၊ နိုင်ငံတကာဆက်ဆံရေးမူဝါဒအပေါ် ရပ်တည်မှုရှိ/ မရှိ သေချာစိစစ်ပြီး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဥပဒေသည် ရှင်းလင်းလွယ်ကူပြီး ပြည်သူများနားလည်ရန်လိုအပ်ပါကြောင်း၊ ဥပဒေ၊ နည်းဥပဒေနှင့် အမိန့်ကြေညာချက်များ ထုတ်ပြန်ရာတွင် ပြည်ထောင်စုဝန်ကြီးဌာနအချင်းချင်း တိုင်ပင်ဆွေးနွေးပြီး ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ တင်ပြဆွေးနွေးရန်လိုကြောင်း။

မြို့ရွာများ တိုးချဲ့ပြင်ဆင် ဆောင်ရွက်ရာတွင် ဒေသခံပြည်သူများ၏ သဘောထားအမှန်ကို အနီးစပ်ဆုံး

သိရှိရန် ဆောင်ရွက်ပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အသင်းအဖွဲ့များ ဖွဲ့စည်းခြင်း၊ ပြင်ဆင်ခြင်း၊ သက်တမ်းတိုးခြင်း၊ ဖျက်သိမ်းခြင်းကိစ္စရပ်များကို ဝန်ကြီးဌာနများအနေဖြင့် သေချာစိစစ်ဆောင်ရွက်ရန်လိုကြောင်း၊ တရားမဝင်အသင်းအဖွဲ့များလည်း ရှိနေကြောင်း၊ အသင်းအဖွဲ့များနှင့် စပ်လျဉ်း၍ ဥပဒေနှင့်ညီညွတ်ရန် လိုကြောင်း၊ အသင်းအဖွဲ့တစ်ခု ရပ်တည်ရန်မှာ ရန်ပုံငွေ လိုအပ်ပြီး ယင်းရန်ပုံငွေမည်သို့ စီးဝင်နေသည်ကို ကြည့်ရမည်ဖြစ်ကြောင်း၊ အဆိုပါကိစ္စရပ်ကို ဝန်ကြီးဌာနများက စနစ်တကျ စိစစ်ဆောင်ရွက်ရန်လိုကြောင်း။

သစ်တောကဏ္ဍမှာ ၁၉၉၅ ခုနှစ် သစ်တောမူဝါဒ ရှိကြောင်း၊ သစ်တောနှင့်ပတ်သက်၍ သက်ဆိုင်ရာ ဝန်ကြီးဌာနအပြင် တိုင်းဒေသကြီး ပြည်နယ်ကောင်စီများက သစ်တောမူဝါဒနှင့်အညီ မှန်မှန်ကန်ကန် ထိန်းသိမ်းရန်လိုကြောင်း၊ မိမိတို့ နိုင်ငံတွင်လည်း သစ်တောပြုန်းတီးမှုကြောင့် ရာသီဥတု ပြောင်းလဲမှုများ ဖြစ်ပေါ်နေကြောင်း၊ သစ်တောပြုန်းတီးမှု အချို့မှာ စိုက်ပျိုးရေးလုပ်ငန်းများ ရွှေ့ပြောင်းလုပ်ကိုင်နိုင် ရန် နေရာအတွက် ခုတ်ထွင်ခြင်း၊ တောင်ယာစိုက်ပျိုးနိုင်ရန်အတွက် ခုတ်ထွင်ခြင်း၊ ထင်းခုတ်ခြင်း၊ မီးသွေးဖုတ်ခြင်းတို့ကြောင့်ဖြစ်ကြောင်း၊ သို့ဖြစ်၍ နောင်ကာလတွင် ကျေးရွာများ၌ သစ်သုံးစွဲမှု၊ ထင်းသုံးစွဲမှုတို့ကိုတွက်ချက်ပြီး ကျေးရွာပိုင်စိုက်ခင်းများကို မဖြစ်မနေစိုက်ပျိုးနိုင်ရန်အတွက် စနစ်တကျ ဆောင်ရွက်သွားရန်လိုကြောင်း၊ သစ်ထုတ်လုပ်မှုနှင့်ပတ်သက်၍လည်း နိုင်ငံအတွက် လိုအပ်ချက်ကိုသာ ထုတ်လုပ်ရမည်ဖြစ်ပြီး တစ်ဖက်ကလည်း သစ်တောထိန်းသိမ်းရေးမူဝါဒချမှတ်ပြီး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ သစ်တောထိန်းသိမ်းမှုနှင့်ပတ်သက်ပြီး မိမိတို့စနစ်တကျ ထိန်းသိမ်းနိုင်မှသာလျှင် ကောင်းမွန်သည့် အကျိုးဆက်ကို နောင်မျိုးဆက်များ ခံစားရမည်ဖြစ်သည့်အတွက် သစ်တောနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများကို မဖြစ်မနေဆောင်ရွက်ရမည်ဖြစ်ကြောင်း။

လက်ရှိ ကာလတွင်လည်း သစ်တောကြိုးဝိုင်းအတွင်းသို့ ဝင်ရောက်ကျူးကျော်မှုများကို ရင်ဆိုင်နေရဆဲဖြစ်ကြောင်း၊ ပုဂ္ဂလိကသစ်တောစိုက်ခင်းများနှင့် ပတ်သက်၍ စိုက်ပျိုးရန် ခွင့်ပြုချက် ရယူထားသူများသည် အမှန်တကယ် စိုက်ပျိုးရန်လိုအပ်ကြောင်း၊ တချို့မှာစိုက်ပျိုးရန် ခွင့်ပြုချက်ရယူထားသော်လည်း အမှန်တကယ် စိုက်ပျိုးခြင်းမရှိကြောင်း၊ သစ်တောစိုက်ပျိုးရန် မြေပြုပြင်ခြင်း ဆောင်ရွက်သည်ဟု အကြောင်းပြချက်ဖြင့် မူရင်းနေရာတွင်ရှိနေသည့် သစ်ပင်များကို ခုတ်ထွင်ရှင်းလင်းထုတ်ယူပြီး ထပ်မံစိုက်ပျိုးမှုမရှိသည်ကို သိရကြောင်း၊ ထို့ကြောင့် မြေယာပြဿနာများ ဖြစ်လာကြောင်း၊ နိုင်ငံပိုင်သစ်တောစိုက်ခင်း၊ စုပေါင်းသစ်တောစိုက်ခင်း၊ ပုဂ္ဂလိကသစ်တောစိုက်ခင်းများကို စနစ်တကျ ထိန်းသိမ်းရန် လိုကြောင်း။

မြေယာကိစ္စပြဿနာအချို့မှာ တစ်ချိန်က ရှင်းလင်းဆောင်ရွက်ပြီးသော်လည်း ခေတ်ကာလမြေတန်ဖိုးပြောင်းလဲလာမှုကြောင့် ဖြစ်ပါကြောင်း၊ မြေယာလျော်ကြေးငွေမှာ ငွေကျပ်ဘီလီယံချီရှိကြောင်း၊ သို့ဖြစ်၍ မြေယာကိစ္စကို မူဝါဒနှင့်အညီ စနစ်တကျဆောင်ရွက်ရန်လိုကြောင်း၊ တပ်မတော်အနေဖြင့်လည်း မူဝါဒ ၄ ရပ်နှင့် အညီ ဧကတစ်သိန်းကျော် စွန့်လွှတ်ပြီးဖြစ်ကြောင်း၊ ဝန်ကြီးဌာနများအနေဖြင့်လည်း အသုံးမပြုသည့် မြေယာများကို စနစ်တကျ ပြန်လည်စွန့်လွှတ်၍ နိုင်ငံတော်ကို အပ်နှံရမည်ဖြစ်ကြောင်း၊ ယခုကော်မတီအနေဖြင့် ဆောင်ရွက်ရမည့်ကိစ္စရပ်များကို အချက်အလက်ခိုင်ခိုင်မာမာတင်ပြပြီး လုံခြုံရေး၊ တည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးရေးတို့အတွက် ဝိုင်းဝန်းဆောင်ရွက်သွားကြရန် လိုကြောင်း ပြောကြားသည်။

ယင်းနောက် လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီ အတွင်းရေးမှူး ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်က ကော်မတီဖွဲ့စည်းမှုနှင့် လုပ်ငန်းတာဝန်များကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်နှင့် မန္တလေးတိုင်း ဒေသကြီး စီမံအုပ်ချုပ်ရေး ကောင်စီဝင် ဦးမျိုးအောင်တို့က လုံခြုံရေး၊ မှုခင်းဆိုင်ရာ၊ ဥပဒေ၊ နည်းဥပဒေ၊ မူဝါဒနှင့် အမိန့်ကြော်ငြာစာကိစ္စရပ်များ၊ သစ်တောမြေပယ်ဖျက်ခြင်းဆိုင်ရာ ကိစ္စရပ်များနှင့် လုံခြုံရေး၊ တည်ငြိမ်အေးချမ်း ရေးနှင့် တရားဥပဒေစိုးမိုးရေး ဆိုင်ရာကိစ္စရပ်များ၊ ဥပဒေရေးရာကိစ္စရပ်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များဖြစ်ကြသည့် မန်းငြိမ်းမောင်နှင့် Jeng Phang နော်တောင်၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးခင်မောင်ရီနှင့် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာ ဒေါ်သီတာဦးတို့က ရပ်ကွက်၊ ကျေးရွာစီမံခန့်ခွဲရေးကောင်စီများတွင် ရပ်ရွာ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် ဌာနဆိုင်ရာဝန်ထမ်းများပါ ထည့်သွင်းဖွဲ့စည်းရေး၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးကောင်စီများ၊ အဖွဲ့ဝင်များနှင့် ရပ်ကျေးဥက္ကဋ္ဌများတာဝန်ပေးအပ်ရာတွင် ဒေသတည်ငြိမ်အေးချမ်းရေးအတွက် ဆောင်ရွက်နိုင်သူ များကို ရွေးချယ်ခန့်အပ်ရေး၊ သက်ဆိုင်ရာကောင်စီ အဆင့်ဆင့် အထောက်အကူပြုရေးအဖွဲ့များ ဖွဲ့စည်းပေး ရေး၊ CDM ဆောင်ရွက်မှုတွင် မပါဝင်သူများအား အကာ အကွယ်ပေးရေး၊ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး၊ ကြိုးဝိုင်း၊ ကြိုးပြင်သဘာဝဘေးမဲ့တောများ တည်ထောင် ရေး၊ ကျေးရွာသုံးထင်းစိုက်ခင်းများ တည်ထောင်ရေး၊ ပုဂ္ဂလိက သစ်တောစိုက်ခင်းများ စိုက်ပျိုးခြင်းမရှိပါက ပြန်လည်သိမ်းဆည်းသွားရေး၊ သစ်တောကျူးများ စာရင်း ကောက်ယူပြီးသစ်တောကြိုးဝိုင်းအတွင်းမှ ပယ်ဖျက်သွား ရေး၊ သီးနှံသစ်တော ရောနှောစိုက်ခင်း တည်ထောင်ရေး၊ ရပ်ရွာတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အတွက် အထောက်အကူပြုအဖွဲ့များ ဖွဲ့စည်းဆောင်ရွက် သွားမည့် အစီအစဉ်များကို ရှင်းလင်းဆွေးနွေး တင်ပြကြ သည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက ဝန်ကြီးဌာနများမှ ဥပဒေ ရေးဆွဲခြင်း၊ ပြင်ဆင်ခြင်းများပြုလုပ်နိုင်ရန်အတွက် ကြိုတင်ပြင်ဆင်နိုင်ရန် ဥပဒေအကြံပေးများ ထားရှိရန် လိုကြောင်း၊ ယာဉ်စည်းကမ်းဖောက်ဖျက်မှုများနှင့် လိုင်စင်မဲ့ယာဉ်များ အသုံးပြုမှုများအား ထိရောက်စွာ အရေးယူနိုင်ရေးအတွက် ပြည်ထဲရေးဝန်ကြီးဌာနက ကြပ်မတ်ဆောင်ရွက်သွားရန်နှင့် သက်ဆိုင်ရာဝန်ကြီး ဌာနများက ပညာပေးလုပ်ငန်းများအား ဝိုင်းဝန်းကူညီ ဆောင်ရွက်သွားရန်လိုကြောင်း၊ မိမိတို့အနေဖြင့် ယခု ကာလသည် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေအရ ဝင်ရောက် ထိန်းသိမ်းဆောင်ရွက်ပေးနေခြင်းဖြစ်ပြီး အုပ်ချုပ်ရေးပိုင်းဆိုင်ရာ စီမံခန့်ခွဲမှုများနှင့်ပတ်သက်၍ စုပေါင်းဦးဆောင်မှုဖြင့် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ ခန့်ထားခြင်းနှင့် ပတ်သက်၍ ကျေးရွာ၊ ရပ်ကွက်များမှသမာဓိရှိသည့် ရပ်မိ၊ ရပ်ဖများ၊ ကျေးရွာအကျိုးအတွက် အမှန်တကယ် ဆောင်ရွက်နိုင်သူများကိုသာ ရွေးချယ်ခန့်ထားစေလို ကြောင်း။

CDM ဆောင်ရွက်မှုနှင့်ပတ်သက်၍ အတိုင်းအတာ တစ်ခုအထိ သည်းခံဆောင်ရွက်ပေးခဲ့ပြီး ယခုအခါ ဆက် လက်၍ စည်းကမ်းဖောက်ဖျက်သည့် နိုင်ငံ့ဝန်ထမ်းများ အား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူ ဆောင်ရွက် သွားမည်ဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်အပေါ် သစ္စာစောင့်သိမှုရှိရန်နှင့် တာဝန်ထမ်း ဆောင်လိုစိတ်ရှိပြီး ယုံကြည်ချက်ခံယူချက်များကောင်း မွန်ရန်လိုကြောင်း၊ သစ်တောများ ပြန်လည်စိုက်ပျိုးရန် ကိစ္စကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ်ခံယူပြီး ဆောင်ရွက်သွားကြရန်လိုကြောင်း၊ သစ်ပင်များ စိုက်ပျိုး ရာတွင် တစ်ပင်စိုက် တစ်ပင်ရှင်သန်စေရန်အတွက် သတ် မှတ်ထားသည့် ပျိုးပင်၏သက်တမ်းနှင့် အရွယ်အစားအား ရွေးချယ်စိုက်ပျိုးရန်လိုကြောင်း၊ ခွင့်ပြုထားသည့် ပုဂ္ဂလိက သစ်တောစိုက်ခင်းများကိုလည်း စည်းကမ်းများနှင့်အညီ စိုက်ပျိုးထားမှု ရှိ၊ မရှိ စိစစ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထင်းသုံးစွဲမှုများနှင့် သစ်ထုတ်လုပ်မှုများကို တတ်နိုင်သမျှ လျှော့ချဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ကျေးလက်ဒေသ များတွင် ထင်းသုံးစွဲမှု လျှော့ချနိုင်ရန်အတွက် လိုအပ်သည့် လျှပ်စစ်ဓာတ်အားများ ထုတ်လုပ်နိုင်ရေးအတွက် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ထုတ်လုပ်ရေးလုပ်ငန်း များ ယခုထက်ပိုမိုတိုးတက်အောင် ဆောင်ရွက်သွားရန် လိုကြောင်း၊ ယခု ကော်မတီ၏တာဝန်နှင့် လုပ်ငန်းများမှာ ကျယ်ပြန့်ပါကြောင်း၊သို့ဖြစ်၍ကော်မတီဝင်များအနေဖြင့် ဘက်ပေါင်းစုံရှုမြင်ပြီး ဆောင်ရွက်ကြစေလိုကြောင်း၊ ကော်မတီနှင့်သက်ဆိုင်သည့်ကိစ္စရပ်များ လတ်တလော ဖြစ်ပေါ်လာပါက ကော်မတီဝင်အချင်းချင်း တိုင်ပင်ဆွေး နွေးကြရန်လိုကြောင်း၊ အကြောင်းအရာတစ်ခုချင်းစီအား လေးလေးနက်နက်ဖြင့် အမှားအယွင်းမရှိအောင် ဂရုစိုက် ဆောင်ရွက်ကြရန်လိုကြောင်းနှင့် အဆင့်ဆင့်တင်ပြ၍ ဆုံးဖြတ်ချက်ရယူသွားရန်လိုကြောင်း မှာကြားသည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

# ပေးပို့ခဲ့သည့် သဝဏ်လွှာများ

# ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၇ ရက်နေ့တွင် ကျရောက်သော (၇၄) နှစ်မြောက် ရှမ်းပြည်နယ်နေ့သို့ ပေးပို့သည့်သဝဏ်လွှာ
## (၇-၂-၂၀၂၁)

**ချစ်ခင်လေးစားအပ်ပါသော ရှမ်းပြည်နယ်အတွင်းရှိ သွေးချင်းတိုင်းရင်းသား မိဘပြည်သူညီအစ်ကိုမောင်နှမများ ခင်ဗျား –**

ယနေ့ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်တွင် ကျရောက်သည့် (၇၄) နှစ်မြောက် ရှမ်းပြည်နယ်နေ့ အခါသမယတွင် ရှမ်းပြည်နယ်အတွင်းရှိ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းတို့ဖြင့် ကိုယ်စိတ်နှလုံးရွှင်ပြုံးနိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်း မေတ္တာပို့သအပ်ပါသည်။

၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်နေ့ကို ရှမ်းပြည်နယ်နေ့အဖြစ် သတ်မှတ်လာခဲ့သည်မှာ ယနေ့ဆိုလျှင် (၇၄) နှစ်တိုင်ခဲ့ပြီ ဖြစ်ပါသည်။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားလူမျိုးစုအားလုံးသည် ရှေးနှစ်ပေါင်းများစွာကတည်းကပင် အေးအတူပူအမျှ သွေးသားရင်းချာ ညီအစ်ကိုများအဖြစ် အမိမြေပေါ်တွင် အတူတကွ ယှဉ်တွဲနေထိုင်ခဲ့ကြပါသည်။ ထိုသို့ ချစ်ကြည်ရင်းနှီးစွာ နေထိုင်လာခဲ့သော်ငြား ကိုလိုနီနယ်ချဲ့တို့ မြန်မာ့မြေပေါ်သို့ ရောက်ရှိလာချိန်မှစ၍ သွေးခွဲအုပ်ချုပ်မှုများကြောင့် တဖြည်းဖြည်းချင်း တိုင်းရင်းသားစည်းလုံးညီညွတ်မှုပြိုကွဲကာ ၁၉ ရာစုနှောင်းပိုင်း၌ နယ်ချဲ့အင်္ဂလိပ်တို့ သွေးတိုးစမ်း ကျူးကျော်လာခဲ့ပါသည်။ မြန်မာနိုင်ငံအတွင်း အဖိုးတန် သစ်၊ ဝါး၊ ပရဆေးပင်များ ပေါများခြင်း၊ ကောက်ပဲသီးနှံစိုက်ပျိုးရေးလုပ်ငန်းများကောင်းမွန်ခြင်းနှင့် မြေအောက် ရေအောက် သဘာဝသယံဇာတတွင်းထွက်များ ပေါများခြင်းတို့ကြောင့် မြန်မာနိုင်ငံအား စီးပွားရေးစားကျက်နယ်မြေသစ်အဖြစ် လက်ဝါးကြီးအုပ်လိုသည့် ကိုလိုနီနယ်ချဲ့တို့သည် ကျူးကျော်စစ်ပွဲများ ဆင်နွှဲကာ အတင်းအဓမ္မသိမ်းပိုက်ခဲ့ကြပါသည်။

ထိုသို့ နယ်ချဲ့တို့၏ မတရားကျူးကျော်ပြုမူခြင်းများကို မြန်မာပြည်အရပ်ရပ်မှ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက တွန်းလှန်ခဲ့ကြရာတွင် မိုးနဲစော်ဘွား၊ မိုင်းပွန်စော်ဘွား၊ မိုင်းနောင်စော်ဘွား၊ မောက်မယ်စော်ဘွား၊ ကျိုင်းတုံစော်ဘွားနှင့် ရပ်စောက်စော်ဘွားစသည်တို့ဦးဆောင်သည့် ရှမ်းတိုင်းရင်းသားများကလည်း မြန်မာတိုင်းရင်းသားများနှင့် တစ်သွေးတည်း တစ်သားတည်း လက်တွဲ၍ နယ်ချဲ့များအား တွန်းလှန်တိုက်ထုတ်ခဲ့ကြပါသည်။

ရှမ်းပြည်နယ်သည် မြန်မာနိုင်ငံ၏ အကြီးမားဆုံးပြည်နယ်တစ်ခုဖြစ်သကဲ့သို့ အေးချမ်းသာယာလှပပြီး တောတောင်ရှုခင်းများနှင့် ပြည့်နှက်လျက်ရှိသည့် ပြည်နယ်တစ်ခုလည်း ဖြစ်ပါသည်။ သဘာဝကဖန်တီးပေးထားသည့် မြစ်ချောင်းအင်းအိုင်များ၊ ရေထွက်ခေါ်

စမ်းရေပေါက်များနှင့် ရေပူစမ်းများ၊ လိုဏ်ဂူများ၊ တန်ခိုးကြီး ဘုရားများသည် ကမ္ဘာလှည့်ခရီးသွားများကို ဆွဲဆောင်လျက်ရှိပါသည်။ ရှမ်းပြည်နယ်အတွင်း မတူကွဲပြားသည့် တိုင်းရင်းသားမျိုးစုံနေထိုင်လျက် ရှိသော်ငြား အားလုံးသည် ပြည်ထောင်စုဖွား တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ ဖြစ်ကြပါသည်။ မိမိတို့ ညီအစ်ကိုမောင်နှမများသည် တစ်ဦးနှင့်တစ်ဦး ယုံကြည်စိတ်ချမှုကို အခြေခံလျက် စည်းလုံးညီညွတ်မှုကို တည်ဆောက်ပြီး တိုင်းပြည်ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်သွားကြဖို့ လိုအပ်ပါသည်။ ရှိရင်းစွဲ နယ်မြေအေးချမ်းတည်ငြိမ်မှုများကို ယခုထက်မက ပိုမိုတည်ငြိမ်အေးချမ်းအောင် အားထုတ်ကြိုးပမ်းမှသာ မြင့်မားသော လူ့အသိုက်အဝန်းတစ်ခုကို ဖန်တီးနိုင်မည်ဖြစ်ပါသည်။

တပ်မတော်အနေဖြင့်လည်း ရှမ်းပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ စီးပွားရေး၊ အမျိုးဘာသာ သာသနာရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် မူးယစ်ကင်းစင်စေရေး အစရှိသော ကဏ္ဍပေါင်းစုံတွင် တတ်စွမ်းသရွေ့ ကူညီဆောင်ရွက်ပေးလျက်ရှိပါသည်။

ဗိုလ်ချုပ်အောင်ဆန်း၏ ဦးဆောင်မှုနှင့်အတူ အမြော်အမြင်ကြီးမားလှသောတိုင်းရင်းသားခေါင်းဆောင်ကြီးများ၏ စစ်မှန်သော ပြည်ထောင်စုစိတ်ဓာတ်အမြင်ကြောင့် လွတ်လပ်ရေး ရှေ့ပြေးဖြစ်သည့် ပင်လုံစာချုပ်ကို ညီညွတ်မှုအရင်းတည်၍ ချုပ်ဆိုနိုင်ခဲ့ပါသည်။ မျိုးဆက်သစ် ရှမ်းတိုင်းရင်းသားများအနေဖြင့် လွတ်လပ်ရေးကို တန်ဖိုးထားပြီး ပြည်ထောင်စုစိတ်ဓာတ်ကို ရင်ဝယ်ပိုက်သော ကိုယ်ကျိုးမဖက်ဘိုးဘေးစဉ်ဆက် ရှမ်းတိုင်းရင်းသားခေါင်းဆောင်ကြီးများ၏ သန့်စင်မွန်မြတ်သော မျိုးချစ်စိတ်နှင့် တိုင်းပြည်ချစ်စိတ်များကို အားကျအတုယူကာ လက်ဆင့်ကမ်းအမွေအဖြစ် ခံယူလိုက်နာကျင့်သုံးသွားကြရန် လိုအပ်ပါသည်။ အတိတ်သမိုင်းမှတွေ့ကြုံခဲ့ရသည့် ဖြစ်စဉ်များအပေါ် လက်တွေ့ကျသောအမြင်များ ထားရှိပြီး နားလည်မှု၊ ယုံကြည်မှုကိုယ်စီဖြင့် စစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီးကို ထုဆစ်ပုံဖော်သွားကြရမည်မှာ ကျွန်ုပ်တို့အားလုံး၏ သမိုင်းပေးတာဝန်ပင်ဖြစ်ပါကြောင်း တိုက်တွန်းနှိုးဆော်ရင်း (၇၄) နှစ်မြောက် ရှမ်းပြည်နယ်နေ့ကို ကြိုဆိုဂုဏ်ပြုသဝဏ်လွှာပေးပို့အပ်ပါသည်။

**ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့်**
**တပ်မတော်ကာကွယ်ရေးဦးစီးချုပ်**

GGGG HHHH

# ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ကျရောက်သော (၇၄) နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ ပေးပို့သောသဝဏ်လွှာ (၁၂-၂-၂၀၂၁)

**ချစ်ကြည်လေးစားအပ်ပါသော ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကို မောင်နှမများ ခင်ဗျား -**

ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံသော (၇၄) နှစ်မြောက် ပြည်ထောင်စုနေ့ အခါသမယတွင် ပြည်ထောင်စုဖွား တိုင်းရင်းသားသွေးချင်း ညီအစ်ကို မောင်နှမများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းပြီး ကောင်းကျိုးချမ်းသာအဖြာဖြာနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ သမိုင်းကြောင်းကို ပြန်ပြောင်း သုံးသပ်ကြည့်လျှင် တိုင်းရင်းသားသွေးချင်းများ၏ ချစ်ကြည်စုစည်းမှုကို တည်ဆောက်နိုင်သည့်ကာလများတွင် နိုင်ငံ့အင်အား တောင့်တင်းခိုင်မာ၍ စည်ပင်သာယာဝပြောခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် တိုင်းရင်းသားသွေးချင်းများကြားတွင် စည်းလုံးညီညွတ်မှုလျော့ပါးခဲ့သည့်ကာလများတွင်မူ နိုင်ငံ့အင်အား ဆုတ်ယုတ်ခဲ့ပြီး နောက်ဆုံးတွင် သူ့ကျွန်ဘဝကျရောက်ခဲ့ရသည်ကို ကြုံတွေ့ခဲ့ရပြီး ဖြစ်ပါသည်။ သူ့ကျွန်ဘဝတွင် နယ်ချဲ့အုပ်စိုးသူတို့က ၎င်းတို့၏စိုးမိုးခြယ်လှယ်မှု အခွန့်ရှည်တည်တံ့စေရေးအတွက် တိုင်းရင်းသားသွေးချင်းတို့ကြားတွင် အမျိုးမျိုးသွေးခွဲသပ်လျှိုခဲ့ကြခြင်းကြောင့် တိုင်းရင်းသားများ၏စည်းလုံးညီညွတ်မှုလျော့ပါးခဲ့ရပြီးပြည်ထောင်စုစိတ်ဓာတ် ပြိုကွဲခဲ့ရသည်မှာလည်း သတိပြုဆင်ခြင်ဖွယ် သမိုင်းသင်ခန်းစာတစ်ရပ်ပင် ဖြစ်ပါသည်။

ဆုံးရှုံးခဲ့ရသောနိုင်ငံ့လွတ်လပ်ရေးပြန်လည်ရရှိရန်အတွက် တိုင်းရင်းသားပြည်သူများသည် နိုင်ငံ့တပ်မတော်နှင့်အတူ လက်တွဲကာ အသက်ပေါင်းများစွာပေး၍ မလျှော့သော ဇွဲလုံ့လဖြင့် အခက်အခဲများစွာကို ရင်ဆိုင်ဖြတ်သန်း ကြိုးပမ်းခဲ့ကြပါသည်။ ထိုသို့ကြိုးပမ်းရာတွင် နိုင်ငံ့ခေါင်းဆောင်များ၏ ဖြောင့်မတ်တည်ကြည်သည့် ဦးဆောင်မှုဖြင့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများအကြား ချစ်ကြည်သွေးစည်းမှုနှင့် ပြည်ထောင်စုစိတ်ဓာတ်ကို အခိုင်အမာ ပြန်လည်တည်ဆောက်နိုင်ခဲ့ကြပါသည်။ ယင်းသို့သော ပြည်ထောင်စုစိတ်ဓာတ် အရင်းခံသည့် သွေးစည်းညီညွတ်မှု၏ အထိမ်းအမှတ်သက်သေအဖြစ် တောင်တန်းနှင့် တပေါင်းတစည်းတည်း လွတ်လပ်ရေး ရယူကြရန် သန္နိဋ္ဌာန်ဖြင့် ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၂) ရက်နေ့တွင် ပင်လုံစာချုပ်ကို လက်မှတ်ရေးထိုးနိုင်ခဲ့ကြပါသည်။ ထိုသို့ တိုင်းရင်းသားသွေးချင်းတို့၏ ပြည်ထောင်စုစိတ်ဓာတ်ကို သက်သေထူနိုင်ခဲ့သည့် ဖေဖော်ဝါရီလ (၁၂) ရက်နေ့ကို ပြည်ထောင်စုနေ့အဖြစ် သမိုင်းမော်ကွန်းတင် သတ်မှတ်ဂုဏ်ပြုခဲ့ကြသည်မှာ ယနေ့ဆိုလျှင် (၇၄) နှစ် ပြည့်မြောက်ခဲ့ပြီ ဖြစ်ပါသည်။

**ချစ်ကြည်လေးစားအပ်ပါသော ပြည်ထောင်စုဖွား တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ ခင်ဗျား –**

ပင်လုံစာချုပ်၏ အသီးအပွင့်ရလဒ်အဖြစ် တောင်တန်းနှင့်မြေပြန့်ဒေသများ ညီညွတ်ပေါင်းစည်းပြီး တပ်မတော်နှင့်အတူ မြန်မာ့လွတ်လပ်ရေးကို ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ (၄) ရက်နေ့တွင် ပြန်လည်ရယူနိုင်ခဲ့ကြပါသည်။ ယင်းသို့နိုင်ငံတော်တစ်ဝန်းလုံး စုစုစည်းစည်းဖြင့် လွတ်လပ်ရေးကိုပြန်လည်ရယူပေးနိုင်ခဲ့သည့်ပြည်ထောင်စုစိတ်ဓာတ်ကို တိုင်းရင်းသားသွေးချင်းများအကြား ထာဝစဉ်ကိန်းအောင်း တည်တံ့စေရန် ဆက်လက်ထိန်းသိမ်းကာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး အဓွန့်ရှည်တည်တံ့ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို မမိုတ်မသုန် ဆက်လက်ကြိုးပမ်းသွားကြရမည် ဖြစ်ပါသည်။

လွတ်လပ်ရေးရရှိပြီး မကြာမီမှာပင် အကြောင်းအမျိုးမျိုးကြောင့် ပြည်ထောင်စုစိတ်ဓာတ်ပြိုကွဲကာ စတင်ဖြစ်ပွားခဲ့ရသည့် ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခကို ယနေ့ကာလတိုင်အောင်အပြီးတိုင်မဖြေရှင်းနိုင်သေးခြင်း၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြည်ထောင်စု ငြိမ်းချမ်းရေးကို ခိုင်ခိုင်မာမာ မတည်ဆောက်နိုင်သေးခြင်း တို့ကြောင့် နိုင်ငံတော်၏ဖွံ့ဖြိုးတိုးတက်မှု နှောင့်နှေးနေရသည်ကို တိုင်းရင်းသားညီနောင်များအားလုံး ကောင်းစွာသိမြင်ကြပြီး ဖြစ်ပါသည်။ ပြည်ထောင်စုငြိမ်းချမ်းရေးကို အပြည့်အဝ ဖော်ဆောင်နိုင်ခြင်း မရှိသေးသမျှ ဖွံ့ဖြိုးတိုးတက်မှု၏ အကျိုးတရားများကို ပြည်ထောင်စုသားအချင်းချင်း ဝေမျှခံစားနိုင်ရန် အခွင့်အလမ်းများ နည်းပါးနေဆဲ ဖြစ်ပါသည်။

နိုင်ငံတော်အနေဖြင့် တိုင်းရင်းသားညီနောင်များ အားလုံး တန်းတူခံစားနိုင်မည့် ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသောဖွံ့ဖြိုးတိုးတက်မှုများ ဖော်ဆောင်နိုင်ရန် အတွက် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့်ပြည်ထောင်စု ငြိမ်းချမ်းရေးကို ခိုင်မာသည့်သန္နိဋ္ဌာန်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်ကို တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ (၁၀) ဖွဲ့အထိ လက်မှတ်ရေးထိုးနိုင်ခဲ့ပြီး ဖြစ်ပါသည်။ ထို့ပြင် ဘုံသဘောတူညီချက်များ ရယူနိုင်ခဲ့ပြီး ငြိမ်းချမ်းရေး ရှေ့လုပ်ငန်းစဉ်များကိုပါ သဘောတူ ချုပ်ဆိုနိုင်ခဲ့ပြီး ဖြစ်ပါသည်။

တပ်မတော်အနေဖြင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲပြီး ခိုင်မာသည့် ထာဝရငြိမ်းချမ်းရေးရရှိရေး အတွက် နိုင်ငံတစ်ဝန်းလုံးတွင် နိုင်ငံတော် ကာကွယ်ရေးနှင့် အုပ်ချုပ်မှုဆိုင်ရာ ကိစ္စရပ်များမှအပ စစ်ရေးဆိုင်ရာ လှုပ်ရှားမှုများကို အချိန်ကာလအပိုင်းအခြားဖြင့် ရပ်ဆိုင်းပေးလျက်ရှိပြီး ငြိမ်းချမ်းရေးဆွေးနွေးမှုများကို ပိုမိုထိရောက်စေရန် ဆောင်ရွက်လျက်ရှိပါသည်။

**ချစ်ကြည်လေးစားအပ်ပါသော ပြည်ထောင်စုဖွား တိုင်းရင်းသား ညီအစ်ကိုမောင်နှမများခင်ဗျား –**

အတိတ်သမိုင်း၏ လွတ်လပ်ရေးကြိုးပမ်းမှုတွင် ပြည်ထောင်စုစိတ်ဓာတ်သည် အရင်းခံဖြစ်သလို အနာဂတ် ဒီမိုကရေစီနိုင်ငံတော်ကြီး တည်ဆောက်ရေး၏ အခြေခံအုတ်မြစ်မှာလည်း ပြည်ထောင်စုစိတ်ဓာတ်ပင် ဖြစ်ပါသည်။ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး ညီညွတ်စွာ အချင်းချင်း အပြန်အလှန်ချစ်ခင်လေးစားမှုဖြင့် စည်းလုံးညီညွတ်သည့် ပြည်ထောင်စုကြီး တည်ဆောက်မည်ဟူသော ခိုင်မာသည့်သန္နိဋ္ဌာန်သည် ပြည်ထောင်စုစိတ်ဓာတ်ပင် ဖြစ်ပါသည်။ ငြိမ်းချမ်းတည်ငြိမ်သည့် ဒီမိုကရေစီနိုင်ငံတော်ကြီးကို ပြည်ထောင်စုစိတ်ဓာတ်ဖြင့်သာ ခိုင်ခိုင်မာမာတည်ဆောက်မည်ဖြစ်ရာ အရည်အချင်းမြင့်မား၍ ပြည်ထောင်စုစိတ်ဓာတ်ခိုင်မာသော မျိုးဆက်သစ်များကိုလည်း ပြုစုပျိုးထောင်သွားရမည် ဖြစ်ပါသည်။

အနာဂတ်ဒီမိုကရေစီနိုင်ငံတော်ကြီးကို အောင်မြင်စွာပုံဖော်တည်ဆောက်နိုင်ရေးအတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးအနေဖြင့် တည်ဆဲဥပဒေများကို လေးစားလိုက်နာကြရမည် ဖြစ်ပါသည်။ တည်ဆဲဥပဒေများ၏ အသက်သွေးကြော (Mother Law) သည် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ဖြစ်ရာဖွဲ့စည်းပုံအခြေခံဥပဒေ

ကိုလည်း ထိန်းသိမ်းစောင့်ရှောက်ကြရမည် ဖြစ်ပါသည်။

**ချစ်ကြည်လေးစားအပ်ပါသော ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကို မောင်နှမများ ခင်ဗျား –**

ဒီမိုကရေစီကိုဖော်ဆောင်ရာတွင် နိုင်ငံတော်အတွက်အရေးအကြီးဆုံးသောလုပ်ငန်းသည်ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးပဲ ဖြစ်ပါသည်။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရေးသည် တပ်မတော်၏ အဓိကတာဝန်ဖြစ်သည့်အတွက် နိုင်ငံတော်၏တာဝန်အရပ်ရပ်ကို တပ်မတော်အား လွှဲပြောင်းပေးထားပြီး ဖြစ်ပါသည်။ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးကလည်း ဒီမိုကရေစီကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်နိုင်ရေးအတွက် ဒို့တာဝန်အရေးသုံးပါးကို လက်ကိုင်ထားပြီး တပ်မတော်နှင့်အတူ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားကြရန် အလေးအနက် တိုက်တွန်းလိုပါသည်။

တိုင်းရင်းသားလူမျိုးစုများစွာမှီတင်းနေထိုင်လျက်ရှိသည့် မိမိတို့နိုင်ငံအတွက် အချင်းချင်းသွေးစည်းညီညွတ်မှုရှိမှသာ ပြည်ထောင်စုကြီးမပြိုကွဲဘဲ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲမည်ဆိုသည်ကို အတိတ်သမိုင်းမှ သင်ခန်းစာ ရရှိခဲ့ပြီး ဖြစ်ပါသည်။ အနာဂတ်တွင်လည်း အလားတူပင် တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ကျစ်လျစ်ခိုင်မာသည့် ညီညွတ်သော စုပေါင်းအားကို ဆက်လက်ကြိုးပမ်းတည်ဆောက်သွားကြရမည် ဖြစ်ပါသည်။

မျက်မှောက်ကာလတွင် ကမ္ဘာတစ်ဝန်း၌ ရင်ဆိုင်ကြုံတွေ့နေရသော ကူးစက်မြန်ကမ္ဘာ့ကပ်ရောဂါ COVID-19 ကာကွယ်ထိန်းချုပ် ကုသရေးလုပ်ငန်းများကိုလည်း နိုင်ငံတော်အနေဖြင့် ဘက်ပေါင်းစုံမှ အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိသလို ဆက်လက်၍ အရှိန်အဟုန်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

ကပ်ရောဂါကာလအတွင်း တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝများ ထိခိုက်နစ်နာမှု လျော့ပါးစေရေးနှင့်အတူ ကပ်ရောဂါဘေးအလွန် ကာလတွင်လည်း တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝများ အလျင်အမြန် ပြန်လည်ဖွံ့ဖြိုးတိုးတက်လာစေရေးတို့အတွက် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စည်းကမ်းတကျဆောင်ရွက်သော ညီညွတ်မှုစွမ်းအားဖြင့် ထိထိရောက်ရောက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း လေးနက်စွာ ဆန္ဒပြုလျက် သဝဏ်လွှာပေးပို့အပ်ပါသည်။

**ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့်**
**တပ်မတော်ကာကွယ်ရေးဦးစီးချုပ်**

GGGG HHHH

# မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ (၇၅)နှစ်မြောက် စိန်ရတုအထိမ်းအမှတ်နေ့တွင်ပေးပို့သည့် သဝဏ်လွှာ

(၁၅-၂-၂၀၂၁)

ယနေ့သည် ၁၉၄၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်နေ့က ဗမာ့အသံ (Burma Broadcasting Service – BBS) အမည်ဖြင့် စတင်ခဲ့သည့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ (၇၅) နှစ်မြောက် စိန်ရတုနေ့ ဖြစ်ပါသည်။ လူ့ဘဝသက်တမ်းနှင့် ပြန်လည်ဆန်းစစ်ကြည့်ပါက ၇၅ နှစ်ဆိုသော အရွယ်သည် ဆယ်စုနှစ်ပေါင်းများစွာကို ဖြတ်ကျော်ကာ အခက်အခဲ၊ စိန်ခေါ်မှု၊ ပြောင်းလဲတိုးတက်မှုစသည့် အတွေ့အကြုံဗဟုသုတများစွာ ကြွယ်ဝနေပြီဖြစ်ပါသည်။

"ပြန်ကြားပေးရန်၊ ပညာပေးရန်နှင့် ဖျော်ဖြေပေးရန်" ဟူသော ဆောင်ပုဒ်ဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း နေထိုင်ကြသော တိုင်းရင်းသားပြည်သူလူထု၊ ပြည်ပနိုင်ငံများသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသူ၊ နိုင်ငံသားများနှင့် အခြားပရိသတ်များအတွက် အသိပညာ ဗဟုသုတ၊ အကြားအမြင်နှင့် သတင်းတို့ကို ခေတ်အဆက်ဆက်ရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့သည့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် မြန်မာနိုင်ငံသူ၊ နိုင်ငံသားများ အကြား၌သာမက ကမ္ဘာ့နိုင်ငံသူ၊ နိုင်ငံသားများ၏ စိတ်နှလုံး၌ အမြဲတည်ရှိနေမည်ဖြစ်ပါသည်။

မြန်မာ့အသံလွှင့်လုပ်ငန်းများကို ၁၉၃၆-၁၉၃၇ ခုနှစ်တွင် စတင်စမ်းသပ် အသံလွှင့်ခဲ့သည် ဆိုသော်လည်း လွတ်လပ်သော အမျိုးသားအသံလွှင့်ဌာနတစ်ခု မဟုတ်ခဲ့ကြောင်း တွေ့ရှိရပါသည်။ ၁၉၄၅ ခုနှစ်၊ မတ်လဆန်း၌မူ ရန်ကုန်မြို့၌ မြန်မာ့တော်လှန်ရေးတပ်မတော် အသံလွှင့်ဌာန ထူထောင်ကာ လွတ်လပ်သော အမျိုးသားအသံလွှင့်ဌာနတစ်ခုကို အစပျိုးခဲ့ပါသည်။

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည် ခေတ်အဆက်ဆက်တွင် အမျိုးမျိုးသော စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားကာ ခေတ်မီနည်းပညာများကို အသုံးပြုပြီး ကမ္ဘာနှင့်အညီ ရင်ပေါင်တန်းနိုင်ရေး ပြည်သူ့အကျိုးပြုဝန်ဆောင်မှုလုပ်ငန်းများကို ဆန်းသစ်သော အမြင်သစ်၊ အသွင်သဏ္ဌာန်သစ်များဖြင့် ပြုပြင်ပြောင်းလဲဆောင်ရွက်လျက်ရှိကြောင်း တွေ့ရှိရပါသည်။

၁၉၄၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်နေ့တွင် မြန်မာနိုင်ငံ အသံလွှင့်လုပ်ငန်း "ရန်ကုန်ရေဒီယို" (Rangoon Radio)ကို "ဗမာ့အသံ"(Burma Broadcasting Service – BBS) ဟူ၍ ပြောင်းလဲခေါ်တွင်လာခဲ့ချိန်မှစ၍ ပြည်သူလူထုအတွက် အစီအစဉ်ကဏ္ဍအသစ်များကို တီထွင်ထုတ်လွှင့်ခဲ့ပါသည်။ ဝင်ဒါမီယာ "ဗမာ့အသံ"၊ အိမ်စောင့်အစိုးရလက်ထက်တွင် ပြည်လမ်းအသံလွှင့်ရုံသစ်ကြီးကို ပြောင်းရွှေ့ထုတ်လွှင့်ခဲ့သည့် "မြန်မာ့အသံ"၊ တော်လှန်ရေးအစိုးရခေတ်နှင့် လမ်းစဉ်ပါတီခေတ်များတွင် "မြန်မာ့အသံ"နှင့် ၁၉၇၂ ခုနှစ်တွင် "ပြန်ကြားရေးနှင့် အသံလွှင့်ဦးစီးဌာန"၊ တပ်မတော်အစိုးရခေတ် ၁၉၈၁

ခုနှစ်တွင် “မြန်မာ့ရုပ်မြင်သံကြားနှင့် အသံလွှင့်ဦးစီးဌာန” ၁၉၉၇ ခုနှစ်တွင် “မြန်မာ့အသံနှင့် ရုပ်မြင်သံကြား” အမည်များဖြင့် ပြည်သူအတွက် ပြန်ကြားပေးရန်၊ ပညာပေးရန်၊ ဖျော်ဖြေပေးရန် ရည်ရွယ်ချက်များဖြင့် တာဝန်ထမ်းဆောင်ခဲ့ပါသည်။

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ (၇၅)နှစ်မြောက် အခါသမယတွင်လည်း စိန်ရတုအထိမ်းအမှတ် ဂုဏ်ပြု အစီအစဉ်ပြုလုပ်ပြီး MRTV ၏ အောင်မြင်မှုများကို မှတ်တမ်းတင် ဂုဏ်ပြုတင်ဆက်ခဲ့ပါသည်။ MRTV ၏ (၇၅)နှစ်မြောက် စိန်ရတုအထိမ်းအမှတ်အဖြစ် မြန်မာ့အသံရေဒီယိုကလည်း “Myanmar Radio” အမည်ဖြင့် အင်္ဂလိပ်ဘာသာသီးသန့် FM Channel အသစ်တစ်ခုကို ရန်ကုန်၊ မန္တလေး၊ နေပြည်တော်တို့တွင် ကနဦးနားဆင်နိုင်ရန်ဆောင်ရွက်ခဲ့ပြီး MRTV ရုပ်သံလိုင်းအစီအစဉ်တွင်လည်း အင်္ဂလိပ်ဘာသာဖြင့် သတင်းအစီအစဉ်ကို စတင်ထည့်သွင်း ထုတ်လွှင့်သွားတော့မည်ဖြစ်ပါသည်။

ယနေ့ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ လက်ထက်၌လည်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြား အနေဖြင့် ပြည်သူလူထုသို့ ရည်ရွယ်ချက်များအတိုင်း အရှိန်အဟုန်မပျက် အောင်မြင်စွာ ဆက်လက်ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရပါသည်။ ထို့အတူ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေး ဦးစီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းနှင့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားတို့အနေဖြင့်လည်း ပြည်သူ့ဆက်ဆံရေးတာဝန်၊ ပြန်ကြားရေးတာဝန်များနှင့် မီဒီယာလုပ်ငန်းများကိုအောင်မြင်စွာဆောင်ရွက်လျက်ရှိပါသည်။ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအနေဖြင့် (၇၅)နှစ်မြောက် စိန်ရတုနေ့မှသည် နိုင်ငံတော်အတွက် ထာဝရရှိနေမည့် နိုင်ငံတော်က အားထားရသော၊ ပြည်သူက အားကိုးရသော စတုတ္ထမဏ္ဍိုင် ဖြစ်ပါစေကြောင်း သဝဏ်လွှာ ပါးအပ်ပါသည်။

**ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့်**
**တပ်မတော်ကာကွယ်ရေးဦးစီးချုပ်**

GGGG HHHH

# (၇၃) နှစ်မြောက် ချင်းအမျိုးသားနေ့အခမ်းအနားသို့ ပေးပို့သောသဝဏ်လွှာ
## (၂၀-၂-၂၀၂၁)

**ချစ်ကြည်လေးစားအပ်ပါသော ချင်းပြည်နယ် အတွင်းရှိ တိုင်းရင်းသား မိဘပြည်သူ ညီအစ်ကိုမောင်နှမများ ခင်ဗျား -**

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၀) ရက်နေ့တွင် ကျရောက်သည့် (၇၃) နှစ်မြောက် ချင်းအမျိုးသားနေ့ မင်္ဂလာအခါသမယ၌ ချင်းပြည်နယ်အတွင်းသာမက မြန်မာနိုင်ငံနှင့် ကမ္ဘာ့နိုင်ငံအသီးသီးတွင် ရောက်ရှိနေထိုင်လျက် ရှိကြသော ချင်းတိုင်းရင်းသား ညီအစ်ကိုမောင်နှမများ အားလုံး ကောင်းကျိုးချမ်းသာ မင်္ဂလာအဖြာဖြာနှင့် ပြည့်စုံကြပါစေကြောင်း၊ ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။

ဗြိတိသျှကိုလိုနီနယ်ချဲ့တို့သည် ၁၈၈၅ ခုနှစ်တွင် မြန်မာနိုင်ငံတစ်နိုင်ငံလုံးကို သိမ်းပိုက်ကျွန်ပြုပြီးသည့်နောက် တောင်တန်းနှင့် မြေပြန့်ဒေသများကို သွေးခွဲအုပ်ချုပ်ခဲ့ပါသည်။ ချင်းတိုင်းရင်းသားတို့သည် ကိုလိုနီလက်အောက်ကနေ လွတ်မြောက်ရန် အသက်သွေးချွေး အိုးအိမ်စည်းစိမ်များစွာကို စတေးပြီး ကြိုးပမ်းဆောင်ရွက်ခဲ့ပါသည်။ လွတ်လပ်ရေးရရှိပြီးသည့်နောက် ၁၉၄၈ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၀) ရက်နေ့တွင် ချင်းပြည်နယ်၊ ဖလမ်းမြို့၌ လူထုညီလာခံကျင်းပပြီး တိုက်သူကြီးများ(စော်ဘွားများ) အုပ်ချုပ်သည့်စနစ်မှ ဒီမိုကရေစီအုပ်ချုပ် ရေးစနစ်သို့ ပြောင်းလဲကျင့်သုံးရန် ဆုံးဖြတ်ခဲ့ကြပါသည်။ အုပ်ချုပ်ရေး စနစ်ဟောင်းမှ ဒီမိုကရေစီအုပ်ချုပ်ရေး စနစ်သို့ ပြောင်းလဲရန် ဆုံးဖြတ်ခဲ့သည့် ဖလမ်းမြို့၊ လူထုညီလာခံကျင်းပခဲ့သည့် ဖေဖော်ဝါရီလ (၂၀)ရက်နေ့ကို **“ချင်းအမျိုးသားနေ့”** အဖြစ် ၁၉၅၀ ပြည့်နှစ်၊ အောက်တိုဘာလ (၉) ရက်နေ့တွင် ရန်ကုန်မြို့၌ ကျင်းပသည့် သတ္တမအကြိမ် ချင်းရေးရာကောင်စီညီလာခံက ရွေးချယ်သတ်မှတ် အတည်ပြုခဲ့ပါသည်။ ၁၉၄၈ ခုနှစ်မှ အစပြုပြီး သတ်မှတ်ခဲ့သည့် ချင်းအမျိုးသားနေ့သည် ယခုအခါ (၇၃) နှစ်မြောက် ရှိခဲ့ပြီဖြစ်ပါသည်။ ချင်းအမျိုးသားနေ့သည် ဘာသာစကား၊ ယဉ်ကျေးမှုသမိုင်းအစဉ်အလာနှင့် ရိုးရာ ဓလေ့ထုံးတမ်းအရ တူညီသည့် ချင်းမျိုးနွယ်စုဝင် အားလုံးအတွက် သမိုင်းဝင်နေ့ထူးနေ့မြတ် ဖြစ်ပါသည်။

ချင်းပြည်နယ်သည် သဘာဝပထဝီအနေအထားအရ မြောက်မှတောင်သို့သွယ်တန်းနေသည့် တောင်တန်းများ၊ ရှားပါးအပင်များပေါက်ရောက်ပြီး ရှားပါးသတ္တဝါများ ခိုအောင်းရာ ခေါ်နူးစုမ်တောင်၊ လှပသည့်ရိဒ်ရေကန်၊ ကုလားတန်မြစ်၊ မဏိပူရမြစ်၊ ဘွေနူးမြစ်၊ ဘုံတလာရေတံခွန် စသည့် လှပသည့် သဘာဝအရင်းအမြစ်များ တည်ရှိရာ ပြည်နယ်တစ်ခု ဖြစ်ပါသည်။ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာသည်နှင့်အမျှ သဘာဝခရီးသွားလုပ်ငန်းများ အရှိန်အဟုန်ဖြင့် တိုးတက်လာမည် ဖြစ်ပါသည်။

ချင်းအမျိုးသားနေ့သည် ချင်းပြည်နယ်အတွင်း အုပ်ချုပ်ရေးအာဏာနှင့် အခွင့်အရေးအားလုံးကို စော်ဘွားများ၊ တိုက်သူကြီးများ၊ ရွာသူကြီးများကသာ သားစဉ်မြေးဆက်အမွေဆက်ခံကာ ၎င်းတို့လက်ဝယ် ထားရှိသည့် ပဒေသရာဇ်အမွေ ကိုလိုနီအမွေ ပဒေသရာဇ်အုပ်ချုပ်ရေး စနစ်ဟောင်းအား ဒီမိုကရေစီစနစ်နှင့် အစားထိုးရန် ဆုံးဖြတ်ခဲ့သောနေ့ဖြစ်ပြီး ချင်းမျိုးနွယ်စုဝင် အားလုံးအတွက် လေးနက်သော အဓိပ္ပာယ်ရှိပြီး အနှစ်သာရ ပြည့်ဝသော သမိုင်းဝင်နေ့ထူးနေ့မြတ် ဖြစ်ပါသည်။

ချင်းတိုင်းရင်းသားတို့သည် နယ်ချဲ့ကိုလိုနီနှင့် ဖက်ဆစ်တို့အားဆန့်ကျင်တော်လှန်ရေး၊ နိုင်ငံလွတ်လပ်ရေး ကြိုးပမ်းမှုတို့တွင် အခြားတိုင်းရင်းသားများနှင့်အတူ လက်တွဲပါဝင်ခဲ့ကြပါသည်။ လွတ်လပ်ရေးရပြီးနောက်ပိုင်းတွင်လည်း ချင်းအမျိုးသားများသည် အခြားတိုင်းရင်းသားများနှင့် ကောင်းတူဆိုးဖက်၊ အေးအတူပူအမျှ ပြည်ထောင်စုကြီးအတွင်း အတူတကွလက်တွဲပြီး ညီညီညွတ်ညွတ်နေထိုင်ခဲ့ကြပါသည်။ ချင်းတိုင်းရင်းသား

အနွယ်ဝင် အချင်းချင်းသော်လည်းကောင်း ချစ်ကြည်ရင်းနှီးစွာ နေထိုင်ကြသည့်အတွက် ချင်းအမျိုးသားအများစုတို့နေထိုင်ရာ ချင်းပြည်နယ်သည် ယေဘုယျအားဖြင့် တည်ငြိမ်အေးချမ်းခဲ့ပါသည်။

သို့ဖြစ်ပါ၍ တောင်တန်းထူထပ်ပြီး လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့် ချင်းတောင်တန်းများအပေါ်တွင် ဆက်သွယ်သွားလာရေး အဆင်ပြေစေရေးအတွက် နိုင်ငံတော်အစိုးရအနေဖြင့် လမ်းများအသစ်ဖောက်လုပ်ခြင်းနှင့် အဆင့်မြှင့်တင်ခြင်းများ ဦးစားပေးဆောင်ရွက်လျက်ရှိပါသည်။ အလားတူ ချင်းပြည်နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံပညာကျောင်းများဖွင့်လှစ်ပေးခြင်း၊ အဆင့်တိုးမြှင့်ပေးခြင်း၊ ပညာရေးဆိုင်ရာအဆောက်အအုံများ ပြုပြင်ပေးခြင်းနှင့် ဆရာ/ဆရာမများ တိုးချဲ့ခန့်ထားပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုအတွက် ဆေးရုံ၊ ဆေးခန်းများ တိုးချဲ့ဖွင့်လှစ်ပေးခြင်းနှင့် ဆရာဝန်လိုအပ်မှု ဖြည့်ဆည်းပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

ထို့အပြင် ချင်းပြည်နယ်အနှံ့အပြားတွင် မဟာဓာတ်အားလိုင်းမှလျှပ်စစ်မီးရရှိရေး၊ ဖလမ်းမြို့တွင် ချင်းပြည်နယ်၏ ပထမဆုံးလေယာဉ်ကွင်းတည်ဆောက်ရေးစီမံကိန်းနှင့် ပလက်ဝမြို့တွင် ကုလားတန်မြစ်ဝှမ်းဖွံ့ဖြိုးရေးစီမံကိန်းများကို ဆောင်ရွက်ပေးလျက်ရှိရာ ကဏ္ဍအလိုက် သိသာထင်ရှားသည့် ဖွံ့ဖြိုးတိုးတက်မှုများရရှိနေပြီ ဖြစ်ပါသည်။ ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရနှင့်အတူ ချင်းတိုင်းရင်းသားပြည်သူများကလည်း လက်တွဲကြိုးပမ်းဆောင်ရွက်သွားရန် လိုအပ်မည် ဖြစ်ပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းရင်းသားလူမျိုးအသီးသီးတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများ၊ ယဉ်ကျေးမှုရိုးရာဓလေ့ပွဲတော်များ၊ ဘာသာစကား၊ စာပေနှင့် တိုင်းရင်းသား အခွင့်အရေးများကို ပိုမိုဖွံ့ဖြိုးတိုးတက်စေရန် ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိပါသည်။ ချင်းတိုင်းရင်းသား မျိုးနွယ်စုများအနေဖြင့်လည်း မိမိတို့ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းအစဉ်အလာများ ဖွံ့ဖြိုးတိုးတက်ပြီး မိမိတို့၏ရိုးရာယဉ်ကျေးမှုများ မပျောက်ပျက်အောင် မြှင့်တင် ထိန်းသိမ်းရေး ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါသည်။ မတူညီသော တိုင်းရင်းသားလူမျိုးစုတို့၏ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းနှင့် ဘာသာ၊ စာပေတို့သည် ပြည်ထောင်စု၏ ပဒေသာစုံအလှတရားများပင် ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မိမိတို့၏ ရိုးရာယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းများ၊ ဘာသာစကား၊ စာပေများကို ယခုထက်မကတိုးမြှင့်ပြီး ထိန်းသိမ်းကာကွယ်၍ ပြည်ထောင်စုကြီး၏အလှကိုဖန်တီးပုံဖော်ပေးကြရန် တိုက်တွန်းလိုပါသည်။

ချင်းတိုင်းရင်းသားများအနေဖြင့် ဒေသအလိုက် ဘာသာစကားနှင့် စာပေမတူညီကြသော်လည်း **"မတူကွဲပြားမှုကို စည်းလုံးမှုအင်အားတစ်ရပ်"** (Unity in diversity) အဖြစ် အသုံးချတတ်ပြီး ချင်းပြည်နယ်ကြီး တစ်ခုလုံး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ စွမ်းရည်နှင့် စွမ်းအားရှိသော လူသားအရင်းအမြစ်များ ပိုမိုတည်ဆောက်နိုင်ရန် လိုအပ်ပါသည်။ အစဉ်အလာကြီးမားပြီး ချင်းလူမျိုးများ တစ်လုံးတစ်ဝတည်း စုစည်းစေခဲ့သော အောက်ချင်းငှက်ပမာ သစ္စာရှိမှု၊ ပွင့်လင်းမှု၊ အမှန်တရားကို ချစ်မြတ်နိုးမှုများသည် လက်ရှိချင်းတိုင်းရင်းသားများ၏ ဓလေ့စရိုက်များဖြစ်ပြီး ယင်းစရိုက်ကောင်းများဖြင့် နိုင်ငံတော်ကြီးကို စောင့်ထိန်းကာကွယ်ဖို့ တာဝန်ရှိမည်ဖြစ်ပါသည်။

ပြည်ထောင်စုသားအားလုံးနှင့် တိုင်းရင်းသားပြည်သူအားလုံးတို့က လိုလားတောင့်တနေသည့် ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနှင့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီပြည်ထောင်စု အောင်မြင်စွာ တည်ဆောက်နိုင်ရေးအတွက် တပ်မတော်အနေဖြင့် မြန်မာနိုင်ငံ၏ (၁၀) နှစ်တာ ပါတီစုံဒီမိုကရေစီလမ်းကြောင်းမှာ အမျိုးသားနိုင်ငံရေးကို ဦးထိပ်ထားပြီး ပြည်သူနှင့် လက်တွဲ၍ ဆောင်ရွက်ခဲ့ပါသည်။ ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံးနှင့်အတူ ချင်းတိုင်းရင်းသားညီအစ်ကိုမောင်နှမများအနေဖြင့်လည်း ခိုင်မာသည့် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ဆက်လက်ပူးပေါင်း ကြိုးပမ်းဆောင်ရွက်ပေးကြရန် အလေးအနက်ထားတိုက်တွန်းရင်း သဝဏ်လွှာပေးပို့လိုက်ပါသည်။

**ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့်**
**တပ်မတော်ကာကွယ်ရေးဦးစီးချုပ်**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
## ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေး လုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့် ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

ISBN 978-99971-996-3-8